# THE STRUGGLE

12
JULY
2025

တော်လှန်ရေးသီအိုရီမရှိဘဲ၊ တော်လှန်ရေး လှုပ်ရှားမှု မရှိနိုင်ဘူး(လီနင်)



## အရင်းရှင်နယ်ချဲ့များ ကျားကန်ပေးထားတဲ့

## စစ်အစိုးရ

# THE STRUGGLE

# CONTENTS

JULY 2025

12

တော်လှန်ရေးသီအိုရီမရှိဘဲ၊ တော်လှန်ရေးလှုပ်ရှားမှုမရှိနိုင်ဘူး (လီနင်)


03 စစ်မီးမွှေးတဲ့ အစ္စရေး
အယ်ဒီတာ့အာဘော်

18 The crisis of the regime and the entrance of new imperialist forces

26 ဗမာပြည်မှာ တရုတ်နဲ့ အမေရိကန် ပရောက်စီ စစ်ခင်းတော့မယ်ဆိုတဲ့ ကိစ္စ

33 သမိုင်းကို ဘယ်လို ကြည့်မလဲ

37 "မင်းတို့ပေးတဲ့ လုပ်ခလစာ မလောက်ဘူး၊ မလောက်ဘူး"

46 CDM ဥပဒေ၊ လူတန်းစား တိုက်ပွဲနည်းနာနဲ့ ပက်တီးဘူဇွာ ခေါင်းဆောင်မှု

53 လျှော်ဘေးမှာ ပြည်သူအများ သေရခြင်းရဲ့ လက်သည်တရားခံ

57 Myanmar Earthquake: thousands left to die by military junta

61 အရင်းရှင် နယ်ချဲ့ပါဝါတွေကြား ကြေမွပျက်စီးခဲ့ရတဲ့ ယူကရိန်း

69 အိန္ဒိယ-ပါကစ္စတန် စစ်ပွဲအပေါ် RC-India ၏ သဘောထားထုတ်ပြန်ချက်

72 မာ့(က်စ်)ဝါဒနဲ့ အမျိုးသမီးထု လွတ်မြောက်ရေး တိုက်ပွဲ



EDITORIAL

# စစ်မီးမွှေးတဲ့ အစ္စရေး

၂၀၂၅၊ ဇွန်လ (၁၃) ရက်နေ့မှာ အစ္စရေးက အီရန်ကို လေကြောင်းကနေ စတင် တိုက်ခိုက်ခဲ့တယ်။ အစ္စရေးဘက်က တမင် ရန်စလိုက်တဲ့ “unprovoked” ထိုးစစ်ဆိုတာ ဘယ်သူမှ မငြင်းနိုင်ပါဘူး။ ယူကရိန်းက ရုရှားကို စတင်တိုက်ခိုက်ချိန်မှာ အနောက်က မီဒီယာကြီးတွေ (သူတို့နောက် သံယောင်လိုက်ရတဲ့ ပြည်တွင်း မီဒီယာတွေ) ဘယ်လို အော်ခဲ့ကြလဲ မှတ်မိကြဦးမယ် ထင်တယ်။

“အကြောင်းမဲ့ ရန်စကျူးကျော်မှု၊ ရုရှားရဲ့ နယ်ချဲ့စစ်ပွဲ၊ ယူကရိန်းရဲ့ မိမိကိုယ်ကိုယ် ခုခံကာကွယ်ပိုင်ခွင့်၊ ယူကရိန်းရဲ့အချုပ်အခြာ အာဏာကို လုံးဝ အထိမခံနိုင်၊ နေတိုးစစ်အုပ်စုထဲ ဝင်ရေး မဝင်ရေးဟာ ယူကရိန်းရဲ့ လွတ်လပ်စွာဆုံးဖြတ်ပိုင်ခွင့်၊ ယူကရိန်းဘက်က အပြတ်အသတ် ပံ့အောထောက်ခံရေး၊ ရုရှားကို အပြင်းအထန် အရေးယူရေး”၊ စသဖြင့် အသံဗလံ အစုံ ကြားခဲ့ရလိမ့်မယ်။ တကယ့်လက်တွေ့မှာလဲ ယူအက်(စ်) ခေါင်းဆောင်တဲ့ အနောက် အရင်းရှင်နယ်ချဲ့ဂိုဏ်းက ယူကရိန်းတွေရဲ့ သွေး နောက်ဆုံး တစက်ကျန်သည် အထိဒီစစ်ပွဲကို ပံ့အော ထောက်ပံ့ပေးနေကြဲဆဲ ဖြစ်သလို ရုရှားကိုလဲ အဘက်ဘက်က အပြင်းအထန် ဒဏ်ခတ် အရေးယူထားဆဲ ဖြစ်ပါတယ်။

## အနောက် အရင်းရှင်နယ်ချဲ့ဂိုဏ်း ကြောင်သူတော်ဆန်ပုံ

ယူကရိန်းအရေးမှာ သူတို့ အော်ခဲ့တဲ့ ကြွေးကြော်သံတွေက နောက်ကွယ်က သူတို့ အကျိုးစီးပွားတွေ၊ ရည်ရွယ်ချက် အစစ်အမှန်တွေကို ဖုံးအုပ်ထားဖို့ လူကြားကောင်းရုံ ဟစ်ကြွေးခဲ့တာ မဟုတ်ဘူးဆိုရင် အစ္စရေးက အီရန်ကို တမင်ရန်စ တိုက်ခိုက်လိုက်တဲ့ ဒီဖြစ်ရပ်မှာ သူတို့ ဘယ်လို ရပ်တည်ရမလဲ။ ရှင်းပါတယ်။ ယူကရိန်းဘက်က ရပ်တည်ခဲ့တဲ့၊ ရပ်တည်နေတဲ့ အနောက် အရင်းရှင် အစိုးရတွေဟာ အီရန်ရဲ့ မိမိကိုယ်ကိုယ် ခုခံကာကွယ်ပိုင်ခွင့်ကို လုံးဝ အသိအမှတ် ပြုရမယ်၊ အစ္စရေးကို ဘက်ပေါင်းစုံက ပိတ်ဆို့ အရေးယူရမယ်။

အခုတော့ သူတို့ ရပ်တည်ချက်က ပြောင်းပြန်။ ရန်စ

တိုက်ခိုက်သူ အစ္စရေးဘက်က သူတို့ အပြတ်အသတ် ရပ်တယ်။ လေနဲ့ပဲ ရပ်တည်တာ မဟုတ်ဘူး၊ ကျည်း၊ ရေ၊ လေ စစ်လက်နက် အစုံအလင်နဲ့ အပြတ်အသတ် ကာကွယ်ရပ်တည်ပေးနေတာ။ နှစ်စဉ် ဒေါ်လာ ဘီလျံပေါင်းများစွာ အစ္စရေးကို ထောက်ပံ့ပေးနေတာတွေ မပါသေးဘူး။ ဒီကြားထဲက အီရန်ကို ထိန်းထိန်းသိမ်းသိမ်းလုပ်၊ သည်းညည်းခံ ( restraint လုပ်) ရမယ်လို့ ထပ်တလဲလဲ ပြောကြသေးတယ်။ ဘယ့်လောက် ကြောင်သူတော်ဆန်လိုက်သလဲ။

တကယ်တော့ အီရန်ဘက်က ထိန်းထိန်းသိမ်းသိမ်း လုပ်ခဲ့လို့ အရှေ့အလယ်ပိုင်း ဒေသကြီးတခုလုံး စစ်မီး ပင်လယ်ထဲ ရောက်မသွားသေးတာ။ နတန်ညာဟုဘက်က အဲဒီလမ်းကြောင်းကို တွန်းပို့နေတာ အကြိမ်ကြိမ်။ ၂၀၂၄ ဧပြီ ၁ ရက်နေ့မှာ အစ္စရေးက ဒမတ်စကပ်(စ်)မှာ ရှိတဲ့ အီရန် သံရုံးကို လမ်းကြောင်း တိုက်ခိုက်မှု ပြုလုပ်ခဲ့တယ်။ စစ်ပြိန် တပ်မှူး နှစ်ဦးအပါအဝင် အီရန် ၇ဦး သေဆုံးခဲ့ရတယ်။ အီရန်နဲ့ စစ်မဖြစ်ဖြစ်အောင် အစ္စရေးဘက်က စနစ်တကျ ရန်စလာတဲ့ လုပ်ငန်းစဉ်တွေပဲ။

ဒီလို အစ္စရေးဘက်က စနစ်တကျ ရန်စ တိုက်ခိုက်လာတဲ့ ဖြစ်စဉ်တလျှောက်လုံးမှာ အနောက် အရင်းရှင်နယ်ချဲ့ အစိုးရတွေ၊ လွတ်လပ်ပါတယ်ဆိုတဲ့ အနောက် မီဒီယာကြီးတွေက ဘယ်သူ့ကို ထိန်းထိန်းသိမ်းသိမ်း လုပ်ခိုင်းသလဲ။ အစ္စရေးကို အဲသလို ပြောတာ တခါမှ မတွေ့ရတာ အတော်ထူးဆန်းတယ်။ အမြဲတမ်း အီရန်ပဲ။

"အရှေ့အလယ်ပိုင်း ဒေသကြီး မတည်မငြိမ် ဖြစ်နေရခြင်း၊ အကြမ်းဖက်မှုတွေ ပြည့်နှက်နေရခြင်းရဲ့ အဓိကလက်သည်က အီရန်" လို့ အနောက် အရင်းရှင်နယ်ချဲ့ ဂိုဏ်း (G7) ရဲ့ ထုတ်ပြန်ချက်က ဆိုထားတယ်။ ဒါဆို အစ္စရေးက ငြိမ်းချမ်းရေး ဖော်ဆောင်သူကြီးလားလို့ ဂါဇာ ပြည်သူတွေက မေးကြလိမ့်မယ်။

ဒရမ်မာတိုင်းမှာ သူရဲကောင်းတွေ၊ လူဆိုးတွေ ရှိကြတယ်။စစ်ပွဲတိုင်းမှာလဲ မိစ္ဆာ အင်းအားစုတွေနဲ့ သူတော်ကောင်း အင်အားစုတွေ တိုက်ပွဲဝင်နေကြတယ်လို့ ပြောတတ်ကြတယ်။ လွတ်လပ်ပါတယ်ဆိုတဲ့ မီဒီယာကြီးတွေက အစ္စရေးကို ငြိမ်းချမ်းရေး၊ ဒီမိုကရေစီရေးနဲ့ တရားမျှတမှု ရရှိရေး စွမ်းစွမ်းတမံ အားထုတ်နေသူလို့ ပုံဖော်ပြီး အီရန်ကိုတော့ အရှေ့အလယ်ပိုင်း တခုလုံးက မကောင်းဆိုးဝါးတွေရဲ့ ရေသောက်မြစ်လို ပုံဖော်နေကြတယ်။ [1]

သို့သော်လဲ အဆုံးမတော့ လုံးဝ ဆန့်ကျင်ဖက်လို့ ထင်ရတဲ့ အဲဒီရန်ဖက် အင်အားစု နှစ်ခုလုံးက ကမ္ဘာနဲ့ချီတဲ့ ပျက်ကပ်ကြီး ဖြစ်သွားအောင် အတူတကွ လုပ်ဆောင်နေကြပါရောလား။

## ဇိုင်ယင်နစ်တွေရဲ့ ဦးတည်ချက်

ယူအက်(စ်) အရင်းရှင်နယ်ချဲ့က ***အရင်နဲ့စာရင်*** ပါဝါ အကျဘက်ကို ရောက်လာပြီ။ ဒီအချက်ကို ကျနော်တို့ အမြဲ ထောက်ပြခဲ့တယ်။ အဲသလို အခြေအနေမှာ ဒေသတွင်း နယ်ချဲ့ ပါဝါတွေက သူတို့ရဲ့ အင်အားကို ထုတ်သုံးရဲလာတယ်။ အင်အား ချိန်ခွင်လျှာ အပြောင်းအလဲ ဖြစ်နေခိုက် သူတို့ အကျိုးစီးပွားအတွက် ကစားလာကြတယ်။ အထင်အရှား နမူနာပြရင် တူရကီ၊ အိန္ဒိယနဲ့ အစ္စရေးတို့ပဲ။

အစ္စရေးက အမေရိကန် အထောက်အပံ့နဲ့ ဗိုလ်လုပ်နေရတာမှန်တယ်။ ဒါပေမယ့် အစ္စရေး လုပ်သမျှ အမေရိကန် အကျိုးစီးပွားချည်းလို့ မဆိုနိုင်ဘူး။ ဇွန်လ ၁၅ ရက်နေ့မှာ အမေရိကန် အစိုးရနဲ့ အီရန် အစိုးရတို့ ချူကလိယာ ဆွေးနွေးပွဲလုပ်ဖို့ ရှိတယ်။ နတန်ညာဟုရဲ့ ဇွန် ၁၃ ရန်စ တိုက်ခိုက်မှု

---

*1. ဒီလိုပြောတော့ ရုတ်တရက် လက်ခံချင်မှာ မဟုတ်ဘူး။ မယုံရင် ဘီဘီစီကိုပဲ နမူနာ ပြေးကြည့်လိုက်ပါ။ ဘယ်အဖွဲ့ ဘယ်အဖွဲ့တွေကတော့ အီရန်မွေးထားတဲ့ လက်ကိုင်တုတ်တွေ၊ စစ်သွေးကြွတွေ၊ အဲသလို အသုံးနှုန်းတွေနဲ့ တောက်လျှောက် ဖော်ပြခဲ့တာ တွေ့ရလိမ့်မယ်။ အစ္စရေးကို အမေရိကန် မွေးထားတဲ့ လက်ကိုင်တုတ် သို့မဟုတ် စစ်သွေးကြွလို့ တကြိမ်တခါမျှ ဖော်ပြဖူးသလား ရှာကြည့်ပါ။*



Image- Avash Media,Wikimedia Commons

ကြောင့် ဒီဆွေးနွေးပွဲလဲ ပျက်သွားပြီ။ ဒါဟာ ချိန်သားကိုက် တိုက်ခိုက်မှု ဆိုတာ ထင်ရှားပါတယ်။ အီရန်ရဲ့ နျူကလိယာ လက်နက် ထုတ်လုပ်မယ့် အစီအစဉ်ကို အချိန်မီ ဖျက်စီးဖို့ တိုက်ရတာပါ ဆိုတာ အလိမ်အညာသက်သက်ပဲ။ နတန်ညာဟုက အီရန်နဲ့ စစ်မဖြစ်ဖြစ်အောင် ရန်စ တိုက်ခိုက်ရင်း အမေရိကန်ပါ ဒီစစ်ထဲ ပါလာအောင် ဆွဲသွင်းဖို့ ကြိုးစားလိုက်ခြင်း ဖြစ်တယ်။

နတန်ညာဟုဘက်က ဒီလို ဖြစ်ချင်နေတာ ကြာပြီ။ ဒီအတွက် ဦးတည်ပြီး စနစ်တကျ လုပ်လာတာပဲ။ အီရန်ကို ရန်စ တိုက်ရတဲ့ ဦးတည်ချက်က ဒါပဲ။ သူ့လုပ်ရပ်တွေ ကြည့်လိုက်ရင် ဒီဦးတည်ချက်ကနေ ထွက်ပေါ်လာမှန်း တွေ့ရမယ်။

အပြစ်မဲ့ လူသားပေါင်းများစွာရဲ့ သွေးတွေ ပေကျံနေတဲ့ စစ်ရာဇဝတ်ကောင်လို့ နတန်ညာဟုကို လက်ဝဲဘက်က ဝေဖန်ကြတယ်။ ခြွင်းချက်မရှိ မှန်ကန်ပါတယ်။ ဒါပေမယ့် အမုန်းတရားတွေနဲ့ သွေးစာပြီး လူတွေ လိုက်သတ်နေတဲ့ အရူးကြီးလို့ ပုံဖော်တာကတော့ မှားပါတယ်။

နတန်ညာဟုရဲ့ လုပ်ရပ်တွေက ရာရှင်နယ်မဖြစ်ဘူးလို့ ပြောလို့ မရဘူး။ မုန်းတီးမှုသက်သက်ကြောင့် ဒါတွေ လုပ်နေတာ မဟုတ်သလို ရာရှင်နယ်မကျတဲ့ စိတ်ခံစားမှုကြောင့် လုပ်နေတာလဲ မဟုတ်ဘူး။ တကယ်တော့ သူ့တွက်ကိန်းနဲ့သူ။ ဒီတွက်ကိန်းတွေကလဲ လုံးဝ ရာရှင်နယ် ဖြစ်တယ်။

၂၀၂၄ ဩဂုတ်လ ၂ရက်နေ့မှာ Alan Woods ရေးခဲ့တဲ့ *Middle East crisis: Sleepwalking into the abyss* ဆောင်းပါးထဲမှာ အခုလို သုံးသပ်ထားတယ် -

“နတန်ညာဟုက တုန်လှုပ်ခဲတဲ့ ကိုယ်ကျိုးကြည့် သက်သက် နိုင်ငံရေးသမား၊ မှုမဲ့တဲ့ ကစားကွက်တွေ အမျိုးမျိုး လုပ်ခဲ့ဖူးသလို အကျင့်ပျက် ခြစားမှု မှတ်တမ်းလဲ ရှိတဲ့သူ။ ဂါဇာ စစ်ပွဲသာ အဆုံးသတ်သွားရင် သူ အာဏာ လက်မဲ့ ဖြစ်သွားပြီး ထောင်ကျသွားနိုင်မှန်း သူ့ကိုယ်သူ ကောင်းကောင်း သိတယ်။ သူ့နိုင်ငံရေး ဘဝ ချုပ်ငြိမ်းသွားမယ့် အလားအလာက ဘယ်လိုမှ ကောင်းနိုင်ဖွယ် မရှိဘူး။ အစ္စရေး ထောင်ထဲ ကြာရှည် နေသွားရမယ့် အဖြစ်က သူ့အတွက် မနှစ်မြို့စရာ

အလားအလာ ဖြစ်နေတယ်။

သူ့ကိုယ်သူ အဖတ်ဆယ်လို့ ရနိုင်မယ့် တခုတည်းသော သူ့မျှော်လင့်ချက်က ပြတ်သားတဲ့ ခေါင်းဆောင် (စစ်ခေါင်းဆောင်) တယောက်အဖြစ် သူ့ကိုယ်သူ ပုံဖော်ရေးပဲ။ ဒါပေမယ့် စစ်ခေါင်းဆောင် ဖြစ်ဖို့ဆိုရင် ခေါင်းဆောင်စရာ စစ်ပွဲ ရှိနေမှ ဖြစ်မယ်။ ရိုးရှင်းတဲ့ ဒီညီမျှခြင်းကနေ ကောက်ချက်ဆွဲလို့ ရနိုင်တာ တခုပဲ ရှိတယ်၊ အဲဒီ အချက်ကလဲ ချက်ချင်းဆိုသလို ထင်ရှားလာပြီ …

အစ္စရေး ပြည်သူတွေဟာ ပြည်ပ အင်အားကြီး ရန်သူတွေဆီက လာတဲ့ သေရေးရှင်ရေး အန္တရာယ်ကြီးကို ရင်ဆိုင်နေရပြီ ဖြစ်ကြောင်း၊ ဒီရန်သူတွေကို အင်အားသုံး ရင်ဆိုင်မှာ ရမှာဖြစ်ကြောင်း၊ ဒီရန်သူတွေဟာ အင်အားနဲ့ စကားပြောမှ နားလည်သူတွေ ဖြစ်ကြောင်း နတန်ညာဟုက သူ့ပြည်သူတွေကို စည်းရုံးသိမ်းသွင်းရမယ်။”

ပြည်တွင်းမှာ ပြဿနာတွေ ကြီးကြီးမားမား ရင်ဆိုင်နေရတဲ့ နတန်ညာဟုအဖို့ အလွန်ကျဉ်းမြောင်းတဲ့ ပုဂ္ဂလိက အကျိုးစီးပွားတွက်ကိန်းတွေကလဲ အတော်လေး အရေးပါလိမ့်မယ်။ ပြည်တွင်းရေး ပြဿနာတွေကနေ ရှောင်ပြေးလို့ အကောင်းဆုံး နည်းကတော့ ပြည်ပကို စစ်ရေး ကျူးကျော်တိုက်ခိုက်မှု ပြုလုပ်ခြင်းပဲ။ ဒီနည်းနဲ့ သူ့ကိုယ်သူ “မဟာ စစ်ခေါင်းဆောင်ကြီး” အဖြစ် လူပုံအလယ် ဟန်ရေးပြနိုင်မယ်။

အထက်မှာ ကောက်နှုတ်ဖော်ပြခဲ့တဲ့ ၂၀၂၄ ဆောင်းပါးမှာပဲ Alan Woods က အခုလို ကောက်ချက်ဆွဲထားတယ် -

နတန်ညာဟုက အီရန်ကို စစ်စတိုက်ဖို့ ဆုံးဖြတ်ထားပြီးသား။ ဒီလို စစ်ဖြစ်သွားရင် ဒေသတွင်းတခုလုံး ကူးစက်သွားတဲ့ စစ်ပွဲကြီး ဖြစ်သွားမယ်။ ဒီအခါ ယူအက်(စ်)အပါအဝင် တခြား ပါဝါတွေကိုပါ စစ်ထဲ ဆွဲသွင်းသွားမယ်။ ဒါက သူ့ရည်မှန်းချက်ပဲ။ ဒီဦးတည်ချက်ကနေ သွားဖည်သွားအောင် ဘယ်သူ ဘယ်အရာကမှ လုပ်နိုင်မှာ မဟုတ်တော့ဘူး။”

ဒီကောက်ချက် ရာနှုန်းပြည့် မှန်ကန်ကြောင်း လက်တွေ့ဖြစ်ရပ်တွေက သက်သေပြသွားတယ်။ ဒီအချက်ကို သဘောပေါက်ရင် လက်ရှိ အခြေအနေရဲ့ သဘောသဘာဝနဲ့ အရင်းခံ အကြောင်းကို ကျနော်တို့ နားလည်နိုင်ပါပြီ။

အစ္စရေး ပြည်သူတွေကို ပြည်ပက ခြိမ်းခြောက်နေတဲ့ ရန်သူတော်ကြီး အီရန်လက်ကနေ ဇိုင်ယင်နစ် နိုင်ငံတော်က ကာကွယ်ပေးနေရသယောင် အစဉ်တစိုက် ဝါဒဖြန့်ခဲ့တယ်။ တကယ့် လက်တွေ့မှာ နတန်ညာဟုတို့ ဇိုင်ယင်နစ်တွေရဲ့ လုပ်ရပ်က အစ္စရေး ပြည်သူ တရပ်လုံးကို ဓားစာခံအဖြစ် ပြန်ပေးဆွဲထားသလို ဖြစ်နေပြီ။ အီရန် ဆိုတဲ့ ပြည်ပ ရန်သူကြီးကို လက်ညှိုးထိုးပြီး ငါတို့ ဇိုင်ယင်နစ် နိုင်ငံတော်ကို မင်းတို့တတွေ မဖြစ်မနေ ထောက်ခံမှ ဖြစ်မယ်လို့ ခြိမ်းခြောက်ထားတဲ့ သဘောပဲ။

နတန်ညာဟု အစိုးရက သူ့ပြည်တွင်းမှာ လူထုထောက်ခံမှု အတော် ကျဆင်းနေပြီ။ နတန်ညာဟု အစိုးရကို ဆန့်ကျင်တဲ့ ဆန္ဒပြပွဲကြီးတွေလဲ အကြီးအကျယ် ဖြစ်ခဲ့တာတွေ ရှိတယ်။ နတန်ညာဟု အစိုးရ သက်ဆိုးရှည်ဖို့ အလားအလာက နည်းနေပြီ။ ဂါဇာမှာလဲ ဆက်တိုက်စရာ ပစ်မှတ်ကို မကျန်တော့ဘူး။ သူတို့ သက်ဆိုးရှည်ဖို့ စစ်အရှိန်ကို တောက်လျှောက် တင်ထားမှပဲ ဖြစ်နိုင်မယ်။ ဒါ့ကြောင့် သူတို့ လက်ဘနန်ကို ဖျက်စီးတယ်၊ ယီမင်ကို ဗုံးကြဲတယ်။ ဆီးရီးယားကို ဗုံးကြဲတယ်။ အခု နောက်ဆုံး အီရန်ကို သွားရန်စလိုက်တာပဲ။

ဒါပေမယ့် ဒီစစ်ပွဲဟာ အစ္စရေး တကောင်တည်းက အီရန်ကို တိုက်တဲ့ စစ်ပွဲလို့ ယူဆရင် မှားပါတယ်။ အစ္စရေးရဲ့ စစ်လက်နက် ၇၀% ဟာ ယူအက်(စ်)က လာခြင်း ဖြစ်တယ်။ ဒါ့ကြောင့် ဒီစစ်ပွဲဟာ အစ္စရေး တကောင်တည်း ဗိုလ်ကျနေတဲ့ စစ်ပွဲ မဟုတ်ဘူး၊ ယူအက်(စ်) ခေါင်းဆောင်တဲ့ အရင်းရှင်နယ်ချဲ့တွေက အရှေ့အလယ်ပိုင်း ဒေသကြီးကို ခြယ်လှယ်အုပ်စိုးဖို့ တိုက်နေတဲ့ စစ်ပွဲလို့ အတိအကျ ပြောနိုင်ပါတယ်။



A Patriot missile launcher is seen during the Blue Flag multinational air defense exercise at the Ovda air force base, north of Eilat, Israel, Nov. 8, 2017. (AFP Photo)

## နယ်ချဲ့သမား ပြောတဲ့ နျူကလိယာ အန္တရာယ်နဲ့ မင်းပြောင်းမင်းလွှဲ အိပ်မက်

အီရန် အစိုးရက နျူကလိယာ ဗုံး ထုတ်လုပ်ရေး အပူတပြင်း ကြိုးစားနေလို့ နတန်ညာဟုတို့ ဇိုင်ယင်နစ် အစိုးရက လက်ဦးမှုရှိရှိ ဝင်တိုက်လိုက်တာ ဆိုတဲ့ ဝါဒဖြန့်ချက်မျိုး တွင်တွင်ကျယ်ကျယ် တွေ့ရတယ်။ ဒီအချက်က မမှန်ပါဘူး။ အီရန်ဘက်က အချိန်တိုအတွင်း နျူကလိယာ လက်နက် ထုတ်လုပ်နိုင်တဲ့ အန္တရာယ် မရှိသေးဘူးလို့ အမေရိကန် အပါအဝင် (ထဲထဲဝင်ဝင် သိတဲ့) ရင်းမြစ် အားလုံးက ဆိုထားပြီးသား။ နောက်ဆုံးတနေ့မှာ အီရန်လဲ နျူကလိယာ လက်နက် ထုတ်လုပ်ဖို့ လိုအပ်တာတွေ အားလုံး ပိုင်ဆိုင်သွားမယ် ဆိုတာ မှန်တယ်။ ဒါပေမယ့် အခု နတန်ညာဟုတို့ ပုံဖော်နေသလို အစ္စရေးအတွက် "လက်ငင်း အန္တရာယ်ကြီး ကျရောက်နေပြီ" ဆိုတာ လုံးဝ မဟုတ်ပါဘူး။

တကယ့် အဖြစ်မှန်က အီရန်အနေနဲ့ နောက် သုံးနှစ်အတွင်း နျူကလိယာ လက်နက် မပိုင်ဆိုင်နိုင်သေးဘူးလို့ ယူအက်(စ်) ထောက်လှမ်းရေး အေဂျင်စီတွေကိုယ်တိုင် ရှင်းရှင်းလင်းလင်း ပြောထားတယ်။ စစ်ဒရမ်တွေ ဆူညံသထက် ဆူညံလာတဲ့အခါ ဒီအချက်တွေအားလုံး ဘေးရောက်သွားတယ်။

ဒီနေရာမှာ ကြောင်သူတော်ဆန်တဲ့ အချက်ကို သိသိရက်နဲ့ လစ်လျူရှုထားကြလွန်းလို့ ထည့်ပြောရဦးမယ်။ 'အီရန်က နျူကလိယာ လက်နက် ပိုင်ဆိုင်နိုင်အောင် ကြိုးစားနေတဲ့ မိစ္ဆာကြီး၊ ဒါ့ကြောင့် ဒီမိစ္ဆာကြီး အစွယ် မပေါက်ခင် ဦးချိုးထားမှ' လို့ သူတော်စင်ကြီး အစ္စရေးက အသံကောင်း ဟစ်ပါတယ်။ တကယ်တော့ အစ္စရေးကိုယ်တိုင်က နျူကလိယာ ပါဝါ ဖြစ်နေတယ်။ ဒီအချက်ကို အရေးသိပ် မကြီးတဲ့ အသေးစိတ် အချက်ကလေးလို့ ယူဆကြသလား မသိပါဘူး။ ထည့်ပြောတာ သိပ်မတွေ့ရ။

ကိုယ်တိုင် နျူကလိယာ လက်နက် ပိုင်ထားတဲ့ အစ္စရေးက အီရန် နျူကလိယာ လက်နက် ပိုင်သွားမှာကို ဘာ့ကြောင့်

သေမလောက်ကြောက်နေရသလဲ၊ ဘာ့ကြောင့် ဝင်ဖျက်ဆီးနေတာလဲ၊ ဒီမေးခွန်းကို မေးသင့်တယ်။ ယူကရိန်းက နေတိုးစစ်အုပ်စုထဲ ဝင်တာ သူ့လွတ်လပ်ခွင့်ဆိုရင် အီရန်က သူ့နိုင်ငံတွင်း နျူကလိယာ လက်နက် ထုတ်တာ သူ့လွတ်လပ်ခွင့်လို့ လက်ခံရလိမ့်မယ်။ ဒါမှ ရှေ့နောက်ညီမယ်။

အမေရိကန်နဲ့ အစ္စရေးက သူတို့ပဲ နျူကလိယာ လက်နက်တွေ ပိုင်ဆိုင်ခွင့် ရှိတယ်၊ ကျန်တဲ့သူက ပိုင်ဆိုင်ခွင့် မရှိဘူးလို့ ပြဋ္ဌာန်းထားပုံရတယ်။ အဲသလို ပြဋ္ဌာန်းပိုင်ခွင့် သူတို့ကို ဘယ်ပြည်သူတွေက အပ်နှင်းလိုက်တာလဲ။ ဘယ်ပြည်သူကမှ အဲသလို လုပ်ပိုင်ခွင့် ပေးထားတာ မရှိပါဘူး၊ ငါတို့ဘာသာ အင်အားရှိလို့ ကမ္ဘာ့ပတ် မိုက်ကြေးခွဲနေတာပေ့ါ လို့ ပြောနေတာပဲ။ 'လုပ်ရပ်က စကားလုံးတွေထက် အသံ ပိုကျယ်တယ်' ဆိုတဲ့ ဆိုရိုးစကား ရှိရဲ့ မဟုတ်လား။

တကယ်တော့ နတန်ညာဟုတို့ ပုံဖော်သလို အီရန်က နျူကလိယာ လက်နက် လက်ဝယ် ပိုင်ဆိုင်ရေး အပူတပြင်း ကြိုးစားနေတာ မဟုတ်ဘူး။ အရင်းရှင်နယ်ချဲ့ ကမ္ဘာမှာ နျူကလိယာ လက်နက် ပိုင်ဆိုင်သူ အသစ် ထပ်ပေါ်လာမယ့် အဖြစ်ကို ဗိုလ်လုပ်နှင့်ပြီးသား နယ်ချဲ့ပါဝါတွေက ဒီတိုင်း ကြည့်နေမှာ မဟုတ်မှန်း သူတို့ သိတာပေါ့။ အီရန်က "nuclear threshold state" အနေနဲ့ပဲ ရပ်တည်ဖို့ ကြိုးစားနေတာ။ ဘာ့ကြောင့်လဲ။

အဖြေသိချင်ရင် ဝေးဝေး ကြည့်စရာတောင် မလိုပါဘူး။ အနီးခေတ်ကို ဖြတ်ခနဲ လှည့်ကြည့်လိုက်ရင် မြင်ရပါလိမ့်မယ်။ မမြင်ချင်ယောင်ဆောင်ထားရင်တော့ မတတ်နိုင်ဘူးပေါ့လေ။ အီရန် နံဘေးက အီရတ်ကို အမေရိကန်က ဝင်ကျူးကျော် တိုက်ခိုက်တုန်းက ဘယ်လို ဆင်ခြေပေးခဲ့သလဲ။ အီရတ်မှာ လူအများ သေကြေအောင် ဖျက်စီးပစ်နိုင်တဲ့ လက်နက်တွေ weapons of mass destruction (WMD) ပိုင်ဆိုင်ထားတယ်လို့ စွပ်စွဲပြီး ဝင်တိုက်ခဲ့တာပဲ။ တကယ့်လက်တွေ့မှာ ဘာ (WMD) မရှိဘူး။ မရှိမှန်း အစကတည်းက သူတို့ သိပြီးသား။ အီရတ်ကို မကောင်းဆိုးဝါး ဗီလိန်ဇာတ်သွင်းပြီး သူတို့က သူတော်စင် ဟီးရိုး အယောင်ဆောင်ဖို့ ပေးခဲ့တဲ့ ဆင်ခြေသက်သက်ပဲ။

အဲသလိုပဲ နှစ်ပေါင်း ၂၀ ကြာ ယူအက်(စ်) နယ်ချဲ့ ဝင်မွှေသွားတဲ့ အာဖဂန်ကို ကြည့်ဦးမလား။ သူလဲ အီရန် ဘေးကပ်ရပ်မှာပဲ ရှိတာ။ နောက် သူ့ဘေးမှာ ရှိတဲ့ ပါကစ္စတန်က နျူကလိယာ လက်နက်ရှိပြီး အမေရိကန် လက်ဝေခံ။ အရှေ့လယ်ပိုင်းမှာ မင်းမူနေတဲ့ အစ္စရေးက အမေရိကန် လက်ဝေခံဖြစ်သလို နျူကလိယာ လက်နက် ပိုင်ထားသူလဲ ဖြစ်တယ်။ ဒီတော့ အီရတ်နဲ့ အာဖဂန်ပြီးရင် ယူအက်(စ်)က ဘယ်သူ့ဘက် လှည့်လာမလဲ။ အီရန်ဘက် လှည့်မလာဘူးလို့ ဘယ်သူ ပြောနိုင်လဲ။ အခု လက်တွေ့ ဖြစ်ရပ်တွေက သက်သေထူနေပါပြီ။ ငြင်းနေစရာတောင် မလိုတော့ဘူး။

ဒီတော့ အီရန်အနေနဲ့ "nuclear threshold state" ဖြစ်အောင် ကြိုးစားတာ ဘာဆန်းသလဲ။ တကယ်သာ အီရန်လက်ထဲ နျူကလိယာ လက်နက် ပိုင်ဆိုင်ထားရင် အစ္စရေးနဲ့ အမေရိကန် အခုလို ဗုံးသွားကြဲရဲမလား။ မကြဲရဲပါဘူး။ မြောက်ကိုးရီးယားကို နမူနာကြည့်ရင် ရှင်းပါတယ်။ မြောက်ကိုးရီးယားမှာ နျူလက်နက် ရှိနေလို့ သူတို့ စစ်ရေးအရ အခုလို ဗိုလ်မကျရဲတာ။ တကယ် ရှိရင် သူတို့ မထိရဲဘူး ဆိုတာ အီရန်ဘက်က ကောင်းကောင်း သိတာပေါ့။

ဒီလောက်ဆို အီရန်က နျူကလိယာ လက်နက်တွေ ပိုင်တော့မှာ၊ ငါတို့ အစ္စရေး နိုင်ငံရဲ့ တည်ရှိမှုကို ခြိမ်းခြောက်နေပြီ ဆိုတဲ့ စကားတွေက အလိမ်အညာတွေမှန်း ထင်ရှားလောက်ပြီ ထင်ပါတယ်။

အမေရိကန်က အီရန်ဘေးနားရှိတဲ့ အာဖဂန်နဲ့ အီရတ်ကို ဆယ်စုနှစ် နှစ်ခုကြာအောင် ဝင်မွှေပြီး ဖျက်စီးခဲ့တယ်လို့ အထက်မှာ ဆိုခဲ့တယ်။ ဒီနေရာမှာ ထပ်ဖြည့်ဖို့ လိုတဲ့အချက်က သူတို့ နှာခေါင်း ကျည်ပွေ့တွေ့ပြီး အထိနာသွားခဲ့တယ်။ (အီရတ်မှာ ၁၅ နှစ်၊ အာဖဂန်မှာ အနှစ် ၂၀ စစ်နွံနစ်ပြီး) ယူအက်(စ်) အရင်းရှင် နယ်ချဲ့ပါဝါ အင်အား ဆုတ်ယုတ်သွားခဲ့ကြောင်း ထင်ရှားတယ်။ ဒါ့အပြင် အမေရိကန် အခွန်ထမ်း

ပြည်သူတွေအနေနဲ့ ယူအက်(စ်) စစ်တပ်တွေကို ဘယ်နိုင်ငံခြား စစ်မြေပြင်မှာမှ ဝင်ပါတာမျိုး လက်မခံတော့ဘူး။ ဇွတ်ဝင်ပါရင် အဲဒီ အစိုးရ သက်ဆိုးရှည်မှာ မဟုတ်ဘူး။

ဒီအချက်ကို သိလို့ အိုဘားမား လက်ထက်မှာ ဆီးရီးယားကို မြေပြင် စစ်တပ် မလွှတ်ရဲခဲ့တာ။ ဒီကနေ့ ထရမ့် လက်ထက်မှာလဲ ဒီအချက်ကို သူတို့ ထည့်မစဉ်းစားဘဲ မနေရဲဘူး။ တကယ်တော့ ၂၀၂၄ ရွေးကောက်ပွဲမှာ ထရမ့် အနိုင်ရခဲ့တဲ့ အကြောင်းတွေထဲ ဒီအချက်လဲ ပါတယ်။ ယူကရိန်းလို အရှေ့အလယ်ပိုင်းလို ပဋိပက္ခတွေမှာ အမေရိကန်က ဝင်ပါရင်း နိုင်ငံ ကြွေးမြီက ဒေါ်လာ ၃၆ ထရီလီယံ ကျော်လာပြီ။ ဒါ့ကြောင့် ဒီပဋိပက္ခတွေကနေ အမေရိက ထွက်အောင် လုပ်ပေးမယ်လို့ ဒေါ်နယ်ထရမ့် ကတိတွေ ပေးပြီး တက်လာခဲ့ရတာပဲ။ အခု သူ့ကတိတွေ တခုမှ အကောင်အထည် မဖော်နိုင်ဘူး။ အစ္စရေး-အီရန် စစ်ပွဲမှာသာ ယူအက်(စ်)ဝင်ပါရင် ပိုဆိုးမယ်။

တဖက်မှာ ယူအက်(စ်) အရင်းရှင်နယ်ချဲ့ ပါဝါအဲသလို အင်အား ဆုတ်ယုတ်နေချိန် အရှေ့အလယ်ပိုင်းမှာ အီရန်က အားကောင်းသထက် ကောင်းလာတယ်။ စစ်ရေးအရ၊ စီးပွားရေးအရ၊ နိုင်ငံရေး ဩဇာအရ အီရန်ဟာ ဒေသတွင်း အင်အားကြီး နိုင်ငံ ဖြစ်လာတယ်။ တဖက်မှာ အမေရိကန်ရဲ့ ပရောက်စီ အစ္စရေးက ဗိုလ်ကျစစ်ခင်းရင်း အင်အား ချိလာပြီ။

ဒီလို အခြေအနေမှာ အီရန် အားကြီးလာခြင်းသည် အစ္စရေး အုပ်စိုးသူတွေအဖို့ ခြိမ်းခြောက်မှုလို့ မြင်လာကြလိမ့်မယ်။ အီရန်သာ "nuclear threshold state" ဖြစ်သွားခဲ့ရင် ဒေသတွင်း ဗိုလ်ကျ နယ်ချဲ့နေတဲ့ အစ္စရေးရဲ့ ဩဇာ အခုထက် ကျဆင်းသွားမှာပဲ။ အီရန်က နျူကလီယာ လက်နက် ထုတ်နိုင်တဲ့ အစွမ်း ရှိပြီ ဆိုပြီး အစ္စရေးကို ဝင်ရောက် ဖျက်စီးမယ်လို့ မဆိုလိုဘူး။ အီရန်ရဲ့ နိုင်ငံရေး ဩဇာနယ်ပယ် ပိုကျယ်လာမယ်၊ စီးပွားရေး ဈေးကွက်အရ၊ ကုန်သွယ်ရေး အရ အီရန်က အသာစီး ရလာမယ်။ ဒါကို ဒေသတွင်း နယ်ချဲ့ပါဝါ အစ္စရေးက လက်မခံနိုင်ဘူး။

ဒါ့ကြောင့် အီရန်ဟာ existential threat ဖြစ်လာမယ်ဆိုတာ ဇိုင်ယင်နစ် အုပ်စိုးသူ လူတန်းစားအတွက်ဆိုရင် မှန်လိမ့်မယ်၊ အစ္စရေး အရင်းရှင်နယ်ချဲ့စနစ် ရှုထောင့်ကဆိုရင် မှန်လိမ့်မယ်၊ သို့သော် အစ္စရေး ပြည်သူ တရပ်လုံး ပျက်သုဉ်းသွားမယ့် အန္တရယ်ဆိုရင် မမှန်ဘူး။ ဒီနှစ်ခုကို အတူတူဖြစ်သယောင် ပုံမှားရိုက်ပြီး သူတို့ ဝါဒဖြန့်နေတာပဲ။

အီရန်သာ အခုထက် အင်အား ပိုတောင့်လာရင် အစ္စရေး အုပ်စိုးသူ လူတန်းစား လုပ်နေတဲ့ ဇိုင်ယင်နစ် ပရောဂျက်ကို ရှေ့ဆက် အကောင်ထည် ဖော်နိုင်မှာ မဟုတ်ဘူး။ န



Image- USAF,Wikimedia Commons

တန်ညာဟုရဲ့ ကျဉ်းမြောင်းသော ပုဂ္ဂလိက နိုင်ငံရေး အကျိုးစီးပွားတွေကို ဒီနောက်ခံ အချက်တွေနဲ့ ဆက်စပ်ကြည့်လိုက်မှ ဇိုင်ယင်နစ် နိုင်ငံတော်ရဲ့ ရန်စ တိုက်ခိုက်မှုကို နားလည်နိုင်မှာ ဖြစ်တယ်။

နတန်ညာဟုတို့ ထုတ်ပြောထားတဲ့ ရည်ရွယ်ချက်နောက်တခုက အီရန်မှာ မင်းပြောင်းမင်းလွဲ လုပ်ချင်တာပဲ။ Irony တခုက ပါလက်စတိုင်း ပြည်သူတွေကို လူမျိုးတုန်းသတ်ဖြတ်ထားတဲ့ သားသတ်သမားက အီရန် ပြည်သူတွေကို လူထု အုံကြွမှု ထလုပ်ဖို့ ဆော်ဩသတဲ့။ အီရန် ပြည်သူတွေအနေနဲ့ သူ့ပြည်တွင်းက အုပ်စိုးသူ မင်းအစိုးရကို မနှစ်သက်တာ မှန်တယ်၊ တော်လှန်အုံကြွခဲ့ကြတာတွေလဲ ရှိတာပဲ။ [တော်လှန်သော အီရန် ပြည်သူတွေဘက်က ရပ်တည်ရေးသားတဲ့ ဆောင်းပါးကို ကျနော်တို့ မဂ္ဂဇင်းမှာ ဖော်ပြခဲ့ဖူးတယ်။ အောက်မှာ လင့်(ခ်)ပေးထားပါမယ်။ အီရန် အစိုးရလဲ ကောင်းတာမှ မဟုတ်တာ၊ မင်းတို့က အစ္စရေးကိုပဲ တဖက်သတ် အပြစ်ဖို့နေတယ်လို့ စွပ်စွဲသူတွေ သွားဖတ်ကြည့်ပါ။]

အီရန် ပြည်သူတွေအနေနဲ့ ခိုမေနီကို ဘယ်လောက်မုန်းမုန်း လက်ငင်း သူတို့ကို ဗုံးကြဲသတ်နေတဲ့ နတန်ညာဟုတို့ ဇိုင်ယင်နစ်တွေကို ပိုမုန်းမှာတော့ သေချာတယ်။ အီရန် ပြည်သူတွေမှ မဟုတ်ဘူး၊ အရှေ့အလယ်ပိုင်းက အဖိနှိပ်ခံ ပြည်သူတွေဟာ အမေရိကန် နယ်ချဲ့သမားနဲ့ အစ္စရေး ဇိုင်ယင်နစ်တွေကို အသွေးအသားထဲက ခါးခါးသီးသီး မုန်းတီးတယ်ဆိုတာ ဘယ်သူမှ ငြင်းရဲမယ် မထင်ဘူး။ အဲလိုနယ်ချဲ့ဂိုဏ်းက လက်ရှိသူတို့ကို ဗုံးကြဲသတ်နေတာ ဖြစ်တယ်၊ ဒီကြားထဲက သူတို့ကို အစိုးရ ဖြုတ်ချဖို့ အုံကြွခိုင်းရဲသေးတယ်။ မျက်နှာပြောင်တိုက်ရဲတဲ့ နေရာမှာ သူတို့ကို တေဒင် ပေးရတော့မယ်။

ဒီနေရာမှာ နတန်ညာဟုတို့ ဝါဒဖြန့်ချက်ကို သံယောင်လိုက်နေတဲ့ လူထု နွေဦးတို့၊ ဘီဘီစီတို့ ရောဝတီတို့လို မီဒီယာတွေလဲ ရှိသေးတယ်။ အဲသလို မီဒီယာတွေရဲ့ သတင်း ဖော်ပြပုံကို ကြည့်လိုက်ရင် အီရန် အစိုးရ ဘယ်လို အာဏာရှင်ဆန်ကြောင်း၊ ဘာသာရေးကို ဘယ်လို ရှေ့တန်းတင်ကြောင်း သမိုင်းလှန်ပြီး တမေ့တမော အရင်ပြောမယ်၊ အစ္စရေးကိုတော့ လွတ်လပ်တဲ့ ဒီမိုကရေစီ နိုင်ငံ ဆိုတဲ့ ဇာတ်ကြောင်းနဲ့ အရင် စဖွင့်မယ်။ အီရန် အစိုးရဟာ အလွန်တရာ ဖောက်ပြန်တဲ့ အာဏာရှင်စနစ် ဖြစ်နေလို့ နတန်ညာဟု ပြောတဲ့ မင်းပြောင်းမင်းလွဲဟာ မှန်ကန်ပြီးသားလို့ သူတို့ လက်ခံထားတာ တွေ့ရမယ်။ သူတို့ ဆောင်းပါးတွေမှာ ဆွေးနွေးနေတဲ့ အချက်က ဒီလုပ်ရပ် မှန် မမှန်၊ အဓိပ္ပါယ် ရှိမရှိ ဆိုတဲ့ ပြဿနာ မပါဘူး။ မင်းပြောင်းမင်းလွဲ အောင်မြင်ပါ့မလား၊ အီရန် အစိုးရ ပြုတ်ကျသွားရင် ဘာဖြစ်သွားမလဲ၊ အစရှိတဲ့ ကိစ္စတွေကို ပြောနေကြတာ တွေ့ရမယ်။ ဥပမာ၊ The Irrawaddy သတင်းဌာနက Andrew Thomas ရေးတဲ့ "Regime change wouldn't likely bring democracy to Iran. A more threatening force could fill the vacuum" ဆိုတဲ့ ဆောင်းပါးမျိုး ဘာသာပြန် ဖော်ပြထားတယ်။

ဒါဆိုရင် ဂျီနိုဆိုက် တရားခံ သားသတ်ကောင် အုပ်ချုပ်နေတဲ့ အစိုးရ ဆိုပြီး အစ္စရေးကို အီရန်နဲ့ ရုရှားက ဝင်တိုက်မယ်ဆိုရင် အခုလို သူတို့ ပြောပါ့မလား။ မပြောတဲ့အပြင် အစ္စရေးရဲ့ အချုပ်အခြာအာဏာ ကာကွယ်ကြဆိုပြီး စစ်သွေးကြွနေကြလိမ့်မယ်။

ဒီနေရာမှာ အီရန် အစိုးရ ဘယ်လို ဘယ်ပုံ အာဏာရှင်ဆန်ကြောင်း လက်တွေ့ခံနေရတဲ့ အီရန် ပြည်သူတွေ ကောင်းကောင်း သိတာပေါ့။ မိကျောင်းမင်းကို ရေခင်း ပြစရာမလိုပါဘူး။ ဇိုင်ယင်နစ် အစိုးရနဲ့ သူ့အာဘော်တွေ ဖြန့်ပေးနေသူတွေ မေ့ချင်ယောင်ဆောင်ထားတဲ့ အချက်ကိုပဲ ကျနော်တို့ ထောက်ပြချင်တယ်။ ဖောက်ပြန်တဲ့ အာဏာရှင် အီရန် အစိုးရကို ဖြုတ်ချရေး ကိစ္စဟာ အီရန် ပြည်သူတွေရဲ့ ကိစ္စသာ ဖြစ်တယ်။ အလားတူပဲ၊ မင်းအောင်လှိုင်တို့ စစ်အာဏာရှင် အစိုးရကို ဖြုတ်ချရေးဟာလဲ ဗမာပြည်သူတွေရဲ့ ကိစ္စသာ ဖြစ်တယ်။ ဘယ်နယ်ချဲ့သမားကမှ ဟီးရိုး ဝင်လုပ်စရာ မလိုဘူး။ သူတို့ ဝင်မွှေလိုက်တာ ဆီးရီးယား ဘာဖြစ်သွားသလဲ၊ အီရတ် ဘာဖြစ်သွားသလဲ၊ အာဖဂန် ဘာဖြစ်သွားသလဲ။ ပြန်စဉ်းစား



Image- RCI Own Work

ကြည့်ပါ။

ဒါ့ကြောင့် အီရန် အစိုးရ အာဏာရှင်ဆန်ကြောင်း ထပ်တလဲလဲပြောပြီး နတန်ညာဟုတို့ စစ်မီးမွှေးတဲ့ ကိစ္စ၊ မင်းပြောင်းမင်းလွဲ လုပ်ဖို့ ကြိုးစားတဲ့ ကိစ္စကို တရားထူထောင်လို့ မရဘူး။ ဒေသတွင်း စစ်မီးပင်လယ်ဝေပြီး လူသန်းချီ အသက်သေ၊ ဘဝပျက်သွားနိုင်တဲ့ အရေးမှာ မိုးကြိုးပစ်တာ ထန်းလက်နဲ့ကာသလို မလုပ်ကြစေချင်ဘူး။

ဒါဆိုရင် ကွန်မြူနစ်တွေရဲ့ ရပ်တည်ချက်က ဘာလဲ။ ပထမ ကမ္ဘာစစ်အတွင်းက ကား(လ်) လိဘ်နက်ခ် ပြောခဲ့သလို ထပ်ပြောရလိမ့်မယ် - The Main Enemy is at Home!

အစ္စရေး ပြည်သူတွေရဲ့ အဓိက ရန်သူဟာ အစ္စရေး ပြည်တွင်းက ဇိုင်ယင်နစ် အစိုးရပဲ။ ဇိုင်ယင်နစ် အစိုးရက ခြောက်လှန့်ထားတဲ့ အီရန် အစိုးရ မဟုတ်ဘူး။ ဇိုင်ယင်နစ် အစိုးရကို ဖြုတ်မချနိုင်သရွေ့ အစ္စရေး ပြည်သူတွေလဲ ငြိမ်းငြိမ်းချမ်းချမ်း နေရမှာ မဟုတ်ဘူး။ အာဏာရှင် အီရန် အစိုးရကို ဖြုတ်ချရေးဟာ အစ္စရေးရဲ့ သောက်လုပ် မဟုတ်ဘူး၊ အီရန် ပြည်သူတွေ ကိုင်တွယ်ရမယ့် ကိစ္စ။ အဲသလိုပဲ အမေရိကန် အလုပ်သမားထုရဲ့ အဓိက ရန်သူဟာအမေရိကန် အစိုးရပဲ။

## အရှေ့အလယ်ပိုင်းမှာ ပန်ဒိုရာအိုးကို ဖွင့်လိုက်တဲ့ ဒေါ်နယ်ထရမ့်

အစ္စရေးက အီရန်ကို ရန်စတိုက်ခိုက်ပြီး ၈ ရက်အကြာ၊ ၂၀၂၅ ဇွန်လ ၂၂ ရက်နေ့ မနက်အစောကြီးမှာပဲ အမေရိကန်က အီရန်ကို ဗုံးကြဲတိုက်ခိုက်လိုက်ပါတယ်။ အမေရိကန်ဘက်က B2 ဗုံးကြဲလေယာဉ် ၆ စင်းနဲ့ ပေါင် သုံးသောင်းရှိတဲ့ 'bunker buster' ဗုံး အများအပြားသုံးပြီး အီရန်ဘက်က နျူကလီယာ ဆိုက်(ထ်)ကြီး သုံးခုဖြစ်တဲ့ Fordo, Natanz နဲ့ Isfahan တို့ကို တိုက်ခိုက်ခဲ့တယ်။ ဒါ့အပြင် အမေရိကန် ရေတပ်က Tomahawk cruise missiles ၃၀ နဲ့ ပစ်ခတ်တိုက်ခိုက်ခဲ့သေးတယ်။ အီရန်ဘက်က အမေရိကန်နဲ့ သက်ဆိုင်တဲ့ စစ်စခန်းတွေ၊ မြို့တွေ၊ စီးပွားရေး လုပ်ငန်းတွေ အပါအဝင် ဘာတခုကို ထိပါးနှောင့်ယှက်ခြင်း အလျဉ်းမရှိပါဘဲ အမေရိကန်ဘက်က အခုလို ရန်စ တိုက်ခိုက်လိုက်ခြင်း ဖြစ်ပါတယ်။ ဒီအချက်ကို ရှင်းရှင်းလင်းလင်း မြင်ထားဖို့ အရေးကြီးတယ်။

ထုံးစံအတိုင်း အီရန်ရဲ့ နျူကလီယာ အန္တရာယ်ကြောင့်



Image-Public Domain

လို့ အကြောင်းပြပါတယ်။ ၂၀၀၃ တုန်းက အီရတ်ကို WMD ( လူအမြောက်အများ သေကြေပျက်စီးနိုင်သော လက်နက်များ ) ပိုင်ဆိုင်ထားတယ်လို့ လံကြုတ် အကြောင်းပြချက် ပေးပြီး အမေရိကန်က ဝင်ရောက် တိုက်ခိုက် ဖျက်စီးခဲ့သလိုပဲ၊ အခုလဲ နျူကလိယာ ပရိုဂရမ်ကို အကြောင်းပြပြီး အမေရိကန်က အီရန်ကို ဝင်ရောက် တိုက်ခိုက် ဖျက်စီးလိုက်တာပါပဲ။

အရေးကြီးဆုံး နျူကလိယာ ဆိုက်(ထ်)ကြီး သုံးခုကို ဖျက်အားပြင်း ဗုံးကြီးတွေ ကြဲပြီး အပြီးတိုင် ဖျက်စီးလိုက်နိုင်ပြီလို့ ယူအက်(စ်) အစိုးရဘက်က ပြောနေပေမယ့် တကယ့်လက်တွေ့မှာ ဘယ်အတိုင်းအတာအထိ ပျက်စီးသွားပြီလဲ သူတို့ အတိအကျ မသိသေးပါဘူး။ အမေရိကန်ရဲ့ လေကြောင်းတိုက်ခိုက်မှုတွေအပြီး ထွက်ပေါ်လာတဲ့ အပြည်ပြည်ဆိုင်ရာ နျူကလိယာ စွမ်းအင် စောင့်ကြည့်ထိန်းချုပ်ရေး အဖွဲ့ (IAEA) ရဲ့ ထုတ်ပြန်ချက်မှာ ဗုံးကြဲခံထားရတဲ့ ဆိုက်(ထ်)တွေကနေ ရေဒီယေးရှင်း ပမာဏ မြင့်တက်လာခြင်း မရှိသေးဘူးလို့ ဆိုထားပါတယ်။

တနည်းအားဖြင့် အမေရိကန်ဘက်က ဖျက်အားပြင်း ဗုံးကြီးတွေ သုံးပြီး အီရန်ရဲ့ နျူကလိယာ ပရိုဂရမ်ကို ဖျက်စီးပစ်နိုင်ပြီလို့ လက်ခမောင်းခတ်နေတာတွေက အချိန်စောပါသေးတယ်။ နောက်ဆုံး ကုန်ကုန်ပြောရရင် ဒီလို နည်းနဲ့ Fordo ဆိုက်(ထ်)ကို ဖျက်စီးနိုင်ခဲ့ရင်တောင် အီရန်ရဲ့ နျူကလိယာ ပရိုဂရမ်ကို သုတ်သင် ရှင်းလင်းပစ်လို့ မရနိုင်ဘူး။ အီရန်မှာ လုံလောက်တဲ့ စက်မှု အခြေခံ၊ နည်းပညာ အခြေခံ၊ ရင်းမြစ်နဲ့ သိပ္ပံပညာရှင် အသိုင်းအဝိုင်း ရှိတယ်။ ဒါတွေ အားလုံးကို ဗုံးကြဲရှင်းပစ်လို့ မရပါဘူး။ ဒါကိုလဲ အမေရိကန်ဘက်က မသိဘဲ မနေပါဘူး။ အမေရိကန် ခေါင်းဆောင်တဲ့ အရင်းရှင်နယ်ချဲ့ဂိုဏ်းက ဒီလို ရန်စ တိုက်ခိုက်လေ အီရန်ဘက်က နျူကလိယာ လက်နက်ရရှိရေးကို အရှိန်မြှင့် လုပ်လေပဲ ဖြစ်လာမယ်။ အနောက် အရင်းရှင်နယ်ချဲ့တွေကို အီရန် ပြည်သူတွေက ခါးခါးသီးသီး မုန်းတီးနေတာဖြစ်လို့ အီရန် အစိုးရရဲ့ ဒီအားထုတ်မှုကို အင်တိုက်အားတိုက် ထောက်ခံကြမှာပဲ။

နတန်ညာဟု ခေါင်းဆောင်တဲ့ အစ္စရေး အစိုးရနဲ့ ဒေါ်နယ်ထရမ့် ခေါင်းဆောင်တဲ့ အမေရိကန် နယ်ချဲ့ အစိုးရတို့ရဲ့ ဒီလုပ်ရပ်တွေက အရှေ့အလယ်ပိုင်း ဒေသကြီး တခုလုံး စစ်

မီးလောင်တိုက်သွင်းတဲ့ အဖြစ်ကို ရောက်သွားစေလိမ့်မယ်။ 'all-out regional war' ဖြစ်လာအောင် လုပ်နေတဲ့ တရားခံစစ်မိစ္ဆာတွေဟာ သူတို့ပဲ။

အီရန်ရဲ့ ချူကလိယာ ပရိုဂရမ်ကို ဖျက်စီးနိုင်တာ မသေချာပေမယ့် ဒေါ်နယ်ထရမ့်ဟာ နတန်ညာဟု ရည်ရွယ်ထားတဲ့အတိုင်း ရှူးရှူးမိုက်မိုက် လိုက်ပါသွားတာတော့ သေချာတယ်။ အမေရိကန်ဘက်က လေကြောင်း တိုက်ခိုက်မှုအပြီး ဒေါ်နယ်ထရမ့် မိန့်ခွန်းထွက်ပြောပါတယ်။ ဒီမတိုင်ခင်လေးမှာပဲ နတန်ညာဟုက ဒေါ်နယ်ထရမ့်ကို ကျေးဇူးတင်ကြောင်း အားရပါးရ ဆိုထားတဲ့ ဗီဒီယိုဖိုင်ကို အစ္စရေးဘက်က ထုတ်လွှင့်ထားတယ်။ ကြိုပြီး record လုပ်ထားတဲ့ အဲဒီ ဗီဒီယိုဖိုင်မှာ နတန်ညာဟုက

"အီရန်ရဲ့ ချူကလိယာ အဆောက်အအုံတွေကို ဆန့်ကျင်တိုက်ခိုက်လိုက်တဲ့ အမေရိကန်ရဲ့ လုပ်ဆောင်ချက်တွေကို ဘယ်သူမှ မနှိုင်းယှဉ်သာကြောင်း၊ ကမ္ဘာ့ အန္တရာယ် အကြီးဆုံး အစိုးရကို ကမ္ဘာ့ အန္တရာယ် အကြီးဆုံး လက်နက်ပိုင်ဆိုင်ခွင့် မပေးသူအဖြစ် အမေရိကကို သမိုင်းက မှတ်တမ်းတင်သွားလိမ့်မည် ဖြစ်ကြောင်း၊ အမေရိကန်နဲ့ အစ္စရေးတို့ရဲ့ ပူးပေါင်း လုပ်ဆောင်မှုကြောင့် အရှေ့အလယ်ပိုင်းဒေသ အပြင်ဘက်အထိ ငြိမ်းချမ်းသာယာပြီး တိုးတက်ဖွံ့ဖြိုးသော အနာဂတ်ကို ဆောင်ကျဉ်းပေးနိုင်မှာ ဖြစ်ကြောင်း" ပြောသွားခဲ့တယ်။

စစ်မိစ္ဆာတွေက သူတို့ကိုယ်သူတို့ ငြိမ်းချမ်းရေး ဗိသုကာကြီးလိုလို ပုံဖော်ချင်ကြသေးတာပဲလို့ အရင်ဆုံး မှတ်ချက်ပြုရလိမ့်မယ်။ သေချာတာကတော့ သူပြောတာတွေနဲ့ ဆန့်ကျင်ဘက်တွေချည်း ဖြစ်လာလိမ့်မယ်။ အီရန်ရဲ့ ချူကလိယာ အန္တရာယ် လက်ညှိုးထိုးပြီး လူသန်းပေါင်းများစွာကို စစ်မီးပင်လယ်ထဲ ဆွဲချသူ၊ အရှေ့အလယ်ပိုင်းသာမက ကမ္ဘာ့စီးပွားရေးတခုလုံးကို ကျွမ်းထိုးမှောက်ခုံ ဖြစ်အောင် လုပ်ခဲ့သူ၊ ငြိမ်းချမ်းရေးနဲ့ သာယာဝပြောရေးအစား အငတ်ဘေးတွေ သင့်စေခဲ့သူ အစိုးရ ခေါင်းဆောင်များအဖြစ် သမိုင်းမှာ ကမ္ပည်းထိုးကြပါလိမ့်မယ်။ ဘီဘီရေ စိတ်ကူး သိပ်မယဉ်နဲ့။

ယုံကြည်မှုအပြည့်ရှိသယောင် ဟန်ဆောင်ထားရပေမယ့် နတန်ညာဟုအနေနဲ့ ရတက်မအေးနိုင်ဘူး။ စိုးရိမ်မှုအပြည့်နဲ့ ရှင်သန်နေရတယ်။ ဘာ့ကြောင့် ဒီလို ပြောရသလဲ။ အကြားအမြင် ရနေလို့ ပြောနိုင်တာ မဟုတ်ဘူး။ အခြေအနေကို နားလည်ရင် နတန်ညာဟုတို့ အနေအထားကို အကဲခတ်ဖို့ မခဲယဉ်းပါဘူး။

နတန်ညာဟုတို့ဘက်မှာ အချိန် မရှိဘူး။ မြန်မြန်ပွဲသိမ်းအောင်ပွဲခံနိုင်ဖို့ လိုအပ်တယ်။ အီရန် စစ်တပ် ထိပ်သီး ဗိုလ်ချုပ်တွေကို ရှင်းပစ်ပြီး လေတပ် ကာကွယ်ရေး စနစ်တွေ ချိုးဖျက်ထားလိုက်ပြီ၊ အီရန်ဘက်က ရတ်တရက် ပြန်မတိုက်နိုင်လောက်အောင် ဖြစ်သွားပြီလို့ ဘယ်လိုပဲ ပြောပြော၊ စကားမဆုံးခင်မှာပဲ အီရန်က အစ္စရေးကို တာဝေးပစ် ဒုံးတွေနဲ့ ပြန်ထုနေပြီ။ လေကြောင်းကနေ ဘာနဲ့ထုထု မထိအောင် ကာကွယ်နိုင်စွမ်း ရှိပါတယ်လို့ အမြဲ ကြွေးကြော်ထားတဲ့ အစ္စရေး လေကြောင်း ကာကွယ်ရေး စနစ်လဲ တကယ့် လက်တွေ့မှာ အပြည့်အဝ မကာကွယ်နိုင်ကြောင်း တွေ့ခဲ့ရပြီ။

အဓိက အချက်က အီရန်ဘက်က ပစ်နေတဲ့ ဒုံးတွေကို ပစ်ချဖို့ အစ္စရေးဘက်မှာ Patriot missile ဆိုတာတွေ လုံလုံလောက်လောက် မရှိဘူး။ မရှိရင် ထပ်ထုတ် ဆိုတာမျိုး ခပ်လွယ်လွယ် မပြောနိုင်တဲ့ အခြေအနေ။ ထုတ်ရချိန် ကြာတယ်၊ အရင်းအနှီး များတယ်။ ကွန်မြူနစ်တွေက တဖက်သတ်ဝါဒဖြန့်နေတယ် စွပ်စွဲလို့မရအောင် The Economist က ဖော်ပြချက်ကိုပဲ ကိုးကားပြောပါမယ်၊ အစ္စရေးရဲ့ လေကြောင်းကာကွယ်ရေး စနစ်အတွက် တရက် ကုန်ကျစရိတ်ဟာ ဒေါ်လာသန်း သုံးရာနီးပါးလို့ သူတို့ပြောပါတယ် (သန်း ၂၈၀ ဝန်းကျင်လို့ သိရပါတယ်)။ လက်ရှိနှုန်းအတိုင်း အီရန်က ဒုံးတွေကို ပစ်ချနေရရင် ရှိပြီးသား စတော့(ခ်) လက်ကျန် မကြာခင်ရက်သတ္တပတ်အတွင်း ကုန်သွားတော့မယ်။ အစ္စရေး ကုန်သလို အီရန်လဲ ကုန်မှာပေါ့လို့ တွက်ရင် မှားပါတယ်။ အီရန်ဘက်က ပစ်နေတဲ့ ဒုံးတွေက ထုတ်လုပ်စရိတ် ဒေါ်လာ

ထောင်ဂဏန်းပဲ ကုန်ကျပြီး ထုတ်လုပ်ချိန်လဲ မြန်ပါတယ်။ ဒါ့အပြင် လက်ရှိ စတော့(ခ်)တင် ထောင်ပေါင်းများစွာ ရှိနေလို့ ဒုံးရာချီ ဆက်တိုက် လွှတ်နေနိုင်တာပါ။

ဒါ့ကြောင့် နတန်ညာဟုအနေနဲ့ ဒီနှုန်းအတိုင်း ရေရှည် ဆက်တိုက်သွားရင် ‘war of attrition’ မှာ အီရန်ဘက်က အသာစီးရသွားနိုင်ကြောင်း ကောင်းကောင်း သိတယ်။ သူ စတင်လိုက်တဲ့ စစ်ပွဲကို မြန်မြန်နဲ့ ပွဲသိမ်းအောင် မတိုက်နိုင်ရင် သူ့ကြမ္မာကို တွေးကြည့်ရုံနဲ့ မြင်နိုင်ပါတယ်။ ဒေသတွင်း ဗိုလ်ကျ စစ်ခင်းနေတဲ့ အစ္စရေး လူ့အဖွဲ့အစည်းအနေနဲ့ ဒီစစ်ကုန်ကျစရိတ်တွေ ဆက်ထမ်းထားဖို့ ဘယ်လိုမှ မဖြစ်နိုင်ဘူး။ အီရန်နဲ့ စစ်ပွဲမှာ မြန်မြန် အောင်ပွဲမရသွားဘူးဆိုရင် အစ္စရေးရဲ့ အင်အားဟာ အခုထက် ပိုချိနဲ့သွားမှာ သေချာတယ်။ မဟာစစ်ခေါင်းဆောင် ဖြစ်ချင်တဲ့ နတန်ညာဟုလဲ ခွေးဖြစ်သွားမယ်။ ဒါ့ကြောင့် ဒီစစ်ပွဲမှာ အမေရိကန် ဝင်ပါလာရေးက နတန်ညာဟုတို့ ဇိုင်ယင်နစ်တွေအတွက် သေရေးရှင်ရေး ကိစ္စဖြစ်လာတယ်။

အခု အမေရိကန် ဝင်ပါလာတော့ ဘာဆက်ဖြစ်မလဲ။ ဒီအကြောင်း ဆက်မရေးခင် အနောက် အရင်းရှင်နယ်ချဲ့ဂိုဏ်းနဲ့လွတ်လပ်သော အနောက် မီဒီယာကြီးများရဲ့ ကြောင်သူတော်ဆန်ပုံကို ထည့်ပြောဖို့ လိုလာတယ်။ ၂၀၂၂ မှာ ယူကရိန်းကို ရုရှားက ဝင်တိုက်တော့၊ ၂၀၂၃ မှာ အစ္စရေးကို ဟားမား(စ်)က ဝင်တိုက်တော့ သူတို့ ဘာပြောခဲ့လဲ၊ ယူကရိန်းနဲ့ အစ္စရေးတို့ဘက်က မိမိကိုယ်ကိုယ် ခုခံကာကွယ်ပိုင်ခွင့် ရှိကြောင်း ထပ်တလဲလဲ ပြောခဲ့ကြတယ် မဟုတ်လား။ အခု အီရန်ကို အစ္စရေးနဲ့ အမေရိကန်က ရန်စ တိုက်ခိုက်တော့ အီရန်ရဲ့ မိမိကိုယ်ကိုယ် ခုခံကာကွယ်ပိုင်ခွင့် အကြောင်း သူတို့ လေသံဟသေးရဲ့လား။ အီရန်ဘက်က (defend herself) ဘယ်လို လုပ်မလဲလို့ သူတို့ မရေးဘူး၊ အီရန်ဘက်က ဘယ်လို(retaliate လုပ်မလဲ) လက်တုံ့ပြန်မလဲ ဆိုတာပဲ အမျိုးမျိုး ပြောနေကြတယ်။ သူတို့ ဗီလိန်လုပ်ထားတဲ့ ဇာတ်ကောင်ဆိုရင် အဲသလို စကားလုံး အသုံးအနှုန်းကအစ စနစ်တကျ ရွေးချယ်သုံးတတ်ပုံ၊ ကြောင်သူတော်ဆန်ပုံကို ထောက်ပြလိုရင်း ဖြစ်ပါတယ်။

## စစ်မိစ္ဆာတွေရဲ့ တွက်ကိန်းအမှား

အမေရိကန် အစ္စရေးဘက်က ဝင်ပါလာလို့ အီရန်ကို လွယ်လွယ်နဲ့ အနိုင်ရသွားမယ် တွက်ရင် မှားလိမ့်မယ်။ ကျနော်တို့ သာမန် အရပ်သားတွေ တွက်ကိန်းလွဲလို့ ဘယ်သူမှ ဒုက္ခမဖြစ်ဘူး။ အိမ်ဖြူတော်မှာ တက်ထိုင်နေတဲ့ သမ္မတဆိုသူ တွက်ကိန်းလွဲရင်တော့ အရှေ့အလယ်ပိုင်းတင်မက ကမ္ဘာနဲ့အဝှမ်း ကြီးမားတဲ့ ဆိုးကျိုးတွေ ခံစားရလိမ့်မယ်။

ကွန်မြူနစ်တွေရဲ့ အမြင်ကို မပြောခင် အရင်းရှင် လူတန်းစားဘက်က serious strategist တွေရဲ့ အာဘော် Financial Time ရဲ့ သုံးသပ်ချက်ကိုပဲ အရင် ဖော်ပြပါမယ်။ ဆောင်းပါးခေါင်းစဉ်က “Donald Trump gambles his presidency as US enters war with Iran” ဖြစ်ပါတယ်။ နောက်ထပ် ဘယ်ပဋိပက္ခမှာမှ အမေရိက မပါစေရဘူးလို့ လပေါင်းများစွာ ကတိပေးလာတဲ့ ယူအက်(စ်) သမ္မတက အခု ထဲရန်ကို တိုက်တဲ့နေရာမှာ အစ္စရေးဘက်က ဝင်ပါသွားပြီလို့ ကနဦး ဝေဖန်ထားတယ်။ ဒေါ်နယ်ထရမ့်ဟာ အကြီးမားဆုံး အလောင်းအစားတခုကို လုပ်လိုက်တာပဲ၊ သူ့အမြင်မှာ အီရန်နဲ့ သူ့ပရောက်စီတွေ အရှေ့လယ်ပိုင်းမှာ အင်အား အလွန်နည်းနေပြီ၊ ဒီလိုအချိန် အမေရိကန်က ကြားဝင်လိုက်ရင် စစ်ပွဲလဲ တာမရှည်ဘဲ လွယ်လွယ်အောင်ပွဲရသွားမယ်၊ အီရန်ဘက်က တုန်လှုပ်သွားပြီး စေ့စပ်ရေး မြန်မြန်လုပ်လိမ့်မယ်လို့ တွက်ထားတယ်။

အီရန်ကို လေကြောင်းက တိုက်ခိုက်အပြီး ဒေါ်နယ်ထရမ့် ထွက်ပြောတဲ့ မိန့်ခွန်းမှာလဲ အီရန်ဘက်က ငြိမ်းချမ်းရေးစကား (ခြိမ်းချက်မရှိ အညံ့ခံ အရှုံးပေးစကားလို့ ဖတ်ပါ) မြန်မြန်မပြောဘူးဆိုရင် ကျန်နေသေးတဲ့ တခြား ပစ်မှတ်တွေကို ‘precision, speed and skill’ နဲ့ တိုက်သွားမယ်လို့ ကြုံးဝါးသွားတယ်။ ဒီလိုနည်းနဲ့ ယူအက်(စ်)က အီရန်ကို မြန်မြန် အလဲထိုး

နိုင်ရင် ယူအက်(စ်)တပ်တွေ အရှေ့အလယ်ပိုင်း စစ်မြေပြင်မှာ ကြာကြာဝင်ပါစရာ မလိုဘူး၊ အောင်ပွဲလဲ ခံနိုင်မယ်၊ သူတို့ယူအက်(စ်)လဲ အရင်းအနှီး သိပ်မကုန်တော့ဘူးလို့ 'real estate' စီးပွားရေးလောကမှာ ကျင်လည်ခဲ့သူပီပီ တိမ်တိမ်ကလေး တွေးလိုက်ပုံပဲ။

အီရန်ဘက်က အစွမ်းအစကို လျှော့တွက်ရာရောက်



Image -Avash Media,Wikimedia Commons

ပြီး တကယ့် မြေပြင်မှာ သူထင်သလို မဖြစ်နိုင်ကြောင်း serious strategist တွေက နားလည်ပုံပဲ။ ဒ့ါကြောင့် "အရှေ့အလယ်ပိုင်းမှာ ဒီထက် စစ်မီးကြီးထွားနိုင်တဲ့ အန္တရာယ်က အလွန်ကြီးတယ် ၊ နောက်ထပ် ဂလိုဘယ် ပဋိပက္ခ အသစ်တွေမှာ ဝင်မပါတော့ဘူးလို့ ကတိပေးထားတဲ့ အမေရိကန် သမ္မတအနေနဲ့ တန်ပြန်ရိုက်ချက်တွေ ခံလာရနိုင်တယ်" လို့ FT က ထောက်ပြတယ်။

FT ရဲ့ နောက်မှတ်ချက်တခုကိုလဲ ဒီနေရာမှာ ဖော်ပြလိုတယ်။ 'စနေနေ့က ထရမ့်ကို မြင်ရတာ isolationist အဖြစ်ကနေ warmonger ဘဝကို ပြောင်းသွားတာ သဘောခွေ့နေပုံပဲ' လို့ ဆိုထားတယ်။ ဒေါ်နယ်ထရမ့် အစိုးရရဲ့ နိုင်ငံခြားရေး ပေါ်လစီတွေကို ကြည့်လိုက်ရင် ယူကရိန်းစစ်၊ အရှေ့အလယ်ပိုင်းက ထာဝရ စစ်ပွဲတွေမှာ ယူအက်(စ်) ဝင်ပါနေတာ မလိုလားဘူး၊ ပြန်ထွက်ရမယ်၊ စစ်ရေးနည်းအစား အပေးအယူလုပ်တဲ့နည်းနဲ့ ကစားမယ်၊ ဆိုတဲ့ isolationist ရပ်တည်ချက်မျိုး တွေ့ရတယ်။ ဒါပေမယ့် အခု လုပ်ရပ်ကတော့ warmonger ဖြစ်သွားပြီ။

## Backfire လာလိမ့်မယ်

ဒါရဲ့ နောက်ဆက်တွဲ တန်ပြန် ရိုက်ချက်တွေ လာပါလိမ့်မယ်။ ဒေါ်နယ်ထရမ့်ကိုယ်တိုင် သူ့ပြည်သူတွေ ဆန့်ကျင်တာ ခံရလိမ့်မယ်။ သူ့ကို မဲပေးလိုက်တဲ့ မဲဆန္ဒရှင်တွေကိုယ်တိုင် ဒေါ်နယ်ထရမ့်ကို ဆန့်ကျင်လာလိမ့်မယ်။ အမေရိကန် အစိုးရဟာ ကမ္ဘာ့ပုလိပ်ကြီးလုပ်၊ မနိုင်နိုင်တဲ့ စစ်ပွဲတွေမှာ ဝင်ပါရင်း ကြွေးမြီ ၃၆ ထရီလီယံကျော် တင်နေပြီ။ ဒ့ါကြောင့် ထရမ့်က နောက်ထပ် ဘယ်စစ်ပွဲမှာမှ ဝင်မရှုပ်တော့ပါဘူး၊ အထူးသဖြင့် အရှေ့လယ်ပိုင်းမှာ ထာဝရ စစ်ပွဲတွေ ထပ်မစ

တော့ပါဘူးလို့ ကတိပေးပြီး ရွေးကောက်ခံလာရခြင်း ဖြစ်တယ်။

အမေရိကန်နဲ့ အစ္စရေး ထင်ရာလုပ်တိုင်း ပြားပြားဝပ်သွားရအောင် အီရန်က အကောင်မသေးလှဘူး။ သူဟာလဲ ဒေသတွင်း အင်အားတောင့်တင်းတဲ့ ပါဝါတခုပဲ။ အလုပ်သမား လူတန်းစားလဲ အင်အား မသေးလှဘူး။ သဘောက စစ်အတွင်းက အရှိန်တင်လို့ ရနိုင်တဲ့ စက်မှု အခြေခံ ရှိတယ်၊ ရေရှည်တောင့်ခံနိုင်အောင် war economy အတိုင်း ထုတ်ပေးနိုင်တဲ့ အလုပ်သမား အင်အား ရှိတယ်။

အရှေ့အလယ်ပိုင်းက အမေရိကန်ရဲ့ စစ်အခြေစိုက်စခန်းတွေ၊ အမေရိကန် စစ်သား ၄၀၀၀၀ ကျော်ကို အချိန်မရွေး ထတိုက်နိုင်တဲ့ အီရန်ရဲ့ ပရောက်စီ တပ်ဖွဲ့အသီးသီး ဒေသတွင်းမှာ ကွန်ယက်သဖွယ် ရှိနေပြီးသား။ အီရတ်နဲ့ အာဖဂန်မှာ နှာခေါင်းကျည်ပွေ့တွေ့ထားတဲ့ အမေရိကန်အနေနဲ့ အီရန်ကို လွယ်လွယ်ကလေး ထိုးလဲနိုင်မယ်လို့ တွက်တာ တော်ရုံ မိုက်ရူးရဲဆန်တာ မဟုတ်ဘူး။

အီရန်က လက်တုံ့ပြန်တဲ့ အနေနဲ့ Hormuz ရေလက်ကြားကို ပိတ်ချလိုက်နိုင်တယ် ဆိုပြီး အနောက် မီဒီယာကြီးတွေ အားလုံးလိုလို ရေးနေကြတယ်။ အီရန်ကိုတောင် အနောက် အရင်းရှင် ကမ္ဘာက ဝိုင်းဝန်း ပိတ်ဆို့ အရေးယူထားသေးတာပဲ၊ အီရန်ဘက်က ဟောမု(ဇ်) ရေလက်ကြားကို ပိတ်ချလိုက်မယ်ဆိုတာ ကြောင်းကျိုးမဆီလျော်တဲ့ ကိစ္စတော့ မဟုတ်ဘူး။ တကယ်လို့ ဒီရေလက်ကြားကို ပိတ်ချလိုက်ရင် ဘာဖြစ်သွားမလဲ။

ကမ္ဘာ့ လောင်စာဆီ တင်ပို့မှု ၂၅% နဲ့ (LNG) သဘာဝဓာတ်ငွေ့ ထုတ်လုပ်မှု စုစုပေါင်းရဲ့ သုံးပုံတပုံဟာ ဒီရေလက်ကြားကို ဖြတ်သွားရခြင်း ဖြစ်တယ်။ ဒ့ါအပြင် ဒူဘိုင်းမှာ ရှိတဲ့ Jebel Ali ကုန်သွယ်ရေး ဆိပ်ကမ်းဟာ ကမ္ဘာ့ ကုန်သွယ်ရေးမှာ အင်မတန် အချက်အချာကျတဲ့ နေရာ ဖြစ်ပါတယ်။ ကမ္ဘာ့ ကွန်တိန်နာ သင်္ဘောကြီးတွေ အဲဒီဆိပ်ကမ်းကို ရောက်ဖို့ ဟောမု(ဇ်) ရေလက်ကြားကို ဖြတ်သွားရပါတယ်။

အဲ့တော့ အီရန်ကသာ ပိတ်ချလိုက်ရင် သက်ရောက်မှုက လောင်စာဆီဈေး တက်မှာ တခုတည်း မဟုတ်တော့ဘူး။ ကမ္ဘာ့ စီးပွားရေး တခုလုံးကို အကြီးအကျယ် ဖရိုဖရဲ ဖြစ်သွားစေနိုင်တယ်။ ဆီဈေးတက်တယ် ဆိုရင် ဆီဈေးတခုတည်းနဲ့ ရပ်သွားတာ မဟုတ်ဘူး။ သယ်ယူပို့ဆောင်စရိတ်၊ ထုတ်လုပ်ရေးစရိတ်တွေ တက်မယ်၊ ဒါဆို ကျန်တဲ့ ကုန်စည်ဈေးတွေလဲ အကုန် တက်ပြီပေ့ါ။

ဒီကနေ့ ကမ္ဘာ့ အရင်းရှင်စနစ်မှာ ဂလိုဘယ် supply chains ပြတ်တောက်သွားရင် ဘာဖြစ်တတ်သလဲ ကိုဗစ်ကာလမှာ လက်တွေ့ မြင်ခဲ့ရပြီးပြီ။ အခုတချီက အဲဒီထက် ဆိုးပါမယ်။ ကမ္ဘာ့ အရင်းရှင်စနစ်ဟာ အခုကို slump ဖြစ်နေပြီသားလို့ ပြောနိုင်တယ်။ ဒီအခြေအနေမှာ နောက်ထပ် ရှော့(ခ်)တခု ထပ်လာရင် ဘာဆက်ဖြစ်မလဲ အများကြီး တွေးစရာ မလိုပါဘူး။

အီရန်ကို အမေရန်က ဝင်တိုက်လိုက်ခြင်းဟာ ကမ္ဘာ့ စီးပွားရေးသာမက နိုင်ငံတကာ ဆက်ဆံရေးမှာပါ အကြီးအကျယ် ဂယက်ရိုက်သွားလိမ့်မယ်။ ၂၀၂၅ ဧပြီ ၂၁ ရက်နေ့က ရုရှားနဲ့ အီရန်တို့ Comprehensive Strategic Partnership သဘောတူညီချက် လက်မှတ်ရေးထိုးတယ်။ နှစ်နိုင်ငံလုံးက ယူအက်(စ်)ရဲ့ ပိတ်ဆို့အရေးယူခြင်း ခံထားရတဲ့ နိုင်ငံတွေ။ ဒီတော့ သူတို့ချင်း စစ်ရေး၊ စီးပွားရေးအရ မဟာမိတ်ဖွဲ့တာ ဘာမှ မထူးဆန်း။ အဲသလိုပဲ အီရန်ကို အမေရိကန်က စစ်ရေးအရ ရန်စ တိုက်ခိုက်လိုက်ရင် ရုရှားဘက်ကလဲ တုံ့ပြန်မှုလုပ်လာစရာ အကြောင်းရှိတယ်။

ထရမ့်ကို မဲပေးလိုက်သူဆီက ထွက်လာတဲ့ စကားနဲ့ပဲ ဒီဆောင်းပါးကို အဆုံးသတ်ရင် ကောင်းလိမ့်မယ် -

“ထရမ့်ကသာ ငါတို့ကို ဒီစစ်ထဲ သွင်းလိုက်မယ်ဆိုရင် သူ့ကိုလဲ မထောက်ခံတော့ဘူး၊ သူ့အစိုးရကိုလဲ လက်မခံတော့ဘူး၊ ကိစ္စပြတ်ပြီပဲ။”

မနေ့က တင်လိုက်တဲ့ ဆောင်းပါး ဒုတိယပိုင်းမှာ ရေး

ခဲ့သလိုပဲ အမေရိကန် အလုပ်သမားထုရဲ့ အဓိက ရန်သူဟာ အမေရိကန် အစိုးရပဲ။ The Main Enemy is at Home! ဆိုတာ တော်လှန်သော လူထုရဲ့ ကြွေးကြော်သံလဲ ဖြစ်တယ်။ ကမ္ဘာ့ အရင်းရှင်စနစ်ကို အလုပ်သမားထုက မဖြိုချနိုင်သရွေ့ အခုလို စစ်မီးတွေ တောက်လောင်နေဦးမယ်။

ရေးသူ - လန်းနာ့(ဒ်)

- The Main Enemy is at Home!
- Hands off Iran!
- Hands off Gaza! Hands off the whole Middle East!
- Down with the Israeli occupation!
- Down with the Warmongers!
- For a revolution against capitalism and imperialism!
- For a Socialist Federation of the Middle East!



# The crisis of the regime and the entrance of new imperialist forces

Thurein Mon

## Military regime in crisis

Since the 2021 military coup, Myanmar has witnessed revolutionary mass struggles. Millions took to the streets to oppose the junta, but their efforts fell short of toppling the regime. In the aftermath, armed guerrilla warfare began to escalate across the country.

The First on October 27, 2023, the first phase of “Operation 1027,” launched by the Northern Alliance, inflicted significant losses on military positions in Laukkai, an important city in the northern Shan state. The second wave of the operation resumed in 2024, delivering even heavier blows to the junta. The military suffered a major defeat with the fall of Lashio—a strategically vital city near the Chinese border—and the loss of the Northeastern Regional Military Command headquarters to the Myanmar National Democratic Alliance Army (MNDAA). This marked the most devastating loss yet for the regime, prompting its leadership to urgently appeal to Beijing for support.

In December 2024, the junta also lost the Western Regional Command headquarters in Rakhine State. Apart from three townships, nearly the entire state came under the control of the Arakan Army (AA). This region holds critical importance for China due to major infrastructure investments, including the Kyauk Phyu Special Economic Zone, oil and gas pipelines linking the Bay of Bengal to China’s Yunnan province, and a deep-sea port project that would grant China direct access to the Indian Ocean. Chinese state enterprise currently holds a 70 percent stake of the port on a *50 year lease that could be extended to 75 years.*

Other ethnic armed groups, including the Ta’ang National Liberation Army (TNLA) and the Kachin Independence Army (KIA), have launched successful offensives in Shan and Kachin States, capturing one township

after another. TNLA and its allies have even advanced to Naung Cho, a town not far from Mandalay, raising the possibility of Myanmar's second-largest city falling to resistance forces. The regime appears increasingly shaken and desperate.

Rampant corruption within the military, especially among the top brass, has further demoralized rank-and-file soldiers, who feel abandoned by their leaders. While the Arakan Army seized the Western Command, The Junta regime's top brass Min Aung Hlaing and his generals were seen attending the closing ceremony of a national sports festival in Naypyidaw—an act that angered even staunch regime supporters. The festival appeared to be a propaganda effort to stir nationalism and divert public attention from the regime's deepening crisis.

Meanwhile, the International Criminal Court (ICC) has been seeking to issue an arrest warrant for Min Aung Hlaing over crimes against humanity related to the 2017 genocide of the Rohingya in Rakhine State. This legal pressure further undermines the morale of junta forces, already reeling from battlefield losses. In the face of mounting internal turmoil, Min Aung Hlaing reshuffled his inner circle in late 2024, appointing his loyalist Lieutenant General Kyaw Swar Lin as Chief of the General Staff.

Lacking a genuine social base, the regime has resorted to brutal tactics, including indiscriminate airstrikes targeting civilians. *At the time of writing, junta air forces bombed* a school in Depayin Township, Sagaing Region—a horrific attack that claimed the lives of dozens of schoolchildren and teachers. Such acts of terror underscore the regime's desperation, yet they are insufficient to ensure its survival. Increasingly, the junta depends on the crucial support of Chinese and Russian imperial powers to maintain its grip on power.

## Chinese regime props up Myanmar junta

Following the fall of Lashio, Beijing swiftly dispatched top officials—Foreign Minister Wang Yi and Deng Xijun, the Chinese Foreign Ministry's Special Envoy for Asian Affairs—to Naypyidaw. Their visit sparked speculation about China's stance, with some, including *Yun Sun writing in Nikkei Asia, suggesting* that the Chinese Communist Party (CCP) might be permanently shifting its support toward the resistance forces. However, subsequent developments made it clear that this was not the case.

Despite frequent claims of neutrality and non-interference in Myanmar's internal affairs, China's actions have consistently contradicted its rhetoric. *Leaked meeting minutes revealed* the extent of China's involvement. On August 27, 2024, a confidential meeting was held in Pu'er, in China's Yunnan Province, between Deng Xijun and leaders of the United Wa State Army. According to BBC Burmese, citing sources close to the Wa group, the meeting did take place and the leaked information appears largely accurate.

### Key Revelations from the Leaked Document

Several critical points emerged from the leaked document:

1.**Chinese Opposition to Extended Rebel Gains**: China strongly opposed the MNDAA and its allies extending Operation 1027, particularly their seizure of Lashio. Beijing urged the groups to withdraw, viewing the takeover as a destabilizing move.

2.The document reveals that China considers the Myanmar military to be the founder of the modern state and believes that neither the National Unity Government (NUG) nor Aung San Suu Kyi's National League for Democracy (NLD) can replace it—an assertion described as "historically determined" [sic]. It is ironic that a representative of a self-proclaimed Communist state expressed such a fatalist view of history. It also reflects Beijing's suspicion that the NUG and People's Defense Forces (PDFs) are U.S.-aligned proxies, posing a threat to China's strategic interests.

3.**Red Line in Lashio and Strategic Concerns**: MNDAA's occupation of Lashio was described as crossing a red line for China, endangering bilateral relations and threatening key Belt and Road Initiative (BRI) projects in the region. The document also suggests this event could open the door for Western intervention.

While Beijing appeared to tacitly support the initial phase of Operation 1027, particularly as it helped dismantle transnational telecom and internet scam syndicates in the border areas, it never intended to back a revolutionary movement. The support was pragmatic: a way to pressure the increasingly unreliable junta and maintain leverage. The fall of Lashio, however, signaled a level of instability China was unwilling to tolerate.

The Myanmar junta relied heavily on a lifeline provided by Beijing, which pressured the Kokang armed forces to withdraw from Lashio. Simultaneously, the military regime launched daily airstrikes and bombings on the city, reducing much of it to rubble.

China also imposed a blockade on the Kokang region, cutting off essential supplies such as electricity, water, internet access, fuel, medicine, rice, and human supplies as well. In addition, the United Wa State Army was strictly prohibited from supplying arms and ammunition to resistance groups, including the MNDAA and TNLA.

The general public remained unaware of this imperialist blockade until October. Thus, many were surprised when the MNDAA issued a statement in early September 2024, declaring that they would not engage in military or political cooperation with pro-Western forces, particularly the National Unity Government (NUG). The MNDAA also affirmed that they would refrain from launching offensives to seize Taunggyi, the capital of Shan State, and Mandalay, Myanmar's second-largest industrial center.

Eventually, under mounting pressure, the MNDAA began withdrawing from Lashio in April 2025, following negotiations with the junta held in China's Yunnan province. It has become evident that Beijing is now exerting significant pressure on other members of the Northern Alliance, particularly the TNLA. Backed by China, the junta has demanded that the TNLA withdraw from all territories seized during the Operation 1027 offensive. So far, the TNLA has refused to comply, and talks have collapsed. However, it remains uncertain whether they can




withstand sustained Chinese pressure in the long term.

## A continuation of domestic policy

The military's coup in Myanmar in 2021 was not aligned with Beijing's interests, nor does China believe that the junta can sustain its rule by force alone. This explains why it has pressured the regime to hold elections in 2025, which is truly spectacular given that China itself does not hold real elections. Yet, at the same time, China is sanctioning the northern resistance forces—those very groups that came close to toppling the junta. Why this contradiction?

Some leftists and pro-China analysts, such as a leading member of the Communist Party of Burma (CPB) in a BBC interview, argue that diplomatic relations do not equate to political endorsement. However, this distinction becomes increasingly hard to defend—especially when China continues to supply the junta with military jets. The claim that these arms deals are based on prior agreements and do not reflect ongoing support does not withstand serious scrutiny.

While parts of the so-called "left" concede that China backs authoritarian regimes like Myanmar's junta, they often ignore China's fundamentally capitalist structure. Their argument is that the Chinese Communist Party (CCP), despite its assertive foreign policy, is still implementing "socialism with Chinese characteristics" in the interest of the people. According to this view, China's support for the junta is merely a flawed foreign policy—not a reflection of its internal economic system. From this logic, they conclude that all that's needed is to push for a "patriotic line"—and leave it at that.

Such thinking fails to recognize the essential fact that Chinese capitalism has evolved into monopoly capi-

talism, i.e. imperialism. This is why Chinese foreign policy in countries like Myanmar, Pakistan, Sri Lanka, and South Africa consistently advances imperialist objectives. Contrary to the claims of pro-CCP Stalinists, the Belt and Road Initiative (BRI) is not a benign infrastructure program, but an imperialist project driven by the interests of China's ruling class.

As township after township fell to the Arakan Army in Rakhine State, China moved urgently to protect its strategic interests in the region, aware that it could no longer rely on the Myanmar military. Despite a heavy presence of navy forces and infantry battalions around Kyaukphyu—a key port town—China established a joint-venture security company with the junta to protect its projects and personnel in the region. In return, the junta received much-needed support from Beijing. Junta leader Min Aung Hlaing's repeated pledges to hold elections by the end of 2025 are widely seen as an effort to placate China.

At this point, debating whether China is capitalist has become tiresome—it clearly is. The Chinese economy now suffers from an organic crisis of overproduction, much like other capitalist systems. To navigate this crisis, the CCP has employed the same capitalist tools as its global counterparts. Class contradictions within Chinese society are sharpening, with youth unemployment reaching alarming levels.

In this context, the Chinese ruling class has ample reason to fear the revolutionary spark spreading into its own borders. The CCP does not oppose regime change in Myanmar simply out of ideological loyalty or fear of a pro-Western liberal government. As the past decade has shown, such governments have posed no serious threat to Chinese capital. What the CCP truly fears is the fall of a military regime through popular uprising—a scenario that could ignite revolutionary momentum in Myanmar and reverberate throughout the region, including within China itself.


From a Marxist perspective, foreign policy is inseparable from domestic class dynamics. China's support for the junta is not a foreign policy aberration, but a reflection of its internal capitalist contradictions. Historically, the CCP has supported Myanmar's military regimes. But this time, it may be backing the wrong horse.

## Balancing between imperialist entrants

It was an open secret that the 1027 operations could not have achieved overwhelming success in such a short span of time without support from the Chinese Communist Party (CCP) regime. This move was not only intended to pressure the increasingly unreliable junta, but also to counter the growing influence of other imperialist powers—primarily Russia, and to a lesser extent, India.

As mentioned earlier, the military takeover did not align with Beijing's preference for a stable regime in its backyard. However, the coup leader made a serious miscalculation driven by narrow self-interest. As a result, he increasingly turned to Russia for support after the coup.

During Min Aung Hlaing's fourth visit to Russia in 2025, President Putin praised a 40% increase in bilateral trade over the past year. In a symbolic gesture, the




junta leader presented six elephants to Putin, reportedly in exchange *for six Russian fighter jets destined for Myanmar*. Additionally, both sides signed an agreement to construct a small-scale nuclear power plant in Myanmar, which would alleviate the longstanding energy shortage in the country that draws much ire from the masses. The Myanmar military has also been deepening its ties with the Russian armed forces, including close cooperation between their respective air forces.

Following the 1988 uprising, China became the primary supplier of military weapons to the Myanmar regime. However, in an effort to reduce its overwhelming dependence on China, the military government began diversifying its arms sources by acquiring Russian-made MiG-29 Fulcrum multi-role jet fighters, Mi-35 attack helicopters, and Mi-17 transport helicopters—all of which have been extensively deployed by the junta's air force in the ongoing civil war. Since the 2021 coup, *Russia has overtaken China as the largest provider of military support to the junta*. According to the Swedish think tank SIPRI, Russia supplied Myanmar with military equipment worth US$276 million in the year following the coup, compared to US$156 million from China.

In addition to military hardware support, Russia is also planning to invest in the long-delayed Dawei project on the Andaman Sea. This deep-sea port has the potential to connect the Indian and Pacific Oceans, offering an alternative transport route that bypasses the strategic Malacca Strait chokepoint. In a *recent memorandum* on the port, signed in February 2025, Russia also tacitly promised to build a oil refinery, which Myanmar desperately needs as it has long been frustrated by being a crude oil producer without being able to refine them for domestic use.

This move comes amid intensifying efforts by both China and India to advance their respective strategic infrastructure projects in Myanmar. On one hand, China is pushing forward with the development of the Kyaukphyu Special Economic Zone (SEZ) and deep-sea port in Rakhine State; on the other, India is backing the $484 million Kaladan Multi-Modal Transit Transport Project (KMTTP), centered in Sittwe, which is aimed at enhancing India's regional influence in Southeast Asia. Out of interests of

Indian imperialism to compete for influence over Myanmar with China, recently many India-based media outlets repeatedly make unfounded claims that a proxy war between the US and China would imminently break out in Myanmar, in order to fan up anti-Chinese sentiments.

At the same time, this helps explain China's "carrot and stick" approach toward the Myanmar junta — a strategy aimed at maintaining control while avoiding complete destabilization.

## The absence of the West

Notably, nowhere in this picture is the presence of Western imperialism. For more than a decade, Western imperialism has been on a steady retreat from Myanmar and yielding way to China, and its last hope for a comprador agent Aung San Suu Kyi whom they once lionised soon turned over to China as she went into government in 2016.

*According to official figures*, today only 3 countries of G10 make the top 10 FDI countries in Myanmar: the UK, Japan, and the Netherlands. Collectively they make up only 11.67 percent of FDI in Myanmar. The US' share is only 0.62 percent. These are dwarfed by China (including Hong Kong)'s 34.23 percent. Of course, no Western countries are given control over vital Burmese infrastructures like China, Russia, and India at the present time.

This explains why when the coup took place in 2021, the US Biden administration did very little in reply, while the EU only implemented some toothless sanctions. It is not that they no longer harbor imperialist ambitions over Myanmar. Rather, they are powerless to compete with Chinese dominance over the country.

This also explains why the pro-Western NUG representatives in Washington were *only given a desk space* by the Biden government inside a shared office and nothing more. What they have in abundance was neglect and apathy from US imperialism. As the NUG's press aide Aye Chan Mon told the New York Times about the reception she often receives in Washington. "They don't even know how to pronounce Myanmar, they think it's Yemen."

The isolationist Trump administration is even less interested in Myanmar. Trump even *fired USAID officials and workers* after they arrived in Myanmar to join the April earthquake relief efforts.

This sharply contrasts with the enormous amount of attention that the US paid to Myanmar under the Obama administration, when the US attempted to reassert Western influence over the country with might and main. All this came to a dead end soon after, and by now the West has largely conceded Myanmar to China.

The retreat of the West from Myanmar expresses a key feature of the present epoch of world capitalism: the relative decline of US imperialism. Communists enthusiastically welcome the exit of the West from Myanmar, though we'd prefer the masses give them a kick from the rear rather than letting them leave on their own accord. British and US imperialism bears the sole responsibility placing Myanmar under the yoke of oppression, exploitation, and backwardness. Much of the chaos that reigns in the country has its origins in British colonial time.

However, as we have seen in recent developments, in the absence of a revolutionary socialist regime where the working class and the oppressed masses hold power, the retreat of the West does not automatically lead to anything better. What we have today is a deeply inept and corrupt military regime serving the interests of an equally craven national bourgeoisie. This ruling class is turning the country from the old imperialist powers into the hands of new ones: China, Russia, and India.

Nevertheless, as we explained above, China and Russia are not interested in the betterment of the Burmese masses, even if they are the chief rivals of the West on the world stage today. They are only interested in extracting profits on behalf of their own capitalist interests, which will involve the exploitation in the labor and resources of Myanmar.

Rather than placing hope in a "relatively benign" foreign power, Communists advocate for the Burmese masses to take power on their own, in solidarity with the Chinese, Russia, Indian, and all Southeast Asian workers as a part of the regional and international revolution. That is the only path out of the neverending instability and backwardness.

## The weakest link of Asian capitalism

Against the backdrop of imperialist meddling and the unspeakable atrocities committed by the military regime, the future of the Myanmar people may appear bleak. However, this is only part of the picture. The junta's total dependence on foreign imperialist powers is not a sign of strength—it is a glaring symptom of its fragility. Far from possessing a stable foundation, the regime is propped up by external support and riddled with internal contradictions.

Min Aung Hliang and co are only showing the masses that they are willing to sell off their countries to the highest bidders in order to preserve their own positions. The deepening crisis of capitalism, coupled with the growing hatred and seething anger of the masses, has created the conditions for a revolutionary explosion. Sooner or later, these combustible forces will converge into a mass uprising.

Myanmar's capitalist system is arguably the weakest link in the chain of Asian capitalism. As in Russia in 1917, it is often at the weakest link that capitalism breaks. With any significant economic recovery, the working class will begin to reassert itself and re-enter the historical stage as a decisive force.

Once mobilized, the organized power of the proletariat is unstoppable. Leading the oppressed masses of Myanmar's diverse ethnic groups, the working class will not settle for mere regime change. Instead, it will push forward to carry out the tasks of the socialist revolution in Myanmar and beyond.




# ပမာပြည်မှာ တရုတ်နဲ့ အမေရိကန် ပရောက်စီ စစ်ခင်းတော့မယ်ဆိုတဲ့ ကိစ္စ

နုဂျီ လော်ဘီတယောက်က Eurasia Review မှာ ဖော်ပြထားတဲ့ ဆောင်းပါး တပုဒ်ကို 'အမေရိကန်တို့ AA ကို ထောက်ပံ့တော့မည်လော' ခေါင်းစဉ်နဲ့ ဇောက်ထိုး ဘာသာပြန်ပြီး တင်လိုက်ပါတယ်။ ဒါမျိုးက မှန်တာ မမှန်တာ အပထား၊ အွန်လိုင်းပေါ်ကနေ တော်လှန်ရေး ထောက်ခံနေသူတွေ သည်းခြေကြိုက်တဲ့ အကြောင်းအရာ။ ဒီကိစ္စကိုပဲ TM media က သုံးသပ်ချက် ဆောင်းပါးတပုဒ် ဖော်ပြထားပြန်တယ်။

ပထမဆုံး နုဂျီ လော်ဘီ တင်ထားသလို အမေရိကန် အစိုးရက အေအေကို ထောက်ပံ့တော့မယ်ဆိုတာ အမှန်ပဲလား ။ ဒီအကြောင်း ဖော်ပြထားတဲ့ source တွေက ဘယ့်လောက် ခိုင်မာသလဲ အရင် မေးခွန်းထုတ်ရမယ်။ မှန်တယ်ဆိုရင်ရော ဝမ်းသာအားရ ထလက်ခုပ်တီးရမယ့် ကိစ္စလား။ ယူကရိန်းကို ထောက်ပံ့တာရဲ့ ၁% လောက် သူတို့ကို ထောက်ပံ့ရင်တောင် ဒီတော်လှန်ရေး နိုင်ပါတယ်လို့ နုဂျီ အသိုင်းအဝိုင်းက ပြောခဲ့ကြဖူးတယ်။ (စကားလုံး အတိအကျတော့ ကိုယ့်ဘာသာ ရှာကြည့်ပါ မိတ်ဆွေ၊ သဘောလောက်ပဲ ရည်ညွှန်းချင်တာဖြစ်လို့ ပြန်မရှာအားပါ)

ယူအက်(စ်)က အေအေကို ထောက်ပံ့မယ့်အကြောင်း နားစွန်နားဖျား ကြားရုံရှိသေး ထခုန်မတတ် ဖြစ်သွားတာကို ကြည့်ရင် လစ်ဘရယ် ဘူဇွာတွေရဲ့ 'အနောက်မျှော်ဝါဒ' ဘယ့်လောက် ကြီးမားသလဲ မြင်ရလိမ့်မယ်။ အမေရိကန် ခေါင်းဆောင်တဲ့ အနောက် အရင်းရှင်နယ်ချဲ့ ပါဝါတွေကို ယုံစားမိလို့ ယူကရိန်း ထောင်းလမောင်း ကြေခဲ့ရတာ အခုထိ နားလည်ပုံ မရသေးဘူး။

## conspiracy ဆန်တဲ့ ထင်မြင်ချက်တွေ

နုဂျီ လော်ဘီ ကိုးကားတဲ့ သတင်းရင်းမြစ် ခိုင်လုံမှု ရှိမရှိ အရင်ကြည့်ရအောင်။ သူကိုးကားထားတဲ့ ဆောင်းပါးက *ထင်မြင်ချက်* ဆောင်းပါးအမျိုးအစား ဖြစ်တယ် ဆိုတာ အရင်ဆုံး သတိပြုသင့်တယ်။ မူရင်း ခေါင်းစဉ်က 'Chinese Covert Intervention in Myanmar Amidst Possible Proxy War with US' လို့ တွေ့ရပါတယ်။ ထင်မြင်ချက် ဆောင်းပါး ဖြစ်လေတော့ ထင်မြင်ချက် ရေးသူက ဘယ်သူ ဘယ်ဝါလဲ သိဖို့ အရေးကြီးလာပြီ။ ဘီဘီစီနဲ့ ရိုက်တာ(စ်)တို့မှာ သတင်းထောက် လုပ်လာသူ Subir Bhaumik ဆိုတာလောက်နဲ့ မလုံလောက်

ဘူး။ ယူရေးရှား ရီဗျူးမှာ Subir Bhaumik ရေးခဲ့တဲ့ ဆောင်းပါးတချို့ကို ဖြတ်ခနဲ ကြည့်ရင်တောင် သူဟာconspiracy ဆန်တဲ့ ထင်မြင်ချက်တွေ ရေးလေ့ရှိသူ၊ ဘင်္ဂလားဒေ့ရှ် နိုင်ငံရေးမှာ ရှိတ်(ခ်)ဟာဆီနာကို ထောက်ခံရေးသားသူ ဆိုတဲ့ အချက်ကို သွားတွေ့ရမယ်။

သူရေးတဲ့ ထင်မြင်ချက်တွေက ဘယ်လို conspiracy ဆန်တာလဲ။ အထင်ရှားဆုံး နမူနာအနေနဲ့ ယူရေးရှား ရီဗျူးမှာပဲ ၂၀၂၅၊ မတ်လ ၉ ရက်နေ့က ဖော်ပြထားတဲ့ ‘UN role in Bangladesh Regime Change owned up by Top Official’ ဆိုတဲ့ ဆောင်းပါးကို ကြည့်ပါ။ သူ့အာဘော်ကို အနှစ်ချုပ်လိုက်ရင် ဘင်္ဂလားဒေ့ရှ်မှာ ဝန်ကြီးချုပ် ရှိတ်(ခ်)ဟာဆီနာ ပြုတ်ကျခဲ့တာ စစ်မှန်တဲ့ လူထု အုံကြွမှုကြောင့် မဟုတ်ဘူး၊ ယူအက်(စ်) က ကြိုးကိုင်ခဲ့တဲ့ ‘regime change’ လုပ်ရပ် ဖြစ်တယ်၊ ယူအက်(စ်)အပြင် ယူအန်ကလဲ ဟာဆီနာ ပြုတ်ကျအောင် ဝင်သမခဲ့သေးသတဲ့။ ဘင်္ဂလားဒေ့ရှ် စစ်တပ်က ဆန္ဒပြကျောင်းသားတွေကို ပစ်ခတ်ဖြိုခွဲဖို့ လက်တွန့်ခဲ့တာယူအန်ကို ကြောက်ရလို့ ဆိုပြီး Bhaumik က ဆင်ခြေပေးပါတယ်။ ( အတိအကျ ဘာသာပြန် မပြတော့ပါဘူး၊ သူ့အာဘော်လိုရင်းကိုပဲ ရေးလိုက်ပါတယ်။ အတိအကျ ဖတ်လိုသူတွေအတွက် အောက်မှာ လင့်ခ် ထည့်ပေးထားပါမယ်)။

သူ့ဆင်ခြေက အတော် ရယ်စရာကောင်းတဲ့ ပြက်လုံးတခုပဲ။ လူထု အရေးတော်ပုံ တရပ်ကို သေးသိမ်အောင် ပြောရာလဲ ရောက်ပါတယ်။ သူ့မူရင်း အရေးအသား စာတကြောင်းကို ဒီနေရာမှာ ကောက်နှုတ်ပြပါရစေ - “If the so-called student agitation was funded by US, the UN seems to have played a more decisive role in its ultimate success”

ဘင်္ဂလားဒေ့ရှ် တော်လှန်ရေးမှာ တက်တက်ကြွကြွ ပါဝင်ခဲ့ကြတဲ့ ကျောင်းသား လှုပ်ရှားမှုကို အမေရိကန်က ငွေပေး ထောက်ပံ့ထားတဲ့ ‘so-called student agitation’ လို့ သုံးနှုန်းထားတာကို သတိထားကြည့်ပါ။ သူ့ရပ်တည်ချက် ဘာလဲ မြင်ရလိမ့်မယ်။ ဗမာပြည် စစ်အာဏာရှင် အစိုးရအဆက်ဆက်က ဒီမိုကရေစီ အရေး တက်ကြွလှုပ်ရှားတဲ့ ကျောင်းသားတွေကို ‘အနောက်အုပ်စု မြှောက်ပေးလို့ လုပ်နေကြတာ’ ဆိုတဲ့ စော်ကားပုံမျိုးနဲ့ ဘာကွာပါသလဲ။ ဟာဆီနာကို ဖြုတ်ချခဲ့တဲ့ အဲဒီ လှုပ်ရှားမှုမှာ ယူအန်ရဲ့ အခန်းကဏ္ဍက ပိုပြီး အခရာကျတယ်လို့ ဆိုထားသေးတယ်။ အတော်အူကြောင်ကြောင်နိုင်တဲ့ ထွင်လုံး တခုပဲ။ ယူအက်(စ်)နဲ့ ယူအန်ကို သီးခြား ပါဝါနှစ်ခုလို ခွဲပြောနေတာကိုက အတော်လွဲနေပြီ။

ယူအက်(စ်) အစိုးရက သူမကြိုက်တဲ့ နိုင်ငံခြား အစိုးရတွေကို ပုံစံမျိုးစုံနဲ့ ဖြုတ်ချခဲ့တဲ့ သမိုင်း ရှိတယ်။ ဒီအချက်ကို ဘာမှ ငြင်းစရာ မရှိဘူး။ ဒါပေမယ့် နိုင်ငံတခုမှာ လူထု အရေးတော်ပုံ တရပ်ဖြစ်ပြီး အစိုးရဟောင်း ပြုတ်ကျသွားတိုင်း ၊ အမေရိကန် လိုလားသူ တဦးဦး တက်လာတိုင်း အမေရိကန် လက်ချက်ပဲလို့ တရားသေ စွပ်စွဲလို့ မရဘူး။ အရောင်တော်လှန်ရေးနဲ့ စစ်မှန်တဲ့ လူထု တော်လှန်ရေးတွေကို ကွဲကွဲပြားပြား ခွဲခြားနားလည်ဖို့ အရေးကြီးတယ်။

အမေရိကန် ဝင်စွက်ဖက်တဲ့ မင်းပြောင်းမင်းလွှဲ လုပ်ရပ်ဆိုရင်တောင် အခု Bhaumik စွပ်စွဲသလို ယူအန်က ယူအက်(စ်)ထက် ပိုအခရာကျခဲ့တယ် ဆိုတာမျိုးက အတော်အူကြောင်ကြောင် နိုင်ပါတယ်။ ယူအန် ဆိုတာ အစွယ်မပါတဲ့ အရုပ်ပါ။ ယူအက်(စ်)နဲ့ အပြိုင် ဝင်စွက်ဖက်နိုင်တဲ့ ပါဝါမဟုတ်ဘူး။ ယူအက်(စ်) အကောင်အထည် ဖော်ချင်တဲ့ အာဂျင်ဒါ ရှိရင် လူကြားကောင်းအောင် တံဆိပ်တုံး ထုပေးရတဲ့ ရုံးတရုံး ဆိုပါတော့။ ယူအက်(စ်)နဲ့ အပြိုင် ဩဇာ သက်ရောက်နိုင်တဲ့ သီးခြား အာဏာ ယန္တရား မဟုတ်ဘူး။

အဲတော့ ‘မင်းတို့ လူထု ဆန္ဒပြပွဲတွေကို ပစ်ခတ်ရင် နောင်အခါ ယူအန်ရဲ့ peacekeeping mission တွေမှာ ဝင်ပါခွင့် ရမှာ မဟုတ်ဘူး’ လို့ ယူအန်က ဘင်္ဂလားဒေ့ရှ် စစ်တပ်ကို ခြိမ်းခြောက်ထားလို့ ရှိတ်(ခ်)ဟာဆီနာက စစ်တပ်ကို အမိန့်ပေးတဲ့အခါ အရာမထင်တာ ဆိုတဲ့ ရေးသားချက်မျိုးဟာ ပုံပြင်ဆန်လွန်းပါတယ်။ ဟာဆီနာ အလိုတော်ရိ တယောက်ရဲ့ ပြ

ဇာတ် ထွင်လုံး တပုဒ်လို့ပဲ နားလည်ရလိမ့်မယ်။ အဲသလောက် တောင် ယူအန်မှာ ပါဝါရှိနေရင် လစ်ဘရယ်တွေ မျှော်ကြတဲ့ ယူအန် တပ်ကြီး ၂၀၂၁ ကတည်းက ဗမာပြည်ကို ဝင်လာမှာ ပေါ့။ အခုလောက်ဆို စစ်အစိုးရ ပြုတ်ကျလို့ နုဂျီတောင် နေပြည်တော်မှာ ရုံးတက်နေလောက်ပြီ။

အခု နုဂျီ လော်ဘီ ကိုးကားပြောနေတဲ့ Bhaumik အလို အရ ယူအန်က အဲ့ထက် ပိုစွမ်းတဲ့ကိန်း။ ဘင်္ဂလားဒေ့ရှ်ကို ယူအန် တပ်တွေ ဝင်စရာကို မလိုဘဲ လေနဲ့ခြောက်ရုံနဲ့ စစ်တပ်က ကောင်တွေ ကြောက်ပြီး ဟာဆီနာပါ ထွက်ပြေးခဲ့ရသတဲ့။

အခုလို ဆန်းစစ်ကြည့်တော့ လုံးဝ အဓိပ္ပါယ်မရှိမှန်း မြင်သာတယ်။ ဒါပေမယ့် သူ့ထွင်လုံးကို လူတွေ မရိပ်မိအောင် ဇာတ်ကွက် အဆန်းလေးတွေလဲ ထည့်သေးသဗျ။ ဘင်္ဂလားဒေ့ရှ်တောင်ပိုင်းက ကျွန်းတွေမှာ အမေရိကန် စစ်စခန်း ဖွင့်ဖို့ ပြောလာတော့ ဟာဆီနာက ယူအက်(စ်)ကို ငြင်းလိုက်တယ် တဲ့။ ဒါ့ကြောင့် အမေရိကန် အစိုးရက သူပြုတ်ကျအောင် ဘေးတီးပေးလိုက်တယ်ပေါ့လေ။

## အုပ်စိုးသူတွေ ပြောလေ့ရှိတဲ့ ထွင်လုံးတမျိုး

ဒီဇာတ်လမ်းကို Bhaumik စပြောတာတော့ မဟုတ်ပါဘူး။ ဟာဆီနာ ပြုတ်မကျခင်က ပြောခဲ့ဖူးတယ် ဆိုပြီး The Daily Star က ပြီးခဲ့တဲ့ ၂၀၂၄ မေ ၂၄ မှာ စတင် ဖော်ပြခဲ့တာ။ ပါတီ ၁၄ ခု တက်ရောက်တဲ့ အစည်းအဝေးမှာ အဲဒီ ဇာတ်လမ်းကို ဟာဆီနာ ပြောခဲ့တယ်လို့ ဆိုပါတယ်။ The Daily Star က အဲဒီ အစည်းအဝေးကို တက်ရောက် သတင်းယူခွင့် ရခဲ့လို့ ပြောသလား၊ တဆင့်ကြား ပြန်ရေးတာလား မေးခွန်းထုတ်စရာ ရှိတယ်။ ဟာဆီနာက အဲဒီ ဇာတ်လမ်းကို ပြောခဲ့တယ် ဆိုရင်တောင် ဒီဇာတ်လမ်းက အမှန်ပါလို့ ဘယ်လိုယုံလို့ ရမလဲ။

ဟာဆီနာက အဲဒီ အချိန်မှာ အာဏာရ ပါတီရဲ့ ခေါင်းဆောင်၊ လူထု ဆန့်ကျင်မှု အပြင်းအထန် ခံနေရတဲ့ အစိုးရ ခေါင်းဆောင် တယောက်။ ဒီလို အစိုးရ ခေါင်းဆောင် မျိုးက ပြည်ပ ဖိအား (ဒီနေရာမှာ ဒရမ်မာ အရှိန်တက်သွားစေတာက ယူအက်စ် နယ်ချဲ့က ပေးတဲ့ ဖိအား) ကို ကြံ့ကြံ့ခံရင်ဆိုင်ပြီး တိုင်းပြည် ကောင်းစားရေး၊ ဒေသတွင်း နိုင်ငံတွေ တည်ငြိမ်ရေးကို ဦးစားပေး လုပ်ခဲ့တယ် ဆိုတာမျိုး လံကြုတ် ဇာတ်လမ်းဆင် ပြောလေ့ရှိတာပဲ။ ဒါ့ကြောင့် လူဖြူကြီးတယောက်က ဟာဆီနာကို နှစ်ကိုယ်ကြား ပြောသွားခဲ့တယ် ဆိုတဲ့ စကားကို သံသယ ကြီးကြီးထားပြီး မေးခွန်းထုတ်ဖို့ အလွန် အရေးကြီးတယ်။

ပြည်တွင်း လူတန်းစား ပဋိပက္ခ သိပ်သည်းပြင်းထန်နေရင် ပြည်ပက လာတဲ့ လွှမ်းမိုးခြယ်လှယ်မှုကို လက်ညှိုးထိုးပြကြတာလဲ အုပ်စိုးသူ လူတန်းစားတွေ လုပ်နေကြ အလုပ်ပဲ။ တချို့ အုပ်စိုးသူတွေဆို ပြည်တွင်း ပဋိပက္ခကို လမ်းလွှဲပစ်ဖို့ ပြည်ပ ကျူးကျော်စစ်တွေ ထတိုက်တာမျိုး၊ ပြည်ပ ကျူးကျော်စစ် မတိုက်နိုင်ရင် ပြည်တွင်းက အားနည်းသူ လူနည်းစု (ဥပမာ၊ ရိုဟင်ဂျာတွေ) ကို scapegoat လုပ်တာမျိုး။

မှန်လား၊ မမှန်လား၊ ပြောခဲ့လား၊ မပြောခဲ့လား ဘာမှန်း ရေရေရာရာ မသိတဲ့ ဇာတ်လမ်း plot တခုကို အခြေခံပြီး Bhaumik က အပေါ်က ထင်မြင်ချက်မျိုး လျှောက်ရေးတာပဲ။ ဒါကို ဗမာပြည်က လူတချို့ကလဲ အဟုတ်ထင်ပုံပဲ။

TM media ဆိုရင် ဒီဇာတ်လမ်းကို အခြေခံပြီး သုံးသပ်ချက် ဆောင်းပါးတွေ ထုတ်လွှင့်ခဲ့ဖူးတယ်။ သူကတော့ နုဂျီ လော်ဘီနဲ့ ရှုထောင့်မတူတာကို သတိထားမိတယ်။ ပရောက်စီ စစ်ပွဲ အန္တရာယ်ကို သတိပေးတာမျိုး တွေ့ရတယ်။ သူလဲ ဟာဆီနာပြောတဲ့ ဇာတ်လမ်းကို အတည်ယူပြီး သုံးသပ်တာပဲ။ Yunus က အမေရိကန်နဲ့ နီးစပ်သူ၊ ဟာဆီနာက တရုတ်နဲ့ နီးစပ်သူ ဆိုတာမျိုး ထပ်တလဲလဲ ပြောနေတာကြည့်ရင် ဘင်္ဂလားဒေ့ရှ် တော်လှန်ရေးဟာ တော်လှန်ရေး မဟုတ်ဘူး၊ အမေရိကန် အစိုးရ ကျောထောက်နောက်ခံပြုတဲ့ မင်းပြောင်းမင်းလွှဲ လုပ်ရပ်လို့ ယူဆပုံရတယ်။ Bhaumik လို ကြောင်စွပ်စွဲတာ

မျိုး လုပ်မထားလို့ ငြင်းချင်လဲ ငြင်းပါလိမ့်မယ်။

ဒီနောက်ခံတွေကို ပြန်ပြောနေရတာ အကြောင်းရှိပါတယ်။ ယူအက်(စ်)က အေအေကို ထောက်ပံ့တော့မလား ဆိုပြီး နုဂျီ လော်ဘီက လက်ခုပ်ထတီးတယ်။ သူကိုးကားထားတဲ့ ဆောင်းပါးကို ကြည့်တော့ ဘင်္ဂလားဒေ့ရှ်မှာ regime change ဖြစ်အောင် အမေရိကန်က ကူညီထားလို့ ဘင်္ဂလားဒေ့ရှ်မှာ အမေရိကန် စစ်စခန်း ဖွင့်ပြီး အေအေကို ထောက်ပံ့ရေးလမ်းကြောင်း ဖွင့်ပေးတော့မယောင် ပြောထားတာ တွေ့ရမယ်။ ဒီတော့ ထွက်လာတဲ့ ရင်းမြစ်ရဲ့ ယုံကြည်စိတ်ချရမှုကို မေးခွန်းထုတ်စရာတွေ အများကြီး ဖြစ်သွားပြီ။

မျက်စိမှိတ် ယုံလိုက်တယ်ပဲ ထား။ ဒါ ဝမ်းသာရမယ့်ကိစ္စလား။ အမေရိကန်က ဘင်္ဂလားဒေ့ရှ်မှာ စစ်စခန်းဖွင့်ပြီး ဗမာပြည်မှာ ပရောက်စီ စစ်ခင်းမယ့် ကိစ္စ။ နုဂျီ လော်ဘီက သူကိုးကားတဲ့ ဆောင်းပါးကို နာမည် မဖော်ပြတာ 'Possible Proxy War' ဆိုတဲ့ စကားစုကြောင့် ဖြစ်ပါလိမ့်မယ်။ ဓာက်ထိုးဘာသာပြန်ထားတဲ့ သူ့စာမှာလဲ တရုတ် နဲ့ အမေရိက ပရောက်စီ စစ်ခင်းတာမျိုး ဖြစ်လာနိုင်တယ် ဆိုပြီး ဖော်ပြထားတာ မတွေ့ရဘူး။ အေအေကို အမေရိကန်က ကူညီတော့မှာ ဆိုတဲ့ အချက်ကိုသာ ဓောင်းပေး ဖော်ပြတာ တွေ့ရမယ်။ ရိုးသားမှု မရှိတာပဲ။

## အရင်းရှင်နယ်ချဲ့စနစ်နဲ့ ပရောက်စီ စစ်ပွဲ

TM Media ကတော့ ပရောက်စီ စစ် အန္တရာယ်ကို အထူး သတိပေးထားတာ တွေ့ရတယ်။ ပရောက်စီ စစ် ဖြစ်သွားရင် ယူကရိန်းလို အထိနာမယ်ဆိုတာ အမှန်ပါပဲ။ ဒါ့ကြောင့် ပရောက်စီ စစ် ဖြစ်သွားနိုင်တဲ့ အန္တရာယ်ကို ကြိုတင်သတိပေးတာ လုပ်သင့်တဲ့ အလုပ်ပဲ။ ဒါပေမယ့် ပရောက်စီ စစ်နဲ့ ဖြဲခြောက်တာမျိုး မဖြစ်ဖို့တော့ အရေးကြီးလှတယ်။

TM Media ရဲ့ သုံးသပ်ချက်ကို ပြန်ကြည့်ရင် ရှိတ်(ခ်)ဟာဆီနာ ပြောခဲ့တဲ့ 'လူဖြူကြီးက ကမ်းလှမ်းလာတယ် ဓာတ်လမ်း'ကို အမှန်လို့ ယူဆပြီး သုံးသပ်ထားတာ၊ ဘင်္ဂလားဒေ့ရှ်မှာ အမေရိကန် ကျောထောက်နောက်ခံနဲ့ regime change ဖြစ်ခဲ့တာ ဆိုတဲ့ ဓာတ်လမ်းတွေကို အခြေခံထားတာ တွေ့ရမယ်။ ဒီတော့ Bhaumik အာဘော်နဲ့ ဘာမှ မကွာခြားလှ။ ဒီသတင်း ကြားလိုက်ရသူ စိတ်ထဲ ပရောက်စီ စစ်ပွဲ မကြာခင် ထဖြစ်တော့မယောင် ထင်သွားမယ်။

TM Media က Northeast News မှာ မေ ၁၅ ရက်နေ့က ဖော်ပြထားတဲ့ သတင်းကို အရင် ကိုးကားပြီး သုံးသပ်ထားတာ တွေ့ရတယ်။ အဲဒီသတင်းမှာတော့ ယူရေးရှား ရီဗျူးဆောင်းပါးထက် ပိုအသေးစိတ်တဲ့ အချက်အလက်တွေ ဖော်ပြထားတယ်။ သတင်းရင်းမြစ်နဲ့ ပတ်သက်လို့ ဘင်္ဂလားဒေ့ရှ် စစ်တပ် ထိပ်ပိုင်းက အတည်ပြုထားကြောင်း NE News က ဆိုပါတယ်။ ဒါမျိုး သတင်းကို ဘယ်နိုင်ငံရဲ့ စစ်တပ် ထိပ်သီးအရာရှိကများ အတည်ပြုပေးပါလိမ့်။ ဒီသတင်း မှန်တယ်၊ မှားတယ် ဆိုတာ ကျနော်တို့ သီးခြား အတည်ပြုလို့ မရနိုင်တဲ့ကိစ္စ။ ဘယ်ရင်းမြစ်က ပြောပါတယ် ဆိုတာလောက်နဲ့ ယုံစားဖို့ မလွယ်။ ဒီတော့ သတိကြီးကြီးထားပြီး သုံးသပ်ဖို့ လိုလာတယ်။

ဒီသတင်းကို စထုတ်ခဲ့တာ အိန္ဒိယဘက်က ဖြစ်နေတယ် ဆိုတဲ့ အချက်ကိုလဲ သတိပြုသင့်တယ်။ ရှိတ်(ခ်)ဟာဆီနာက တရုတ်နဲ့ နီးစပ်သူ ဖြစ်ခဲ့သလို အိန္ဒိယရဲ့ ရေရှည်မဟာမိတ်လဲ ဖြစ်တယ်။ ဒီအချက်ကိုလဲ ထည့်စဉ်းစားဖို့ လိုပါတယ်။ လက်ရှိ ဟာဆီနာကို လက်ခံထားတာလဲ အိန္ဒိယပဲ။ ဟာဆီနာ ပြုတ်ကျပြီး ဘင်္ဂလားဒေ့ရှ်နဲ့ အိန္ဒိယ နှစ်နိုင်ငံ ဆက်ဆံရေး တင်းမာလာခဲ့တယ်။ ၂၀၂၄ ဒီဇင်ဘာလက အိန္ဒိယနိုင်ငံ Tripura ပြည်နယ်မှာရှိတဲ့ ဘင်္ဂလားဒေ့ရှ် ကောင်စစ်ဝန်ရုံးကို ဟိန္ဒူ လက်ယာအုပ်စုက ဝင်ရောက်တိုက်ခိုက်တာမျိုး လုပ်ခဲ့သေးတယ်။ ဒါ့အပြင် ဟာဆီနာက အိန္ဒိယမှာ ခိုလှုံနေရင်း ဘင်္ဂလားဒေ့ရှ်မှာ ရှိတဲ့ သူ့ပါတီ Awami League ထောက်ခံသူတွေကို ဆန္ဒပြပွဲတွေ လုပ်ဖို့ ညွှန်ကြားခဲ့တာတွေလဲ ရှိတယ်။

ဒ့ါကြောင့် အမေရိကန် စစ်အခြေစိုက် စခန်းကိစ္စ အိန္ဒိယဘက်က သတင်းထွက်လာတာမို့ အတော် သံသယဝင်စရာ ကောင်းပါတယ်။ လက်ရှိ ဘင်္ဂလားဒေ့ရှ် အစိုးရခေါင်းဆောင် Yunus က ‘အမေရိကန် ကျောထောက်နောက်ခံပြု regime change ကြောင့် ဒီနေရာရလာတာ၊ အမေရိကန် အပေါ် အကြွေးတင်နေလို့ တရုတ်ရဲ့ BRI ကို ထိပါးစေမယ့် အမေရိကန် စစ်စခန်း ဖွင့်ရေး အစီအမံကို အသာတကြည် လက်ခံလိုက်တာ’ ဆိုတဲ့ ဇာတ်လမ်းက ‘ထွင်လုံးတခု’ ဖြစ်နေတဲ့ အချက်ကိုလဲ မေ့လို့ မဖြစ်ဘူး။

တရုတ်က ဘင်္ဂလားဒေ့ရှ်ရဲ့ အကြီးဆုံး ကုန်သွယ်ဖက်နိုင်ငံ ဖြစ်ပါတယ်။ တနည်းဆိုရရင် ဘင်္ဂလားဒေ့ရှ်က တရုတ်အပေါ် မှီခိုနေရတဲ့ ကုန်သွယ် ဆက်ဆံရေး။ နှစ်စဉ် ဒေါ်လာ ၂၅ ဘီလျံဖိုး တရုတ်ကနေ တင်သွင်းရပေမယ့် ဘင်္ဂလားဒေ့ရှ်က တရုတ်ကို တင်ပို့နိုင်တာ ဒေါ်လာ တစ် ဘီလျံပဲ ရှိပါတယ်။ တခြား တရုတ် ရင်းနှီးမြှုပ်နှံမှုတွေ ဘင်္ဂလားဒေ့ရှ်မှာ အများကြီး ရှိသေးတယ်။ ပြီးခဲ့တဲ့ မတ်လ ၂၈ ကပဲ Yunus ဘေဂျင်းကို ပြေးပြီး တရုတ်နဲ့ စီးပွားရေး ပူးပေါင်း ဆောင်ရွက်ရေး၊ တရုတ် ချေးငွေတွေ အတိုးနှုန်း လျှော့ချရေး ကြိုးပမ်းခဲ့ရသေးတယ်။ တရုတ် အစိုးရ ကြိုက်အောင် “One China Policy” ကို ထောက်ခံကြောင်း လူသိရှင်ကြား ထုတ်ပြောခဲ့ရတယ်။

အဲသလို နိုင်ငံက တရုတ် အရင်းရှင်နယ်ချဲ့ကို sabotage လုပ်မယ့် အရေးမှာ တကယ်တကယ်ကြွကြွ ပါရဲပ့ါမလား။ အဲသလို နယ်ချဲ့ ပါဝါ နှစ်ခုကြား ညှပ်မယ့် အရေး ဝင်ပါလို့ သူ့အတွက် ဘာအကျိုး ရှိမှာလဲ။ အထူးသဖြင့် ဒေါ်နယ်ထရမ့် အစိုးရက ကုန်သွယ်ခွန်တွေ အဆမတန် တိုးမြှင့်လိုက်လို့ ဘင်္ဂလားဒေ့ရှ်က ပို့ကုန်လုပ်ငန်းတွေ ခေါင်းခဲနေချိန် ဒီလို မိုက်မဲတဲ့ အလုပ်မျိုး သူတို့ လုပ်ရဲပ့ါမလား။

အရင်ဆုံး ကျနော်တို့ မေးသင့်တဲ့ မေးခွန်းက ယူအက်(စ်)က ဗမာပြည်မှာ ဘာ့ကြောင့် ပရောက်စီ စစ်ခင်းချင်ရတာလဲ။ ယူကရိန်းမှာ ဆင်နွဲနေတဲ့ ပရောက်စီ စစ်ကိုတောင် သူ့အတွက် အကျိုးမရှိလို့ ပြန်ထွက်နေတဲ့ အခြေအနေ။ ဗမာပြည်မှာ တရုတ်ကို ပရောက်စီ စစ်ခင်းရအောင် ဗမာပြည်က အမေရိကန် အရင်းရှင်နယ်ချဲ့အတွက် ဘယ့်လောက် အရေးပါနေလို့လဲ။

ယူကရိန်းမှာတောင် သူ့အတွက် strategic interests ကြီးကြီးမားမား မရှိဘူးဆိုရင် ဗမာပြည်မှာ ဘာတွေ ရှိနေလို့လဲ။ ရခိုင်မှာ တရုတ် အရင်းရှင်နယ်ချဲ့ရဲ့ strategic interests ရှိတာ မှန်ပါရဲ့။ တရုတ် အကျိုးစီးပွား ရှိတာနဲ့ပဲ အမေရိကန်က စစ်စခန်းဖွင့်ပြီး ပရောက်စီ တိုက်ရောလား။

ဘယ် အရင်းရှင် နယ်ချဲ့ပါဝါကမှ အကြောင်းမဲ့ စစ်မတိုက်ပါဘူး။ အရင်းရှင်နယ်ချဲ့တွေ စစ်ခင်းတယ်ဆိုတာ ဈေးကွက်လိုချင်လို့၊ လုပ်သားရင်းမြစ်၊ ကုန်ကြမ်းရင်းမြစ် လိုချင်လို့၊ အရင်းတင်ပို့ချင်လို့၊ နောက် သူ့ဩဇာခံ နယ်မြေ ထူထောင်ချင်လို့။ ဗမာပြည်မှာ တရုတ်နဲ့ ပရောက်စီ စစ်ခင်းရင် အခု ပြောခဲ့တဲ့ အကျိုးစီးပွားတွေထဲက အမေရိကန် ဘာရမလဲ။

ဒါဆိုရင် ဗမာပြည်မှာ အမေရိကန် အရင်းရှင် နယ်ချဲ့နဲ့ တရုတ် အရင်းရှင် နယ်ချဲ့ ပရောက်စီ စစ်ခင်းနိုင်ချေ လုံးဝ မရှိဘူးလားလို့ ပြန်မေးစရာ ရှိတယ်။ လုံးဝ မရှိဘူးလို့ မပြောနိုင်၊ ပရောက်စီ စစ် ဖြစ်နိုင်ချေ ရှိတယ်လို့ပဲ ဖြေပါမယ်။ ဒါက ယေဘုယျ အဖြေပဲ။ ကမ္ဘာ့အရင်းရှင် နယ်ချဲ့စနစ်ဆိုတာ ရှိနေသရွေ့ နိုင်ငံငယ်လေးတွေဟာ နယ်ချဲ့ပါဝါတွေ စက်ပုန်းခုတ်ရာမှာ အကြွေစေ့လို သဘောထား ခံနေရဦးမယ်။ ဒါကို ကျနော်တို့ မာ့(က်စ်)ဝါဒီတွေ ကောင်းကောင်း သိတာပေ့ါ။ ဒါပေမယ့် လက်တွေ့ concrete question ကို နားလည်ဖို့ ယေဘုယျ အမှန်တရားကိုချည်း ယူသုံးနေလို့ မရဘူး ဆိုတာလဲ ကျနော်တို့ နားလည်ထားတယ်။

အဲဒီတော့ concrete question ကို နားလည်ဖို့ အထင်းရှားဆုံး အချက်က စပြောရရင် ဒီကနေ့ ကမ္ဘာ့ အခြေအနေ အပြောင်းအလဲ ကြီးကြီးမားမား ဖြစ်နေတယ်။ ‘tectonic shift’ လို့တောင် ကျနော်တို့ ခိုင်းနှိုင်းပြောပါတယ်။ ဆိုဗီယက်အပြို

မှာ အင်အားချိနဲ့သွားခဲ့တဲ့ ရုရှားက အခု ကမ္ဘာ့ အရင်းရှင် နယ်ချဲ့ပါဝါ ဖြစ်လာပြီ။ တရုတ် အရင်းရှင် နယ်ချဲ့က အမေရိကရဲ့ အဓိက ပြိုင်ဖက် ဆူပါပါဝါ ဖြစ်လာတယ်။

အမေရိကန် အရင်းရှင်နယ်ချဲ့က သူ့ပါဝါအကျဘက် ရောက်နေမှန်း အသိအမှတ် ပြုလာရပြီ။ ၉၀ ခုနှစ်များကလို သူတကောင်တည်း အကြီးဆုံး ဆူပါပါဝါ လုပ်လို့ မရတော့မှန်း၊ အရင်လို ကမ္ဘာ့ ပုလိပ်ကြီး လုပ်နိုင်စွမ်း မရှိမှန်းလဲ သူလက်ခံလိုက်ရပြီ။ အနီးဆုံး ဥပမာအနေနဲ့ ပြရရင် ယူကရိန်းမှာ ခြေလွန်လက်လွန် ဖြစ်ပြီး အထိနာထားတယ်။ ယူကရိန်းမှာ ပရောက်စီ စစ်ခင်းခဲ့လို့ သူ့ပြည်တွင်းမှာကို ဆန့်ကျင်တဲ့ ပြည်သူ မနည်းလှဘူး။

သူ့ပါဝါ အကျကို နားလည်လာလို့ ကမ္ဘာ့ ပုလိပ်ကြီး လုပ်ခဲ့တဲ့ အခန်းကဏ္ဍကနေ အကုန် ပြန်ရုပ်သိမ်းနေတဲ့ အခြေအနေ။ ဗမာ လစ်ဘရယ်တွေ အော်ကြတဲ့ USAID ကို ရန်ပုံငွေ ဖြတ်တောက်တဲ့ ကိစ္စက ဒီအပြောင်းအလဲရဲ့ အကျိုးဆက်ပဲ။

ဒေါ်နယ်ထရမ့် အစိုးရ တက်လာပြီး အမေရိကန် အရင်းရှင် နယ်ချဲ့ပါဝါရဲ့ ခြေလှမ်းတွေကို ကြည့်ရင် တခြား အရင်းရှင် နယ်ချဲ့ပါဝါတွေရဲ့ 'sphere of influence' ကို အသိအမှတ် မပြုဘဲ နေရာတကာ ဗိုလ်လုပ်ချင်လို့ မရမှန်း သူတို့ လက်ခံလိုက်ရပုံပဲ။ သဘောက ရုရှားလဲ သူ့ဩဇာခံ နယ်ပယ်နဲ့သူ၊ တရုတ်လဲ သူ့ဩဇာခံ နယ်ပယ်နဲ့သူ၊ နေရာတကာ ငါတို့ ဩဇာခံ နယ်ပယ် လိုက်လုပ်နေလို့ မဖြစ်ဘူးဟေ့ လို့ ပြောနေသလို။

ဒီအခြေအနေမှာ အမေရိကန် အရင်းရှင်နယ်ချဲ့က စစ်အာဏာရှင် အစိုးရ ပြုတ်ကျရေး ဗမာပြည် လက်နက်ကိုင် အဖွဲ့တွေကို ပရောက်စီ အဖြစ် မွေးမယ်၊ တရုတ်နဲ့ ပရောက်စီ စစ်ခင်းမယ်ဆိုတာ ဖြစ်နိုင်ရဲ့လား။ ဗမာပြည်ရဲ့ "geostrategic significance" ကို အလွန်အကြူး ချဲ့ကားမကြည့်သင့်ဘူး။

ဒီတော့ ချုပ်ရရင် ဗမာ့ ပြည်တွင်းစစ်ကို အရင်းရှင်နယ်ချဲ့ ပါဝါတွေကြားက ပရောက်စီ စစ်ပွဲ ဖြစ်မသွားအောင် စစ်အစိုးရကို လက်နက်ကိုင် တိုက်နေတဲ့ အဖွဲ့အစည်းတွေ သတိထားရမယ်၊ ပရောက်စီ စစ်ပွဲ ဖြစ်သွားရင် ဗမာပြည် ထောင်းလမောင်း ကြေသွားမယ့် အန္တရာယ်ကို သတိပေး ထောက်ပြဖို့လဲ မီဒီယာတွေမှာ တာဝန်ရှိတယ်။

သို့သော် လက်နက်ကိုင် အဖွဲ့အစည်း မျိုးစုံရှိပြီး ပြည်တွင်းစစ် သက်ဆိုးရှည်နေရင် ပရောက်စီ စစ်ပွဲ အန္တရာယ် ဟာ ဆက်ရှိနေမှာပဲ။ ဆီးရီးယားလို ဒေသတွင်း နယ်ချဲ့ပါဝါ လေးတွေ ဝင်မွှေတာတောင် ခံရနိုင်တယ်။

ဒီအန္တရာယ်ကို အမြစ်က နှုတ်ပစ်နိုင်ဖို့ဆိုရင် 'လက်နက်ကိုင် တပ်ဖွဲ့တွေ ညီညွတ်ကြပါ၊ တပ်ပေါင်းစု ဖွဲ့ကြပါ' လို့ အော်နေရုံနဲ့ မရပါဘူး။ အရင်ဆုံး ***အလုပ်သမား လူတန်းစား ခေါင်းဆောင်တဲ့*** လူထု လှုပ်ရှားမှုကြီး တကျော့ပြန် ရှန်းထလာဖို့ လိုအပ်တယ်။ ဒါနဲ့တဆက်တည်း အလုပ်သမား လူတန်းစား ခေါင်းဆောင်တဲ့ 'armed insurrection' လုပ်ပြီး ဆိုရှယ်လစ် တော်လှန်ရေးကို ဆင်နွှဲရမယ်။ အဲဒီအခါကျရင် တရုတ်၊ အမေရိကန် ဘယ်အရင်းရှင် တိုင်းပြည်ကမှ ထောက်ခံမှာ မဟုတ်ဘူး။ ဒါပေမယ့် ကမ္ဘာ့ အဖိနှိပ်ခံ အလုပ်သမားထုကတော့ ထောက်ခံမှာပဲ။ မရှေးမနှောင်း ဆိုသလို တော်လှန်ရေးကြီးတွေလဲ ဆက်တိုက်ဖြစ်လာလိမ့်မယ်။ ဒီကနေ့ အကျပ်အတည်းရဲ့ ထွက်ပေါက်က ဒီတလမ်းပဲ ရှိပါတယ်။

သူရိန်မွန်
(၁၈ မေ၊ ၂၀၂၅)

ရည်ညွှန်းကိုးကား ။ ။


1. https://www.facebook.com/share/p/1ERBPwmXCW/
2. https://www.eurasiareview.com/17042025-chinese-covert-intervention-in-myanmar-amidst-possible-proxy-war-with-us-oped/
3. https://www.eurasiareview.com/09032025-un-role-in-bangladesh-regime-change-owned-up-by-top-official-oped/
4. https://www.thedailystar.net/news/bangladesh/news/plot-afoot-new-state-carved-out-bangladesh-myanmar-3617251
5. https://nenews.in/neighbours/nascent-plan-involving-bangladesh-army-in-clandestine-us-backed-operations-in-rakhine-state-emerges/23592/
6. https://youtu.be/mOPHbSNAwXE?si=wFHwvCqxLdQ_M1WB
7. https://asia.nikkei.com/Politics/Bangladesh-turmoil/Bangladesh-and-India-move-to-dial-down-post-Hasina-tensions
8. https://asia.nikkei.com/Politics/International-relations/Bangladesh-says-Xi-would-consider-lowering-interest-on-Chinese-loans

# သမိုင်းကို ဘယ်လို ကြည့်မလဲ



တလောက ဆောင်းပါးတပုဒ်မှာ “ဘင်္ဂလားဒေ့ရှ်လူထု အုံကြွမှုကြောင့် ဝန်ကြီးချုပ် ရှိတ်(ခ်)ဟာဆီနာ ပြုတ်ကျခဲ့ခြင်း ဖြစ်တယ်၊ ယူအက်(စ်) ကျောထောက်နောက်ခံပြုတဲ့ မင်းပြောင်းမင်းလွဲ အရောင် တော်လှန်ရေး မဟုတ်ဘူး” လို့ ကျနော် ရေးခဲ့တယ်။ ဒီတော့ လစ်ဘရယ်အမြင်လွှမ်းမိုးခံထားရတဲ့ လူတချို့က လက်မခံချင်ဘူး။ ငါတို့ ဗမာပြည်မှာလဲ လူထု အုံကြွခဲ့တာပဲ၊ မင်းအောင်လှိုင် ဘာ့ကြောင့် ပြုတ်မကျသေးတာလဲ ဆိုပြီး စောဒကတက်တယ်။ ဒါကို လက်ညှိုးထိုးပြီး ရှိတ်(ခ်)ဟာဆီနာ ပြုတ်ကျတာ သွေးရိုးသားရိုး မဖြစ်နိုင်ဘူးလို့ ထင်လာတယ်။

ဒီလို ထင်လာတဲ့အခါ အမေရိကန် ကြိုးကိုင်တဲ့ အရောင်တော်လှန်ရေးမို့ ရက်ပိုင်း လပိုင်းအတွင်း အစိုးရခေါင်းဆောင် ပြုတ်ကျသွားတာ ဆိုတဲ့ conspiracy theory မျိုးကို လက်ခံဖို့ အသင့်ဖြစ်သွားတယ်။ ဒါပေမယ့် အမေရိကန်အစိုးရက ဘယ်နည်းဘယ်ပုံ ကြိုးကိုင်လိုက်လို့သန်းနဲ့ချီတဲ့ လူထုကြီး အုံကြွသွားခဲ့တယ် ဆိုတာတော့ သူတို့လဲ ရှင်းမပြနိုင်ဘူး။ သန်းပေါင်းများစွာသော အဲဒီ လူထုကြီးက သူများ ကြိုးဆွဲတိုင်း ထကတတ်တဲ့ ရုပ်သေးလေးတွေ ဖြစ်သွားရော။

စစ်မှန်တဲ့ လူထု တော်လှန်ရေးကြီးတွေကို လူတစုရဲ့ အာဏာသိမ်းပွဲလို့ ပုံဖော်တာမျိုး၊ ဒါမှမဟုတ် အင်အားကြီး နိုင်ငံတခုခုရဲ့ ဝင်ရောက် စွက်ဖက်မှုလို့ ပုံဖော်တာမျိုး ခေတ်အဆက်ဆက်မှာ ရှိခဲ့ပါတယ်။ ဒီလို ပုံဖော်တာမျိုးကို လစ်ဘရယ်တွေပဲ လုပ်ခဲ့တာတော့ မဟုတ်ဘူး။ အောက်တိုဘာ တော်လှန်ရေးကြီးကို ဘော်ရှီဗစ် ပါတီဆိုတဲ့ လူနည်းစုလေးကconspiracy ဆန်ဆန် လုပ်ခဲ့တဲ့ ‘အာဏာသိမ်းပွဲ’ လို့ ပုံဖျက်ကြသူတွေ မနည်းဘူး။

ဒီလို ပုံဖျက်တဲ့ နေရာမှာ လက်ဝဲဘက်က ဆယ်လီတွေ ဖြစ်တဲ့ Zizek တို့ Chomsky တို့တောင် ထိပ်ဆုံးကပါတယ်။ အလွန်အင်အားကြီးလှပါတယ်ဆိုတဲ့ အင်ပိုင်ယာ စစ်တပ်ကြီး ရှိတဲ့ နယ်ချဲ့ အစိုးရတရပ်ကို လူတစုကဘယ်လို နည်းတွေသုံးပြီး အာဏာသိမ်းနိုင်ခဲ့သလဲ၊ နည်းလမ်းကောင်းလေးများ ရှိရင် ချပြစမ်းပါ ဆိုတော့ သူတို့ ရှင်းမပြနိုင်။ ဒီတော့ ဘော်ရှီဗစ် ပါတီ ခေါင်းဆောင် လီနင်၊ ထရော့စကီးတို့မှာ magical power တွေ ရှိနေလို့သာ သူတို့ ပြောသလို အာဏာသိမ်းနိုင်ခဲ့တာ ဖြစ်လိမ့်မယ်ဆိုပြီး ကိုယ့်ဘာသာ ဖြည့်တွေးရတယ်။

နောက်ဇာတ်လမ်းတပုဒ်ကျ လီနင်ဟာ ဂျာမနီ အစိုးရရဲ့ အေးဂျန့်လို့ စွပ်စွဲပြန်တယ်။ နောက်ခံကို ခပ်တိုတို ပြောရ

ရင် ၁၉၁၇ ဖေဖော်ဝါရီ တော်လှန်ရေးဖြစ်တော့ ဆွစ်ဇာလန်မှာ ခိုလှုံနေရတဲ့ လီနင် ရုရှားကို ပြန်ဖို့ နည်းလမ်းရှာရတယ်။ ပြင်သစ်၊ ဗြိတိန် နယ်ချဲ့တွေက သူတို့ ပိုင်နက်ကို ဖြတ်ပြီး လီနင် ရုရှား ပြန်မှာကို လုံးဝ သဘောမတူဘူး။ ပထမ ကမ္ဘာစစ်မှာ ရုရှား အင်ပိုင်ယာ စစ်တပ်က သူတို့နဲ့ တဖက်တည်း စစ်တိုက်ပေးနေချိန်။ မတတ်သာတဲ့အဆုံး ဂျာမနီကို ဖြတ်ပြီး ပြန်ဖို့ စီစဉ်ရတယ်။ ပြဿနာက ဂျာမနီနဲ့ ရုရှားက စစ်ခင်းနေတာ။ ဒီတော့ ရုရှား တော်လှန်ရေး ခေါင်းဆောင်တယောက်ကို ဂျာမနီဘက်က ဖြတ်သန်းသွားလာခွင့် ပေးလိုက်တယ် ဆိုရင် အုပ်စိုးသူ နှစ်ဖက်လုံးက ပုံဖျက်ကြမှာကို လီနင်တို့ ကြိုစဉ်းစားမိတယ်။ ဒါ့ကြောင့်လဲ သူတို့ ဗှားလာတဲ့ ရထားကို လမ်းတလျှောက် ဘယ်သူမှ အတက်အဆင်း မရှိစေရ ဆိုတဲ့ သဘောတူညီချက် အရင်ယူပြီးမှ ပြန်လာခဲ့တယ်။ ‘sealed train’ သမိုင်းတွင်ပါတယ်။

ဒီလို စေ့စေ့စပ်စပ် ပြင်ဆင်ထားပေမယ့် နှစ်ဖက်လုံးက ပုံဖျက်ပါတယ်။ လီနင်က ဂျာမန်ဘက်က လွှတ်လိုက်တဲ့ အေးဂျန့်၊ ဘော်ရှီဗစ်တွေကို ဂျာမန် စစ်တပ်ဘက်က ငွေတွေ ပုံအောပေးထားတာ၊ စသဖြင့် မျိုးစုံပါပဲ။ ရုရှား စစ်ရှုံးအောင်လို့ ဂျာမန်သူလျှို ဘော်ရှီဗစ်တွေက အစိုးရကို သူပုန်ထကြသလိုလို စွပ်စွဲကြတယ်။

စစ်မှန်တဲ့ လူထု တော်လှန်ရေးနဲ့ ဘော်ရှီဗစ် ခေါင်းဆောင်ကြီးတွေတောင် အဲသလို ပုံဖျက်ခံခဲ့ရတယ်ဆိုရင် အစိုးရ အပြောင်းအလဲ ဖြစ်ရုံလောက်ပဲ အောင်ပွဲရခဲ့တဲ့ ဘင်္ဂလားဒေ့ရှ် လူထု အုံကြွမှုကြီး အရောင် တော်လှန်ရေးလို့ စွပ်စွဲခံရတာ မထူးဆန်းပါဘူး။

လူထု အုံကြွမှုဖြစ်ရုံနဲ့ မင်းအောင်လှိုင်တောင် ပြုတ်မကျတာ ဟာဆီနာ ပြုတ်ကျတာ မဖြစ်နိုင်ဘူး ဆိုသူတွေ လီနင်တို့ ဘော်ရှီဗစ်တွေ ဦးဆောင်ခဲ့တဲ့ ဆိုရှယ်လစ် တော်လှန်ရေးကိုကျ ဘယ်လို ရှင်းပြကြမလဲ။ ၁၉၁၇ ဖေဖော်ဝါရီ တော်လှန်ရေးဖြစ်တော့ ဘော်ရှီဗစ် ပါတီမှာ ကေဒါ တသောင်း မပြည့်ဘူး။ ဘော်ရှီဗစ်တွေမှာ MNDAA လောက် မပြောနဲ့၊ ဗိုလ်နဂါးတပ်လောက်တောင် လက်နက်ကိုင် အင်အား မရှိခဲ့ဘူး။ ဒါနဲ့တောင် နောက်ရှစ်လအကြာမှာ ကမ္ဘာ့ ပထမဆုံး ဆိုရှယ်လစ် တော်လှန်ရေးကြီးကို အောင်အောင်မြင်မြင် ဆင်နွှဲနိုင်ခဲ့တယ်။ ဒါကိုရောဘယ်လို နားလည်ကြမလဲ။ ကိုယ်နားမလည်တာနဲ့ပဲ ပြည်ပအင်အားကြီး နိုင်ငံရဲ့ အကူအညီကြောင့်လို့ ရမ်းတုပ်ကြမှာလား။

ဘော်ရှီဗစ်တွေမှာ အကူအညီမရတဲ့အပြင် ဂျာမနီ၊ အမေရိကန်၊ ဗြိတိန် အစရှိတဲ့ နယ်ချဲ့ ထိပ်သီး နိုင်ငံတွေက စစ်တပ်တွေ အပါအဝင် ပြည်ပ စစ်တပ် ၂၁ တပ်နဲ့ ဝိုင်းတိုက်တာ ခံခဲ့ရသေးတယ်။ ဒီကြားထဲ ဇာဘုရင် စစ်တပ်က သုံးစားမရအောင် ပြိုကွဲနေပြီမို့ ပြည်တွင်းစစ် ကာလရောက်မှ တပ်နီတော်ကို ပြာပုံထဲကနေ စထူထောင်ရတယ်။ ရှိပြီးသား စစ်တပ်နဲ့ အဆင်သင့် ခုခံရတာ မဟုတ်ဘူး။ ကိုင်း ဘယ်လို ရှင်းပြကြမလဲ။ စစ်တပ် လက်ကိုင်ရှိမှ တော်လှန်ရေး လုပ်လို့ရမှာ ဆိုသူတွေ ဘာ ပြောဦးမလဲ။

## လူတန်းစား၊ ပါတီနဲ့ ခေါင်းဆောင်မှုကြားက ဒိုင်ယာလက်တစ် ဆက်နွှယ်မှု

ဒီနေရာမှာ နားလည်မှု မလွဲအောင် ပြောထားချင်ပါတယ်။ လူထု အုံကြွမှုဖြစ်ရုံနဲ့ တော်လှန်ရေး အောင်မြင်မယ်လို့ ကျနော်တို့ မပြောဘူး။ ဒီလိုသာ လူထု အုံကြွမှုဖြစ်ရုံနဲ့ အောင်ပွဲခံနိုင်မယ်ဆို လီနင်လဲ ဆွစ်ဇာလန်မှာ ဆက်နေရုံပဲ။ ရန်သူ့ နယ်မြေဖြတ်ပြီး ရုရှားကို အသက်စွန့် ပြန်စရာ မလိုဘူး။ ဆယ်စုနှစ်နဲ့ချီအောင် ဘော်ရှီဗစ်ပါတီ တည်ဆောက်ရေးကိုဘာ့ကြောင့် လုပ်နေမှာလဲ။ ဒါ့ကြောင့် spontaneous ဆန်ဆန် လူထု ပုန်ကန်မှုတွေ ထဖြစ်ရုံနဲ့ တော်လှန်ရေးကြီး အောင်မြင်မယ်လို့ မာ့(က်စ်)ဝါဒီတွေ ဘယ်တုန်းကမှ မပြောပါဘူး။ ဒါပေမယ့် လူထုကိုယ်တိုင် အုံကြွပုန်ကန်ခြင်း မရှိရင်လဲ တော်လှန်ရေး မအောင်နိုင်ဘူး။

ဘယ်လိုလဲ ရှုပ်သွားပြီလား။ ‘ဗမာပြည်မှာ လူထု အုံကြွ

မှုဖြစ်တယ်၊ မင်းအောင်လှိုင် ပြုတ်မကျဘူး၊ ဘင်္ဂလားဒေ့ရှ်မှာ လူထု အုံကြွမှု ဖြစ်တယ်၊ ဟာဆီနာ ပြုတ်ကျတယ်၊ ဒါ့ကြောင့် ဟာဆီနာ ပြုတ်ကျတာ လူထု အုံကြွမှုကြောင့် မဖြစ်နိုင်ဘူး' လို့ တွေးခေါ်ယူဆပုံမျိုးကို အဘိဓမ္မာ စကားနဲ့ဆိုရင် 'metaphysical mode of thinking' လို့ ပြောပါတယ်။ ဒီလို တွေးခေါ်ပုံမျိုးနဲ့ဆိုရင် အပေါ်က စာပိုဒ်ကို နားလည်မှာ မဟုတ်ဘူး။ ဒိုင်ယာလက်တစ် တွေးခေါ်နည်းနဲ့သာ နားလည်နိုင်မယ်။

လူထုကိုယ်တိုင် အုံကြွပုန်ကန်ခြင်း မရှိရင် တော်လှန်ရေး မမည်ဘူး၊ တော်လှန်ရေး မအောင်မြင်နိုင်ဘူး၊ သို့သော် လူထု အုံကြွမှုဖြစ်ရုံနဲ့ တော်လှန်ရေး မအောင်မြင်နိုင်ဘူးလို့လဲ ဆိုခဲ့တယ်။ ဘယ်လိုလဲ။ မအောင်မြင်ခဲ့တဲ့ တော်လှန်ရေးတွေကို ကြည့်ရင် ဒုတိယ အဆိုဟာ ထင်ရှားပါတယ်။ လူထု အုံကြွမှုဖြစ်ပေမယ့် မအောင်မြင်ခဲ့တဲ့ တော်လှန်ရေးတွေ လူ့သမိုင်းမှာ မနည်းလှဘူး။ အနီးခေတ် သမိုင်းမှာကို ဒုနဲ့ဒေး ရှိနေတာပဲ။ သို့သော် မအောင်မြင်တဲ့ တော်လှန်ရေးတွေကိုချည်း ကြည့်ရုံနဲ့ မလုံလောက်ဘူး။ အထက်မှာ နမူနာပေးခဲ့တဲ့ 'အောက်တိုဘာ' လို အောင်မြင်ခဲ့တဲ့ တော်လှန်ရေးကို ကြည့်မယ်ဆိုရင် ပထမ အဆိုဟာ ထင်ရှားလာလိမ့်မယ်။ မက်တာဖစ်ဆစ်ကယ် စဉ်းစားနည်းက မအောင်မြင်ခဲ့တဲ့ တော်လှန်ရေးကိုပဲ တဖက်သတ်ကြည့်လို့ ဒီသဘောကို နားမလည်နိုင်တာ။

နောက်တချက်က သမိုင်းထဲက အရေးတော်ပုံကြီးတွေကို နှိုင်းယှဉ်ကြည့်တဲ့အခါ အပေါ်ယံ အချက်တွေကိုပဲ လိုသလို ဆွဲယူမကြည့်မိဖို့ အလွန် အရေးကြီးတယ်။ အဲသလို သွားလုပ်မိရင် false analogy ဖြစ်ကုန်မှာပဲ။

တချို့ သဘောတရားတွေကို analogy နဲ့ ပြောရင် မျက်စိထဲ ပိုမြင်သာတယ်။ ထရော့စကီး သုံးခဲ့တဲ့ analogy ကိုပဲ ကိုးကားပြီး ပြောပါမယ်။ မီးရထားတစင်းကို ရှေ့လျားအောင် မောင်းနှင်တဲ့ အင်အားက ရေနွေးငွေ့ စွမ်းအင် ဖြစ်တယ်။ သို့သော် piston box သာ မရှိခဲ့ရင် အဲဒီ ရေနွေးငွေ့ စွမ်းအင်ဟာ လွင့်ပြယ်ပြီး အလဟဿ ဖြစ်သွားမှာပဲ။ ဒါပေမယ့် piston box ချည်း ရှိရုံနဲ့လဲ မီးရထားကြီး ရှေ့ကို တလက်မမှ ရွေ့မှာ မဟုတ်ဘူး။ ရေနွေးငွေ့ စွမ်းအင် ရှိမှသာ ရွေ့နိုင်မယ်။ ဒါ့ကြောင့် piston box အရေးကြီးတာ မှန်ပေမယ့် တကယ့် driving force က ရေနွေးငွေ့ စွမ်းအင်သာ ဖြစ်တယ်။ ဒါဟာသူတို့ကြားက ဒိုင်ယာလက်တစ် ဆက်နွယ်ချက်ကို ပြောနေတာပဲ။

လူထုကိုယ်တိုင် အုံကြွပုန်ကန်မှုက တော်လှန်ရေးကို မောင်းနှင်တဲ့ ရေနွေးငွေ့ စွမ်းအင်နဲ့တူတယ် ဆိုရင် တော်လှန်ရေး ပါတီ တော်လှန်ရေး ခေါင်းဆောင်မှုက piston box နဲ့ အလားတူတယ်။ piston box နဲ့ တူတဲ့ တော်လှန်ရေး ဦးဆောင် ပါတီ မရှိခဲ့ရင် လူထုအုံကြွမှု စွမ်းအင်တွေဟာ လိုရာကို မရောက်ဘဲ လွင့်ပြယ် ဆုံးရှုံးသွားတာမျိုး ကြုံရလေ့ရှိတယ်။ သို့သော် တော်လှန်ရေး ပါတီ ရှိရုံနဲ့ တော်လှန်ရေး မဖြစ်နိုင်ဘူး။ တော်လှန်ရေး ပါတီက တော်လှန်ရေးကို မဖန်တီးနိုင်ဘူး။ လူထုအုံကြွမှုကသာ တော်လှန်ရေးရဲ့ မောင်းနှင်အားဖြစ်တယ်။ ဒါဟာ လူတန်းစား၊ ပါတီနဲ့ ခေါင်းဆောင်မှုကြားက ဒိုင်ယာလက်တစ် ဆက်နွယ်ချက်တွေကို မြင်အောင်ကြည့်ဖို့ အရေးကြီးကြောင်း ပြောလိုရင်း ဖြစ်တယ်။ ဒီဆက်နွယ်ချက်တွေကို မြင်အောင် မကြည့်ဘဲ ကိုယ်သန်ရာ မျက်နှာစာ တဖက်လောက် ကြည့်ပြီး ကောက်ချက်ဆွဲရင် လွဲမှားတဲ့ နိဂုံးကိုသာ ရလိမ့်မယ်။

ရှစ်လေးလုံး တော်လှန်ရေးနဲ့ ဘင်္ဂလားဒေ့ရှ် တော်လှန်ရေးကို historical analogy အဖြစ် ယှဉ်ကြည့်မယ်ဆိုရင် နီးစပ်ပါလိမ့်မယ်။ ဗမာပြည်မှာ လူထု အုံကြွမှု ဖြစ်ပေမယ့် အစိုးရ ပြုတ်မကျခဲ့ဘူးလို့ ရမ်းမပြောသင့်ဘူး။ ရှစ်လေးလုံး တော်လှန်ရေးမှာ လူထု အုံကြွမှုဖြစ်ပြီး ၂၆ နှစ်ကျော် အုပ်စိုးခဲ့တဲ့ မဆလ ပါတီ ပြိုကွဲသွားခဲ့တယ်။ မဆလ ပါတီခေါင်းဆောင် ဗိုလ်နေဝင်း ပြုတ်ကျခဲ့တယ်။ သားသတ်သမားလက်မရှ် စိန်လွင် ပြုတ်ကျခဲ့တယ်။ ဒေါက်တာမောင်မောင် ပြုတ်ကျခဲ့တယ်။ လမ်းမထက်မှာ လူထု အာဏာ ပေါ်နေပြီ။ မာ့(က်စ်)ဝါဒ စကားနဲ့ ပြောရရင် dual power ဖြစ်ပေါ်နေတဲ့ အခြေအနေ။ လူထု အုံကြွမှုရဲ့ အခန်းကဏ္ဍကို လျှော့တွက်မယ်ကြံရင် အဲဒီ

သမိုင်း အတွေ့အကြုံတွေကို ပြန်သတိရလိုက်ပါ။

ဘင်္ဂလားဒေ့ရှ် လူထု အုံကြွမှုက ဟာဆီနာ တယောက်ကို ဆွဲချနိုင်ခဲ့တယ် ဆိုရင် ရုရှ်လေးလုံး တော်လှန်ရေးက ဟာဆီနာ သုံးယောက်တောင် ဖြုတ်ချနိုင်ခဲ့တာလို့ ပြောရလိမ့်မယ်။ ဒါဖြင့် ရုရှ်လေးလုံး တော်လှန်ရေးက ဘာ့ကြောင့် အဆုံးထိ အောင်ပွဲ မခံနိုင်ခဲ့တာလဲလို့ မေးချင်မေးနိုင်ပါတယ်။ တကယ်တော့ ဒီမေးခွန်းရဲ့ အဖြေက အထက်မှာ ပါခဲ့ပြီးသားပါ။ လူထုအုံကြွမှု ဖြစ်ရုံနဲ့တင် မလုံလောက်သေးဘူး။ piston box နဲ့တူသော တော်လှန်ရေး ပါတီ၊ တော်လှန်ရေး ခေါင်းဆောင်မှု ဆိုတဲ့ subjective factor က အဲသလို dual power ဖြစ်နေချိန်မှာ အလွန် အရေးကြီးပါတယ်။ decisive factor တောင်ဖြစ်သွားနိုင်တယ်။

ရုရှ်လေးလုံး လူထု အုံကြွမှုကြီးကြောင့် လမ်းမထက် လူထု အာဏာတည်နေချိန် (dual power ဖြစ်နေချိန်) တော်လှန်ရေး ခေါင်းဆောင်မှု နေရာ ဘယ်သူတွေ ရထားသလဲ။ လစ်ဘရယ် ခေါင်းဆောင်မှု နေရာရထားတယ်လို့ ပြောနိုင်တယ်။ သေချာတာကတော့ ရုရှ်လေးလုံး လူထု တော်လှန်ရေးကြီး အဆုံးထိ အောင်ပွဲ မခံနိုင်ခဲ့တာ လူထု ညံ့လို့ မဟုတ်ဘူး။ တော်လှန်ရေး ခေါင်းဆောင်မှု ပြဿနာကြောင့် ဆိုတာ ထင်ရှားတယ်။ နေဝင်း-စိန်လွင်-မောင်မောင် အပါအဝင် မဆလ ပါတီ ယန္တယားတခုလုံး ဖျက်သိမ်းနိုင်ခဲ့တဲ့ လူထု အုံကြွမှုကို ဘာမှ အသုံးမကျဘူးလို့ ဘယ်သူ ပြောရဲသလဲ။

ဒီ historical analogy မှာ နောက်ထပ် တူတဲ့ အချက်ကို ပြောရရင် ရုရှ်လေးလုံး အရေးတော်ပုံမှာ အနောက်အုပ်စုလိုလားတဲ့ လစ်ဘရယ် ခေါင်းဆောင် ဒေါ်စု နေရာရလာတယ်။ ဘင်္ဂလားဒေ့ရှ် တော်လှန်ရေးမှာ အနောက်အုပ်စုလိုလားတဲ့ ယူနု(စ်) ခေါင်းဆောင် နေရာ ရလာတယ်။ နိုဘယ်ဆုရှင် ဖြစ်တာချင်းတောင် တူလိုက်သေး။

တရုတ်နဲ့ အစေးကပ်သူ ပြုတ်ကျပြီး အနောက်အုပ်စုလိုလားသူ တက်လာတိုင်းသာ အမေရိကန် လက်ချက်လို့ ပြောကြစတမ်းဆိုရင် ဇမာပြည် ရုရှ်လေးလုံး အရေးတော်ပုံ ဘာဖြစ်သွားမလဲ။ အမေရိကန် ဝင်မွှေတဲ့ အရောင် တော်လှန်ရေးလို့ စွပ်စွဲကြမလား။ တရုတ် အစိုးရကတော့ အဲသလို မြင်ချင် မြင်လိမ့်မယ်။ ရုရှ်လေးလုံးနောက် တက်လာတဲ့ စစ်အစိုးရ အဆက်ဆက်ကို ကျားကန်ပေးထားခဲ့တာ အခုထိပဲ။

ဇမာပြည် ၂၁ တော်လှန်ရေးမှာလဲ အမေရိကန် သံရုံးရှေ့မှာ အကူအညီတောင်းတဲ့ placard တွေကိုင်ပြီး ဆန္ဒပြခဲ့ကြတာပဲ။ ယူအန် ဝင်ကယ်ဖို့ အော်ခဲ့ကြသူတွေလဲ မနည်းဘူး။ အာတူးပီ မျှော်သူကမျှော်။ ဒီနောက် ပေါ်လာတဲ့ နဂိုက အမေရိကန်ကို ပလူးပလဲလုပ်တာ ရှိသေးတယ်။ စစ်အာဏာသိမ်း အစိုးရကို ရုရှားနဲ့ တရုတ် အစိုးရတွေက ကျားကန်ပေးထားတယ်။ ဒါတွေ လက်ညှိုးထိုးပြပြီး ဇမာပြည် တော်လှန်ရေးကို အမေရိကန် ကြိုးကိုင်တဲ့ လှုပ်ရှားမှုလို့ ပြောရင် မှန်ပါ့မလား။

ဒါ့ကြောင့် သမိုင်း ဖြစ်စဉ်တွေကို သုံးသပ်တဲ့အခါ conspiracy တွေ၊ analogy အမှားတွေ ကို ရှောင်နိုင်ဖို့ အရေးကြီးကြောင်း ထပ်လောင်း ပြောလိုက်ပါရစေ။

သူရိန်မွန်
၂၄ မေ၊ ၂၀၂၅



# “မင်းတို့ပေးတဲ့ လုပ်ခလစာ မလောက်ဘူး၊ မလောက်ဘူး”

ရန်ကုန် လှိုင်သာယာ စက်မှုဇုန်က ချန်းရီ ဖိနပ်စက်ရုံမှာ အလုပ်သမားတွေ သပိတ်မှောက်ခဲ့ကြတယ်။ သပိတ်မှောက် အလုပ်သမား ၆၀၀၀ ခန့် ပါဝင်တယ်လို့ သိရပါတယ်။ အခု အလုပ်သမား ၆၀၀၀ ပါဝင်တဲ့ ချန်းရီ ဖိနပ်စက်ရုံ သပိတ်တိုက်ပွဲဟာ အလုပ်သမား လှုပ်ရှားမှု တကျော့ပြန် ရှန်းထလာတဲ့ လက္ခဏာလို့ ဆိုနိုင်တယ်။

၂၀၂၁ စစ်အာဏာသိမ်းပြီး ရက်ပိုင်းအတွင်း အလုပ်သမားထု သန်းချီပါဝင်တဲ့ တော်လှန်ရေး လှုပ်ရှားမှုကြီး ဖြစ်ပွားခဲ့တယ်။ အာဏာသိမ်း စစ်တပ်ရဲ့ ရက်ရက်စက်စက် ဖြိုခွဲမှုတွေနဲ့အတူ မြို့ပြ လူထု သပိတ်တိုက်ပွဲတွေ ရပ်စဲသွားခဲ့တယ်။ ပြည်တွင်းစစ်မီးနဲ့အတူ စီးပွားရေး အကျပ်အတည်းကို အလူးအလဲခံခဲ့ရတယ်။

အနိမ့်ဆုံး လုပ်ခလစာနှုန်းထားကို ၂၀၁၈ မှာ နောက်ဆုံး ပြင်ဆင်သတ်မှတ်ခဲ့ပါတယ်။ ဒီနောက် ၂နှစ်အကြာ၂၀၂၀ မှာ ပြင်ဆင်သတ်မှတ်ရမယ့် အချိန်ကို ရောက်လာပေမယ့် ကိုဗစ်ကို အကြောင်းပြပြီး အလုပ်သမားတွေရဲ့ လုပ်ခလစာကို တိုးမပေးခဲ့ဘူး။ ၂၀၂၁ မှာ စစ်တပ်က အာဏာသိမ်းလိုက်တော့ ပိုဆိုးသွားတယ်။ အလုပ်လက်မဲ့ ဦးရေ သန်းချီတိုးလာတယ်။ အလုပ်ဖြုတ်ခံရသူတွေလဲ မနည်းဘူး။ တက်ကြွတဲ့ အလုပ်သမားတွေ ဖမ်းဆီးထောင်ချခံခဲ့ရတယ်။ လူထုအုံကြွမှုအတွင်း လှိုင်သာယာမှာ အသက်ပေးခဲ့ရတဲ့ အလုပ်သမားတွေလဲ အတော်များပါတယ်။

## သပိတ်ဖြိုခွဲရေး နည်းလမ်းတွေ

စစ်အာဏာသိမ်းပြီး ၄နှစ်ကြာတဲ့အထိ အရင်းရှင် စစ်အစိုးရက အလုပ်သမားထုရဲ့ လုပ်ခလစာကို တိုးပေးဖို့ မစဉ်းစားပါဘူး။ တိုးမလာတဲ့အပြင် လုပ်ခလစာရဲ့ အမှန်တကယ် ဝယ်ယူ စားသုံးနိုင်စွမ်းဟာ ထက်ဝက်မက ကျဆင်းသွားခဲ့တယ်။ ၂၀၁၈ က တရက် လုပ်အားခ ၄၈၀၀ ကျပ်ရခဲ့တဲ့ အလုပ်သမားဟာ အခု ၂၀၂၅ ရောက်ချိန်မှာ တရက်ကို ၅၂၀၀ကျပ်ပဲ ရပါတယ်။ ၂၀၁၈ က ၄၈၀၀ ကျပ်ဟာ ဆန် (၃) ဝယ်လို့ ရခဲ့ရင် ၂၀၂၅ မှာ ၅၂၀၀ ကျပ်နဲ့ ဆန် (၁)ပြည် ဝယ်လို့ မရတော့ဘူး။ ဒ့ါကြောင့် ချန်းရီ ဖိနပ်စက်ရုံက အလုပ်သမားတွေရဲ့ တောင်းဆိုချက် (တရက် လုပ်အားခ ၁၂၀၀၀ ကျပ်) ဟာ ဖြစ်သင့်တာထက် အများကြီး နည်းနေသေးတယ်။

ဒါပေမယ့် အရင်းရှင် ဘက်တော်သားတွေက အလုပ်သမားတွေရဲ့ တောင်းဆိုချက်ကပဲ များလွန်းနေသလို လို ပုံဖော် ပြောဆိုခဲ့တယ်။ ဘယ်နေရာမဆို ကိုယ်တောင်း သလောက်တော့ ဘယ်ရမလဲ၊ နှစ်ဖက် အလျှော့အတင်း ဆို တာ ရှိစမြဲမို့ ၁၀၀% တော့ ဘယ်ရမလဲလို့ ဆိုပြန်တယ်။ တကယ်တော့ ငွေကြေးဖောင်းပွမှုနဲ့ နှိုင်းယှဉ်လိုက်ရင် ၁၀၀% တိုးပေးရင်တောင် ၂၀၁၈ က ရခဲ့တဲ့ လုပ်ခတန်ဖိုးကို မရသေး ဘူးဆိုတာ သူတို့ သိပါတယ်။ သိသိရက်နဲ့ အခုလို ဆင်ခြေပေး ပြီး သပိတ်မှောက် အလုပ်သမားတွေကပဲ လောဘတကြီး တောင်းနေသလိုလို ပုံဖော်တာပါ။

ဒီကနေ့ ကုန်ဈေးနှုန်းနဲ့ လူတယောက် တရက် ၁၂၀၀၀ဘယ်လို ရှင်သန်မလဲ စဉ်းစားကြည့်ပါ။ လွန်ခဲ့တဲ့ ၇ နှစ်က အိမ်ငှားခစရိတ်နဲ့ ဒီကနေ့ အိမ်ငှားခ စရိတ် ဘယ့် လောက် တက်သွားပြီလဲ။ စက်ရုံပိုင်ရှင် ဖြစ်ဖြစ်၊ သူ့လက်ဝေခံ မန်နေဂျာဖြစ်ဖြစ် တရက် ၁၂၀၀၀ နဲ့ နေခိုင်းကြည့်ပါ။ တကယ် တော့ အလုပ်သမားတွေ တောင်းဆိုနေတဲ့ တရက် လုပ်အား ခ၁၂၀၀၀ ကျပ်ဆိုတာ သူတို့ သောက်နေတဲ့ ဘီယာဖိုး မရှိပါ ဘူး။

ချန်းရီ ဖိနပ်စက်ရုံက နာမည်ကြီး Adidas တံဆိပ်ကို ထုတ်လုပ်နေတဲ့ စက်ရုံ ဖြစ်ပါတယ်။ ဒီဖိနပ်တွေကို နိုင်ငံခြား ပို့ကုန်အဖြစ် တင်ပို့ပါတယ်။ သေချာတာကတော့ ပြည်တွင်း မှာပဲ ရောင်းရောင်း၊ ပြည်ပ ဈေးကွက်မှာပဲ ရောင်းရောင်း ဒေါ်လာနဲ့ တွက်ရောင်းမှာပဲ။ အလုပ်သမားတွေရဲ့ လုပ်အား ခက ၂၀၁၈ ကနေ ၂၀၂၅ (၇နှစ်) အတွင်း ၄၀၀ ကျပ်သာ တိုး ခဲ့ပေမယ့် Adidas ဖိနပ်တရံရဲ့ ဈေးကတော့ ဒီ ၇ နှစ်အတွင်း သုံးဆမက တက်သွားပါလိမ့်မယ်။

အလုပ်သမားတွေက အဲဒီက ရလာတဲ့ အသီး အပွင့်ကို ဘာမှ မခံစားရဘူး။ မသေရုံတမယ် လုပ်ခလစာလေး နဲ့ ကုန်းရုန်းလုပ်ပေးခဲ့ရတယ်။ သူတို့လုပ်အားနဲ့ ဖန်တီးပေး သမျှ အရင်းရှင် သူဌေးတွေ အမြတ်များများ ရဖို့ပဲ ဖြစ်သွား တယ်။

အလုပ်သမားထုရဲ့ လုပ်အားနဲ့ ဒီဖိနပ်တွေကို ဖန်တီး ထုတ်လုပ်ပေးခဲ့ခြင်း ဖြစ်တယ်။ အလုပ်သမားထုရဲ့ လုပ်အား ကိုသာ ဖယ်ရှားပစ်လိုက်ရင် ဘာပစ္စည်းမှ ထွက်လာမှာ မဟုတ် ဘူး၊ ဘာတန်ဖိုး အသစ်မှ ဖန်တီး မပေးနိုင်ဘူး။ ဒါကို အရင်း ရှင် လူတန်းစားနဲ့ သူတို့ ကိုယ်စားလှယ်တွေ ကောင်းကောင်း သိတာပေါ့။ ဒါ့ကြောင့်လဲ အလုပ်သမားတွေ သပိတ်မှောက်မှာ ကို သူတို့ အသေကြောက်တယ်။ အလုပ်သမားတွေ သပိတ်မှောက်နေတာကို သပိတ်မှောက်နေတာလို့ သူတို့ အသိ အမှတ် မပြုဘူး။

'မင်းတို့ တောင်းဆိုချက်တွေ ငါတို့ သိရပြီ၊ သူဌေးကို ငါတို့က တင်ပြပေးမယ်၊ အချိန် တပတ်တော့ စောင့်ပေး၊ လောလောဆယ်တော့ အခုလိုကြီး ဆူဆူပူပူ မလုပ်ကြနဲ့၊ မင်း တို့သိတဲ့အတိုင်း ငါတို့စက်ရုံကို အပ်ထားတဲ့ အော်ဒါတွေ အချိန်မီ မပြီးရင် နှစ်ဖက်လုံးအတွက် မကောင်းဘူး' လို့ အရင်း ရှင် ကိုယ်စားလှယ်တဦးက ပြောသွားတယ်။

ချွေးသိပ်တဲ့နည်း၊ ပျားရည်နဲ့ ဝမ်းချတဲ့နည်း၊ ဘယ်ဘက် မှ မလိုက်ဘဲ နှစ်ဖက်လုံး အကျိုးစီးပွားကို လိုလားသယောင် လှည့်ဖျားတဲ့နည်းတွေ သုံးပြီး သပိတ်ကို ဖြိုခွဲဖို့ ကြိုးစားတာ ပဲ။အပ်ထားတဲ့ အော်ဒါတွေ အချိန်မီ မပြီးရင် တရက် ၅၂၀၀ကျပ်သာ ရနေတဲ့ အလုပ်သမားနဲ့ တရက်ကို အမြတ် တွေ သန်းချီရနေတဲ့ အရင်းရှင် ဘယ်သူက ပိုထိခိုက်မလဲ။ ဒါ ဆို သပိတ် မမှောက်ဘဲ ကိုယ်လိုချင်တာလေး ပြောပြီး အလုပ်ခွင် ပြန်ဝင်ကြဖို့ တိုက်တွန်းနေတာဟာ အရင်းရှင်ဘက် က ရပ်ပြီး ပြောနေမှန်း သိသာပါတယ်။

ဒီထက် မိုက်ရိုင်းတဲ့ နည်းကိုလဲ အလုပ်ရှင်ဘက်က သုံး သွားတယ်။ 'မင်းတို့ ဒီမှာ လုပ်ချင်လို့သာ ဒါတွေ တောင်းနေ တာ မဟုတ်လား၊ အချိန်စောင့်ပေးရမှာပေါ့၊ ဒါလောက်မှ သည်းခံ မစောင့်နိုင်ရင် ဒီထက် ကောင်းတဲ့ နေရာကိုသွား၊ ထွက်ချင်သပဆို ထွက်သွား၊ မတားဘူး၊ စောင့်လဲ မစောင့်ချင် ဘူး ထွက်လဲ မထွက်ဘူးဆိုတဲ့ လူတွေက အလုပ်ခွင်မှာ ၅၂၀၀နဲ့ ဆက်လုပ်နေလို့ ရတယ်' ဆိုတဲ့ အပေါက်မျိုး ပြောတာပဲ။

အလုပ်သမားထု သည်းခံ စောင့်ပေးလာရတာ ဆယ်စုနှစ် တ ခုရှိတော့မယ်။ ဒီထက် စောင့်ပေးဖို့ ဘာ့ကြောင့် တောင်းဆို တာလဲ။ ဒီထက် စောင့်ပေးစရာ အကြောင်းကော ရှိသေးရဲ့ လား။ တကယ်တော့ အချိန်ဆွဲပြီး သပိတ်ပန်းအောင် လုပ်တဲ့ နည်း၊ အူမ မတောင့်နိုင်တော့လို့ အလုပ်ပြန်ဝင်ချင်သူနဲ့ ဆက်တိုက်လိုသူ ဆိုပြီး သွေးကွဲအောင် သပ်လျှိုခဲ့တဲ့နည်းကို သုံးနေတာပဲ။ အလုပ်သမားတွေ သပိတ်မှောက်တိုင်း အရင်း ရှင် လူတန်းစားနဲ့ သူ့ကိုယ်စားလှယ်တွေ၊ အရင်းရှင် အစိုးရ တွေ ဖန်တရာတေအောင် သုံးပြီးသား သပိတ်ဖြိုခွဲရေး နည်း တွေပါပဲ။

အလုပ်သမားထုက သူတို့ဘဝပေး အသိအရ ဒီလှည့် ဖျားချက်တွေကို မယုံပါဘူး။ ဒါပေမယ့် ချန်းရီ ဖိနပ်စက်ရုံ သပိတ်မှာ တိုက်ပွဲ ဦးဆောင် ကော်မတီ ဒါမှမဟုတ် သမဂ္ဂ အဖွဲ့ အစည်း ခိုင်ခိုင်မာမာ ရှိထားပုံ မရဘူး။ စစ်အာဏာ မသိမ်းခင် က စက်မှုဇုံတွေမှာ ရှိခဲ့တဲ့ အလုပ်သမား သမဂ္ဂတွေလဲ အာဏာသိမ်း စစ်အစိုးရရဲ့ ဖိနှိပ်ဖြိုခွဲမှုကြောင့် မရပ်တည်နိုင် တော့ဘူး။ ဒီလို အခြေအနေမှာ အလုပ်သမားထုဟာ စည်းရုံး စုဖွဲ့မှု အတော် အားနည်းသွားခဲ့တယ်။ သပိတ် တိုက်ပွဲ အတွေ့အကြုံရှိတဲ့ အလုပ်သမား ခေါင်းဆောင်တွေ ဆုံးရှုံး ထားရတယ်။ အလုပ်ရှင်ဘက်က ဒီအားနည်းချက်ကို နင်းပြီး ကောင်းကောင်း အသုံးချသွားပုံရတယ်။

သပိတ်မှောက် အလုပ်သမားတွေက သူတို့ တောင်းဆိုချက်ကို ထုတ်ဖော်ကြွေးကြော်နေကြပြီ။ ဒီ တောင်းဆိုချက်တွေကို မရရင် အလုပ်ခွင် ပြန်မဝင်နိုင်ဘူးလို့ ပြတ်ပြတ်သားသား ပြောထားပြီးသား။ ဒါဆိုရင် အရင်းရှင် ဘက်က အလုပ်ရှင်ကိုယ်တိုင် ဒီအလုပ်သမားတွေဆီ လာတွေ့ ပြီး ညှိနှိုင်းဆွေးနွေးရမှာ မဟုတ်ဘူးလား။ သူတို့ ဘာအလုပ်မှ ထည့်ဝင်စရာမလိုဘဲ အလျှံပယ် ဖြုန်းနိုင်အောင် ဘဝနဲ့ရင်း လုပ်ပေးနေတဲ့ အလုပ်သမားတွေရဲ့ လိုလားချက်ကို ကိုယ်တိုင် လာနားထောင်ပြီး ဖြေရှင်းမပေးသင့်ဘူးလား။ နောက်ဆုံး ဘာ အလုပ်မှ မလုပ်ရတဲ့ အရင်းရှင်က ‘အလုပ်တွေ များလွန်းလို့’ ကိုယ်တိုင် မလာနိုင်ဘူး ဆိုရင်လဲ သူခန့်ထားတဲ့ စီမံခန့်ခွဲသူ ဆို တာတွေ စေလွှတ်ပြီး အလုပ်သမားတွေရဲ့ နစ်နာချက်ကို ဖြေ ရှင်းပေးသင့်တယ် မဟုတ်လား။

တကယ့် လက်တွေ့မှာတော့ ဖြစ်သင့်တာနဲ့ ဖြစ်နေတာ ဟာ ပြောင်းပြန်။ သပိတ်မှောက် အလုပ်သမားတွေက ကိုယ်စားလှယ် ရွေးလွှတ်ပြီး အရင်းရှင်ဘက်ကို သွားတွေ့ရ တယ်။ သွားတွေ့ရတော့လဲ သပိတ်မှောက် အလုပ်သမားထုရဲ့ မျက်ကွယ်၊ အရင်းရှင်ဘက်တော်သားတွေ ကြီးစိုးတဲ့ ရုံးခန်း မှာ တံခါးပိတ် ညှိနှိုင်းမှုမျိုးကိုသာ အရင်းရှင်ဘက်က လက်ခံ တယ်။ ထောင်သောင်းချီတဲ့ အလုပ်သမားထု မျက်ကွယ်မှာ လုပ်တဲ့ ညှိနှိုင်းမှုကို record ယူခွင့် မပေးဘူး။ ဒီတော့ လွှတ်လိုက်တဲ့ ကိုယ်စားလှယ် လေးငါးယောက်ကို အရင်းရှင် ဘက်က လာဘ်သိပ်ထိုး သိမ်းသွင်းတာမျိုး လုပ်လေ့ရှိသလို ခြိမ်းခြောက် အကျပ်ကိုင်တာမျိုးလဲ ရှိတယ်။

## စည်းရုံးစုစည်းရေးဟာ သပိတ်တိုက်ပွဲရဲ့ သော့ချက်

နိုင်ငံရေး ဖိနှိပ်မှု၊ စီးပွားရေး ဖိစီးမှုတွေကြောင့် အလုပ်သမားထုဘက်မှာ အတွေ့အကြုံရင့် အလုပ်သမား ခေါင်းဆောင် ပြတ်လပ်တာမျိုး မကြာခဏ ကြုံရတယ်။ အရင်း ရှင်ဘက်မှာ အဲသလို ပြတ်လပ်မှုမျိုး မရှိဘူး။ ဒီလို အလုပ်သမား သပိတ်တွေ ကြုံလာရင် သပိတ် ဖြိုခွဲနည်း၊ လှည့် ဖျားနည်း အမျိုးမျိုး တတ်ကျွမ်းမှ HR မန်နေဂျာအဖြစ် သူတို့ ခန့်တယ်။ သဘောက အရင်းရှင် လူတန်းစားဟာ class conscious ဖြစ်ပြီးသား၊ လူတန်းစား တိုက်ပွဲအတွက်လဲ အမြဲ ပြင် ထားပြီးသား။ ဒါ့ကြောင့် သပိတ်မှောက် အလုပ်သမားထုအနေ နဲ့ ကြုံသလို ကိုယ်စားလှယ် ရွေးလွှတ်ပြီး အဲလို ပြင်ဆင်ထား တဲ့ ရန်ဖက် လူတန်းစားကို ရင်ဆိုင်ဖို့ မလွယ်ဘူး။

ဒါ့အပြင် အရင်းရှင် လူတန်းစားဘက်မှာ အရင်းရှင် အစိုးရ ကိုယ်စားလှယ်တွေ၊ စစ်တပ် ရဲတပ်တွေ၊ ကြေးစား လူမိုက်တွေ၊ စသဖြင့် အားကိုးစရာ လက်နက်တွေ တပုံကြီး ရှိ



ဓါတ်ပုံ - ချန်းရှီ သပိတ် (Irrawaddy News,NMN)

သေးတယ်။ ဒါဆို အလုပ်သမား လူတန်းစားဘက်က ဘယ်လို ရင်ဆိုင်ရမလဲ။ အလုပ်သမား လူတန်းစားဘက်က အရေအတွက်အားဖြင့် လူအများစု ဖြစ်တယ်။ အရင်းရှင် လူတန်းစားက လူနည်းစု ဖြစ်တယ်။ ဒ့ါအပြင် ကုန်ထုတ်ဖြစ်စဉ် အတွင်း အလုပ်သမား လူတန်းစား ရောက်ရှိနေတဲ့ အနေအထားအရ အလုပ်သမားထုရဲ့ လုပ်အားကို ပယ်နှုတ် လိုက်ခြင်းဟာ အရင်းရှင် လူတန်းစား အရှိုက်ကို ထိုးနှက်ခြင်း ဖြစ်တယ်။ ဒ့ါကြောင့် သပိတ် တိုက်ပွဲဟာ အလုပ်သမား လူတန်းစားရဲ့ စံတော်ဝင် လက်နက် ဖြစ်နေတာပဲ။

ဒ့ါကြောင့် ချန်းရှီ အလုပ်သမားထုက ဒီလက်နက်ကို ထုတ်သုံးလိုက်တာဟာ အလွန် မှန်ကန်တဲ့ လုပ်ရပ် ဖြစ်တယ်။ ဒါပေမယ့် မလုံလောက်သေးဘူး။ သပိတ်တိုက်ပွဲဝင်ရင်း စည်းရုံးစုစည်းမှုကို ကျကျနန လုပ်ရလိမ့်မယ်။ စည်းရုံးစုစည်းမှု မရှိရင် အရင်းရှင်ဘက်က နည်းပေါင်းစုံသုံး ဖြိုခွဲတာကို တောင့်ခံနိုင်မှာ မဟုတ်ဘူး။ အလုပ်သမားထုရဲ့ စည်းရုံးရေး ယူနစ်ဟာ သမဂ္ဂပဲ။ ဒ့ါကြောင့် သပိတ်တိုက်ပွဲထဲကနေ အလုပ်သမား ထောင်ချီပါဝင်တဲ့ သမဂ္ဂတခု ဖွဲ့စည်းရမယ်။

အခုလို သပိတ် တိုက်ပွဲကို ဖြတ်သန်းလိုက်တဲ့အခါ ကိုယ့်လူတန်းစားထဲက ဘယ်သူဘယ်ဝါက စွမ်းဆောင်ရည် ရှိတယ်၊ စွန့်လွှတ်စွန့်စားတယ်၊ ဘယ်သူက အလုပ်သမားထု အကျိုးစီးပွားကို သစ္စာမဖောက်ဘူး ဆိုတာ ပိုသိလာရလိမ့်မယ်။ အဲလို လက်ရွေးစင် အလုပ်သမားတွေက ဦးဆောင်ပြီး ခိုင်မာတောင့်တင်းတဲ့ အလုပ်သမား သမဂ္ဂ ဖွဲ့စည်းထားဖို့ လိုလိမ့်မယ်။

တကယ်တော့ အခုလို ဖိနှိပ်မှု၊ သွေးစုပ်ခြယ်လှယ်မှုတွေ ခံနေရတာ ချန်းရှီ ဖိနပ်စက်ရုံ တခုတည်း မဟုတ်ပါဘူး။ တခြား စက်ရုံအသီးသီးက အလုပ်သမားတွေလဲ သပိတ်တိုက်ပွဲထဲ ပါလာအောင် စည်းရုံး လှုံ့ဆော်သင့်တယ်။ ဒီလိုနည်းနဲ့ စက်ရုံ အသီးသီးမှာ သမဂ္ဂတွေ ပြန်ဖွဲ့နိုင်အောင် ကြိုးပမ်းရမယ်။ အဲသလို အလုပ်သမား လှုပ်ရှားမှု အားကောင်းလာမှသာ အရင်းရှင်ဘက် အကြမ်းနည်း အနုနည်းသုံး ဖြိုခွဲတာကို ကြံ့ကြံ့ခံ ရင်ဆိုင်နိုင်မယ်။

သပိတ်မှောက် အလုပ်သမားတွေရဲ့ လက်ငင်း တောင်းဆိုချက်တွေကို ကြည့်ရင် သာမန် စားဝတ်နေရေး စီးပွားရေး တိုက်ပွဲပဲလို့ ထင်စရာ ရှိတယ်။ ဒါပေမယ့် လွတ်လပ်စွာ စုရုံးခွင့်၊ လွတ်လပ်စွာ သင်းပင်းဖွဲ့စည်းခွင့်တွေ ဘာတခုမှ မရှိတဲ့ စစ်အာဏာရှင်စနစ်အောက်မှာ သာမန် စက်ရုံ သပိတ်တိုက်ပွဲလေးကအစ နိုင်ငံရေး လက္ခဏာ ဆောင်ပါတယ်။

စီးပွားရေး တိုက်ပွဲနဲ့ နိုင်ငံရေး တိုက်ပွဲကြားက စည်းဟာ မထင်မရှား ဖြစ်လာပြီး အလျှင်အမြန် ကူးပြောင်းသွားလေ့ရှိတယ်။

ဒါ့ကြောင့် လက်ရှိ သပိတ်တိုက်ပွဲ တောင်းဆိုချက်တွေ အပြည့်အဝ မရခဲ့ရင်တောင် မရှုံးပါဘူး။ အလုပ်သမားထုရဲ့ မကျေနပ်ချက်တွေကို သူတို့ တခုမှ မဖြေရှင်းနိုင်ခဲ့ဘူး။ ဒါ့ကြောင့် လူတန်းစား ပဋိပက္ခဟာ ရှေ့လျှောက် ပြင်းထန်လာဖို့ပဲ ရှိတယ်။ အခု စလိုက်တဲ့ သပိတ်တိုက်ပွဲဟာ အလုပ်သမားထုအဖို့ အားစမ်းကြည့်တဲ့ ပွဲလဲ ဖြစ်တယ်။ ဒီသပိတ်က ရလာတဲ့ အတွေ့အကြုံတွေ၊ စည်းရုံး စုစည်းမှုတွေကို အခြေခံပြီး ပြင်ဆင်ထားမယ်ဆိုရင် ဒီထက်ကြီးမား ပြင်းထန်တဲ့ သပိတ်တိုက်ပွဲတွေကို အောင်အောင်မြင်မြင် ဆင်နွှဲနိုင်လိမ့်မယ်။

## ခေါင်းဆောင်မှုရဲ့ အခန်းကဏ္ဍ

ချန်းရှိ စက်ရုံ ပိုင်ရှင်ဘက်က အလုပ်သမား သပိတ်ကို ဖြိုခွဲဖို့ နည်းမျိုးစုံ သုံးခဲ့တယ်။ တွေ့ဆုံညှိနှိုင်းဖို့ လွှတ်လိုက်တဲ့ အလုပ်သမား ကိုယ်စားလှယ် ၉ ဦးကို လာဘ်ထိုးသိမ်းသွင်းတဲ့နည်း၊ အကျပ်ကိုင် ခြိမ်းခြောက်တဲ့နည်း (သူတို့ ဘယ်နည်းသုံးသွားလဲ အတိအကျ မသိနိုင်၊ နှစ်မျိုးလုံး သုံးတာလဲ ဖြစ်နိုင်) သုံးပြီး အလုပ်သမားထု ဘယ်လိုမှ လက်မခံနိုင်မယ့် အချက်တွေကို လက်မှတ်ထိုး သဘောတူစေခဲ့တယ်။

သပိတ်မှောက် အလုပ်သမားထု တောင်းဆိုနေတဲ့ ဒေးကြေး ၁၂၀၀၀ ကျပ်အစား ချန်းရှိ အရင်းရှင်များဘက်က “၉၀၀” ကျပ်သာ တိုးပေးနိုင်မယ်၊ ဒါ့အပြင် တနှစ်အတွင်း နောက်တကြိမ် ဆန္ဒမပြပါဘူးလို့ အလုပ်သမားထုဘက်က အာမခံချက်ခံထားရသေးတယ်။ ဒီတော့ အလုပ်သမားထု လက်မခံနိုင်မှန်း သိထားတဲ့ ကိုယ်စားလှယ် ကိုးဦးဟာ သပိတ်မှောက် အလုပ်သမားတွေဆီ ပြန်မလာရဲတော့ဘဲ ရှောင်တိမ်းနေကြတယ်။ အရင်းရှင်ဘက်ကလဲ သပိတ်မှောက် အလုပ်သမားတွေရှေ့ လာရောက် ရှင်းပြတာမျိုး မလုပ်ရဲဘူး။

လက်ဦးမှု ယူတဲ့အနေနဲ့ သူတို့ fb ပေ့ဂျ်ကနေ “အလုပ်ရှင်၊ အလုပ်သမား နှစ်ဘက်သဘောတူညီချက်စာချုပ်” ဆိုပြီး တင်ထားလိုက်တယ်။ ငါးရာတန် အခွန် တံဆိပ်ခေါင်း ကပ်ထားတဲ့ အေဖိုး နှစ်ရွက်နဲ့ ကောက်တင်လိုက်ရုံနဲ့ တရားဝင်သွားပြီလို့ ယူဆပုံရတယ်။ အလုပ်သမား ၆၀၀၀ ကျော်ရဲ့ သဘောဆန္ဒကို ထည့်တွက်စရာမလိုဘူးလို့ သွေးစုပ်သူ လူတန်းစားပီပီ စဉ်းစားလိုက်ပုံရတယ်။ သူတို့ မစဉ်းစားမိတာက ဒီအလုပ်သမားထုသာ ခွင့်မပြုဘူးဆိုရင် ချန်းရှိ စက်ရုံက ဘီးတဘီး မလည်နိုင်ဘူး၊ အပ်တချက် မဖောက်နိုင်ဘူး ဆိုတာပဲ။ အလုပ်သမားထုရဲ့ စွမ်းပကားကို လျှော့မတွက်လေနဲ့။

တချိန်တည်းမှာပဲ အလုပ်သမားထုဘက်က ပြတ်ပြတ်သားသား ရပ်တည်ပြီး သပိတ်ကို ဦးဆောင်နိုင်စွမ်းရှိတဲ့ ခေါင်းဆောင်မှုကို အမြန် ဖွဲ့စည်းဖို့ လိုအပ်ကြောင်း အချက်ပေးခေါင်းလောင်းထိုးနေပြီ။ အခုလို အရင်းရှင်တွေဘက်က သပိတ်ဖြိုခွဲရေး နည်းပရိယာယ် အသွယ်သွယ် ထုတ်သုံးလာတဲ့ အခြေအနေမှာ သပိတ်တိုက်ပွဲ ခေါင်းဆောင်မှုရဲ့ အခန်းကဏ္ဍက ပိုလို့ အရေးကြီးလာတယ်။ အစိုးရဘက်၊ အရင်းရှင်ဘက်က ရပ်တည်တဲ့ ထရိတ်ဂျန် သမဂ္ဂ ခေါင်းဆောင်တွေ၊ အလုပ်သမား ကိုယ်စားလှယ်တွေကို ဖွင့်ချ တိုက်ထုတ်တာဟာ မှန်ကန်တဲ့ လုပ်ရပ်ပဲ။ ဒါပေမယ့် မှန်ကန်တဲ့ ခေါင်းဆောင်မှုနဲ့ အစားထိုးနိုင်ဖို့ အရေးကြီးတယ်။ ဒါ့အပြင် ဒီသပိတ်ဟာ ချန်းရှိ စက်ရုံကနေ အခြား စက်ရုံ အသီးသီးကို ပြန့်သွားဖို့ လိုအပ်ပါတယ်။ အလုပ်သမားထုရဲ့ သွေးစည်းမှု အင်အားနဲ့ သွေးစုပ်သူ အရင်းရှင် လူတန်းစားကို အနိုင်တိုက်ရလိမ့်မယ်။

ချန်းရှီ ဖိနပ်စက်ရုံက အလုပ်သမားတွေအပါအဝင် ကျန်အလုပ်ရုံ စက်ရုံ အသီးသီးက အလုပ်သမားထုအနေနဲ့ အောက်ပါအချက်တွေ ကိုင်စွဲပြီး သပိတ် တိုက်ပွဲဝင်ဖို့ ဆော်ဩလိုက်ပါတယ် -

- ကုန်ဈေးနှုန်းနဲ့အညီ လုပ်အားခ လိုက်တိုးပေးရေး၊ (အခြေခံလုပ်ခလစာရဲ့ ရာခိုင်နှုန်း ဘယ့်လောက်ပဲ တိုးပေးနိုင်မယ်လို့ ကန့်သတ်မထားရ)
- အလုပ်သမား သမဂ္ဂတွေ လွပ်လပ်စွာ ဖွဲ့စည်းခွင့်ရရှိ

ရေး၊

- သပိတ်မှောက်ခွင့်ဟာ အလုပ်သမားထုရဲ့ အခြေခံအခွင့်အရေး၊
- သပိတ်မှောက် အလုပ်သမားထုကို အရေးယူခြင်း လုံးဝ မပြုလုပ်ရ၊
- အချိန်ပို မဆင်းဘဲ ဖူလုံတဲ့ လုပ်ခလစာ ရရှိရေး၊
- တပတ် နှစ်ရက် ပိတ်ရက်ခံစားခွင့် အပြည့်အဝ ရရှိရေး၊
- ကိုယ်ဝန်ဆောင် အမျိုးသမီး အလုပ်သမားများ လစာပြည့် မီးဖွားခွင့် ၆လ ရရှိရေး
- "အလုပ်သမားထုမှာ နှောင်ကြိုးမှတပါး ဆုံးရှုံးစရာ ဘာမျှမရှိ၊ အနိုင်ရဖို့ကား တကမ္ဘာလုံး ရှိပေသည်"

## "သပိတ်တိုက်ပွဲ အနိုင်ရရှိရေး"

ချန်းရှိ Adidas ဖိနပ်စက်ရုံ အလုပ်သမား သပိတ်ကို စစ်ကောင်စီရဲ့ အလုပ်သမား ဝန်ကြီးဌာန ဒုဝန်ကြီး ဦးဝင်းရှိန် မနေ့က (မေ ၁၉ ရက်) လာသွားတယ်။ စစ်ကောင်စီရဲ့ ဒုဝန်ကြီးဆိုသူက သပိတ်မှောက် အလုပ်သမားတွေရှေ့လာပြီး သောက်ခွက်ပြောင်နေသလိုပဲ။ သူနဲ့ပါလာသူတွေရဲ့ ရာထူးတွေ၊ နာမည်တွေ မိတ်ဆက်ပြတယ်။ စည်းမျဉ်းစည်းကမ်းတွေ ရွတ်ပြတယ်။ အရင်းရှင်ဘက်က အမြဲရပ်တည်တဲ့ အလုပ်ရှင်-အလုပ်သမား ပဋိပက္ခ ဖြေရှင်းရေး ယန္တယားတွေအကြောင်း အာချောင်တယ်။ နှစ်ပေါင်းများစွာ သွေးစုပ်ခံလာရတဲ့ အလုပ်သမားတွေရဲ့ နစ်နာချက်တွေကို ဘယ်သူကမှ အဖက်လုပ် ဖြေရှင်းမပေးခဲ့လို့ အခုလို သပိတ်တိုက်ပွဲအဆင့် ရောက်လာမှန်း ဒုဝန်ကြီးဆိုသူ နားလည်ပုံမရဘူး။

ဒုဝန်ကြီးဆိုသူက အလုပ်သမားတွေရဲ့ လိုလားချက်ကို ဘာတခုမှ အလေးပြု မစဉ်းစားတဲ့အပြင် သူတို့ အစိုးရနဲ့ မဆိုင်ဘူးလို့ မျက်နှာလွှဲခဲ့ပစ် ဆိုသွားတယ်။ ဒါပေမယ့် အလုပ်သမားတွေ အလုပ်မဆင်းဘဲ သပိတ်မှောက်နေလို့ အရင်းရှင် အမြတ်လျော့သွားမှာကိုတော့ သူတို့ စိုးရိမ်ပုံရတယ်။ ဒုဝန်ကြီးဆိုသူ ပြောသွားတာကို အရပ်စကားနဲ့ ပြန်ပြောရရင် 'မင်းတို့ လိုချင်တာ တောင်းပြီးပြီ မဟုတ်လား၊ ပြီးရင် အလုပ်ပြန်လုပ်ကြ၊ မင်းတို့ တောင်းဆိုချက်တွေ ဘယ်နေ့ ဖြေရှင်းပေးမလဲ ငါမပြောနိုင်ဘူး၊ ဒါပဲ'။

အရင်းရှင်တွေ အမြတ်လျော့မယ့် ကိစ္စသာ အလုပ်သမား ဝန်ကြီးဌာနနဲ့ သက်ဆိုင်ပြီး အဲဒီ အမြတ်တွေ ထွက်လာအောင် ကုန်ထုတ်ပေးနေရတဲ့ အလုပ်သမားထု ထမင်းနပ်မှန်ရေးကျ သူတို့နဲ့ မဆိုင်ဘူးတဲ့။

လူ့အဖွဲ့အစည်းတခု ရှင်သန်တည်မြဲရေး ကုန်းရုန်းလုပ်ပေးနေရသူတွေရဲ့ လုပ်ခလစာ ပြဿနာဟာ တိုင်းပြည် အာဏာရယူထားတဲ့ အစိုးရ အဖွဲ့အစည်းနဲ့ တိုက်ရိုက် သက်ဆိုင်ပါတယ်။ အလုပ်သမားထု လူတန်းစေ့ နေနိုင်မယ့် လုပ်ခလစာ ရရှိအောင် လုပ်ပေးဖို့ သူတို့ အစိုးရမှာ တာဝန် အပြည့်ရှိတယ်။ မဆိုင်ဘူးလို့ ပြောတာဟာ အရင်းရှင် လူတန်းစား ဖိနပ်ကို လျှာနဲ့ယက်တဲ့ စကားပဲ။

ဒုဝန်ကြီးဆိုသူက သူ့ကိုယ်သူ အဘလို့ ရည်ညွှန်းသုံးစွဲပေမယ့် အလုပ်သမားထုကိုတော့ ကလေးတွေလို့ ခေါ်သွားတယ်။ ဒါကလဲ စစ်အစိုးရ အဆက်ဆက် ဗျူရိုကရက်တွေရဲ့ သောက်ကျင့်ပဲ။ လုပ်သားပြည်သူကို လူလိုသူလို တလေးတစား မဆက်ဆံတတ်ဘူး။ သူတို့ထက် နိမ့်ကျသူတွေလို့ မြင်ကြတယ်။ သပိတ်မှောက် အလုပ်သမားထုက သူငယ်နှပ်စား ကလေးတွေ မဟုတ်ဘူး။ သူတို့ လုပ်အားနဲ့ ကမ္ဘာကျော် လူသုံးကုန်တွေ ထုတ်လုပ်ပေးနေတဲ့ တန်ဖိုးရှိ လူသားတွေ။ သူများ လုပ်အားကို သွေးစုပ်ပြီး အသက်ဆက်နေတဲ့ ကပ်ပါး လူတန်းစားထက် လူ့ဂုဏ်သိက္ခာ၊ လူ့တန်ဖိုး အဆပေါင်းများစွာ သာလွန်မြင့်မားသူတွေ ဖြစ်တယ်။ ဒါကို စစ်ဗျူရိုကရက်တွေ ဘယ်တော့မှ နားလည်မယ် မထင်ဘူး။



ဓါတ်ပုံ - ချန်းရီ သပိတ် (Irrawaddy News,NMN)

## စစ်အစိုးရနဲ့ အရင်းရှင်ပေါင်း လူလည်ကျတဲ့ အကွက်တွေ

အရင် ဆောင်းပါးမှာ ရေးခဲ့တာတွေ ဒီမှာ ထပ်မရေးတော့ပါဘူး။ ကျန်ခဲ့တဲ့ အချက်တချို့လောက်ပဲ ရေးပြပါရစေ။ အနိမ့်ဆုံး လုပ်ခလစာ သတ်မှတ်ပြဋ္ဌာန်းထားတယ် ဆိုတာ သတ်မှတ်ထားတဲ့ ပမာဏကို အနိမ့်ဆုံးထားပြီး ပေးရမယ်၊ အဲဒီ ပမာဏထက် လျော့ပြီး ပေးလို့မရဘူး ဆိုတဲ့ အဓိပ္ပါယ်ပဲ ထွက်တယ်။ အနိမ့်ဆုံးလို့ သတ်မှတ်ထားတဲ့ ပမာဏထက် ကျော်ပြီး ပေးလို့မရဘူးဆိုတာ (လုံး၀) မရှိဘူး။

အခုလို အလုပ်သမားတွေက အခြေခံ လုပ်ခလစာ တိုးမြှင့်ပေးဖို့ ပမာဏတခု သတ်မှတ်ပြီး တောင်းဆိုပြီဆိုရင် အရင်းရှင်နဲ့ အစိုးရဘက်က ဘာအသံထွက်လာသလဲ။ အလုပ်သမားတွေ တောင်းဆိုတဲ့ ပမာဏဟာ “နိုင်ငံတော်က သတ်မှတ်ထားတဲ့ အနိမ့်ဆုံး လုပ်ခလစာ သတ်မှတ်ချက်ထက် ကျော်လွန်နေပါသဖြင့်” ဆိုပြီး စကားလုံး အကြီးကြီးတွေနဲ့ လှည့်ဖျားလေ့ရှိတယ်။ ဘယ့်လောက် အဆီအငေါ် မတည့်တဲ့ လိမ်ဆင်ကြီးလဲ။

နောက်တခုက ထောက်ပံ့ကြေးဆိုတဲ့ ကိစ္စ။ မင်းအောင်လှိုင်တို့ အာဏာသိမ်း စစ်အစိုးရက အနိမ့်ဆုံး လုပ်ခလစာ သတ်မှတ်ချက်ကို တိုးပေးရမှန်း သိတယ်၊ ဒါပေမယ့် တိုးမပေးဘူး။ မသဒ္ဓါရေစာ ထောက်ပံ့ကြေး ဆိုပြီး လုပ်တယ်။ ၂၀၁၈ က သတ်မှတ်ခဲ့တဲ့ အနိမ့်ဆုံး လုပ်ခလစာ ၄၈၀၀ ကျပ် အပြင် ထောက်ပံ့ကြေး ၁၀၀၀ နှစ်ကြိမ် (ပေါင်း ၂၀၀၀ ကျပ်) ပေးဖို့ လုပ်ခဲ့တယ်။ မေးစရာရှိတာက ထောက်ပံ့ကြေးဆိုပြီး ပေးမယ့်အစား အနိမ့်ဆုံး လုပ်ခလစာ ၆၈၀၀ ကျပ် ပေးရမယ်လို့ ဘာ့ကြောင့် မပြဋ္ဌာန်းသလဲ။

(၁) အလုပ်သမားထုကို စော်ကားတာ။ မိမိလုပ်အားနဲ့ ထိုက်တန်တဲ့ လုပ်အားခအဖြစ် ပေးချေခြင်း မခံရဘူး။ အရင်းရှင်တို့၊ အစိုးရတို့က အလုပ်သမားထုကို သနားစရာ အငတ်ဘေး ဒုက္ခသည်လေးတွေအဖြစ် သဘောထားပြီး ထောက်ပံ့ကြေးအဖြစ် စွန့်ကြဲသလောက်ပဲ ရမယ် ဆိုတဲ့ အဓိပ္ပါယ်။ ဒါ့ကြောင့် အလုပ်သမားထုကို စော်ကားတဲ့ လုပ်ရပ်လို့ ပြောရခြင်းဖြစ်တယ်။ တကယ်တော့ အလုပ်သမားတယောက်ရဲ့ လုပ်အား တန်ဖိုးက ၆၈၀၀ လဲ မကဘူး၊ ၁၂၀၀၀

လဲ မကဘူး။

(၂) နားလည့်ပါးလည့် လုပ်တာ။ အဲဒီ ၂၀၀၀ ကျပ်က အပိုစောင်း ထောက်ပံ့ကြေး မဟုတ်ဘဲ အနိမ့်ဆုံး လုပ်အားခ အဖြစ် ဝင်သွားမယ်ဆိုရင် အိုတီကြေး တွက်တဲ့အခါ ၄၈၀၀ ကို အခြေခံ တွက်ရမှာ မဟုတ်ဘဲ ၆၈၀၀ ကို အခြေခံပြီး တွက်ရမယ်။ ဒါ့အပြင် စီးပွားပျက်ကပ် အကြောင်းပြပြီး ထောက်ပံ့ကြေးကို မပေးနိုင်တော့ဘူး ဆိုတာမျိုးလဲ လုပ်လို့ ရသေးတယ်။

အခုလဲ ကြည့်လေ။ ချန်းရှိ စက်ရုံ အလုပ်သမား သပိတ်တိုက်ပွဲမှာ ဒေးကြေး ၁၂၀၀၀ ကျပ် တိုးပေးဖို့ အလုပ်သမားတွေက တောင်းဆိုတယ်။ ဒါပေမယ့် ချန်းရှိ စက်ရုံပိုင်ရှင်ဘက်က ၉၀၀ ကျပ်ပဲ တိုးပေးတယ်။ ၉၀၀ ကျပ်ပဲ တိုးပေးတယ် ဆိုတော့ လူကြားလို့မှ မကောင်း။ ဒီထက် ပိုဆိုးတဲ့ အချက်က အလုပ်သမားတွေရဲ့ လုပ်အားခအနေနဲ့ ၉၀၀ ကျပ် တိုးပေးတာ မဟုတ်ဘူး၊ ထောက်ပံ့ကြေးအနေနဲ့ ၉၀၀ ကျပ် တိုးပေးတာလို့ ဆိုထားတယ်။ ဘယ့်လောက် ဇော်ကားလိုက်သလဲ။

အလုပ်သမား ကိုယ်စားလှယ်တွေက အရင်းရှင် ကိုယ်စားလှယ်တွေနဲ့ တွေ့ဆုံညှိနှိုင်းတဲ့အခါ သူတို့ တောင်းဆိုချက် မှန်ကန်ကြောင်း တခြား စက်ရုံက ပေးတဲ့ လုပ်ခနှုန်းထားကို ကိုးကားပြီး ပြောပုံရပါတယ်။ အဲလို ပြောတော့ အရင်းရှင်ဘက်က တခြားစက်ရုံတွေမှာ ရနေတဲ့ လုပ်အားခက ဒေးကြေးသက်သက်နဲ့ အဲ့လောက် မရဘူး၊ ပလက် ပလက်တွေ ထည့်တွက်မှ အဲ့လောက် ရတာလို့ ပြန်ပြောသတဲ့။

တကယ်တော့ ထောက်ပံ့ကြေး၊ ရက်မှန်ကြေး၊ ဘွန်းနပ်(စ်) စသဖြင့် ခေါင်းစဥ်အမျိုးမျိုး ခွဲထားတာတွေက အလုပ်သမားထုရဲ့ အခြေခံ လစာကို အပြည့်မပေးချင်လို့ လုပ်ထားတဲ့ လှည့်ဖျားနည်းတွေပဲ။ တနည်းအားဖြင့် နေ့စဥ် အလုပ်မဆင်းဘဲ နေလို့ မရအောင် ချုပ်နှောင်ထားတဲ့ နှောင်ကြိုးတွေလဲ ဖြစ်တယ်။ ဒါ့ကြောင့် လုပ်ခလစာ တိုးပေးရေး သပိတ်တိုက်ပွဲဝင်တဲ့အခါ အဲသလို ခေါင်းစဥ်အမျိုးမျိုးခွဲပေးတဲ့ နည်းကို ဆန့်ကျင်မှ ရမယ်။

အခုလဲ ကြည့်လေ။ ရက်မှန်ကြေး ၄၀၀၀၀ တော့ တိုးပေးပါရဲ့၊ ပထမ လတဝက်မှာ တရက်လောက် ပျက်ရုံနဲ့ ရက်မှန်ကြေး တဝက်ဖြတ်ခံရမယ် ဆိုတော့ ဘာအဓိပ္ပါယ်ရှိမလဲ။ အရင်လို %တွက်ပြီး ဖြတ်ဖို့ ထပ်ပြောနေရပြီ။ ဒါ့ကြောင့် အလုပ်သမား မိသားစု လူချင်းတူတူ သူချင်းမျှမျှ နေနိုင်မယ့် ပမာဏကို အခြေခံ လစာအဖြစ် ပေးချေဖို့ အရေးဆို တိုက်ပွဲဝင်ရလိမ့်မယ်။ ဟိုခေါင်းစဥ်၊ ဒီခေါင်းစဥ်တွေ လျှောက်ခွဲထားတော့ အရင်းရှင်ဘက်က လိုသလို ထိန်းချုပ်ပိုင်ခွင့် ရသွားတယ်။

## အလုပ်သမားထု လက်ခံမှ အလုပ်သမား ကိုယ်စားလှယ်

ချန်းရှိစက်ရုံ ပိုင်ရှင် အလိုကျ လက်မှတ်ထိုးပေးခဲ့တဲ့ အလုပ်သမား ကိုယ်စားလှယ်တွေကို သပိတ်မှောက် အလုပ်သမားထုက လက်မခံဘူး။ ပြတ်ပြတ်သားသား ဆန့်ကျင်ထားကြတယ်။ ဒါ့ကြောင့် နောက်ထပ် အလုပ်သမား ကိုယ်စားလှယ်တွေ ရွေးချယ်လိုက်တော့ ချန်းရှိ စက်ရုံပိုင်ရှင်ဘက်က လက်မခံနိုင်ဘူး၊ အရင် ကိုယ်စားလှယ်တွေကိုပဲ သူတို့ အသိအမှတ်ပြုတယ်လို့ အကြောင်းပြန်လာသတဲ့။

အလုပ်သမားထုကို သစ္စာဖောက်သွားတဲ့ ကိုယ်စားလှယ်တွေက အစပိုင်းမှာ ရှောင်ပြေးနေတယ်။ အလုပ်သမားထုဆီ ပေါ်မလာရဲဘူး။ အခုကျ လေသံ တမျိုးပြောင်းသွားတယ်။ ချန်းရှိ စက်ရုံဘက်က ပေးနေတဲ့ ထောက်ပံ့ကြေး ၄၀၀ ကျပ်အစား ထောက်ပံ့ကြေး ၃၀၀၀ ကျပ် ရအောင် သူတို့ ပြောပေးမယ်လို့ ဆိုလာတယ်။ ဒေးကြေး ၃၀၀၀ ကျပ် တိုးပေးဖို့ သူတို့ မပြောရဲဘူး။

အရင်းရှင်ဘက်တော်သားတွေက ပြောလေ့ရှိတယ်။ နှစ်ဖက် ညှိနှိုင်းတဲ့အခါ အလျှော့အတင်းတော့ ရှိမှာပေါ့တဲ့။ အခု အလုပ်သမားထုဘက်ကချည်း လျှော့နေရပါလား။

ဒါ့အပြင် သပိတ်မှောက် အလုပ်သမားထု အရေအတွက်နဲ့ နှိုင်းစာရင် အလုပ်သမား ကိုယ်စားလှယ် ဦးရေ လေးငါးဦးဆိုတာ အလွန်နည်းပါတယ်။ အလုပ်သမား တထောင်မှာ ကိုယ်စားလှယ် ၅ ဦးလို့ လျာထားရင်တောင် သပိတ်မှောက် အလုပ်သမား ၆၀၀၀ ကျော် ရှိတဲ့ စက်ရုံမှာ အလုပ်သမား ကိုယ်စားလှယ် ၃၀ ထက်မနည်း စေလွှတ်ဖို့ လိုလိမ့်မယ်။

အရင်းရှင် ကိုယ်စားလှယ်တွေက သပိတ်မှောက် အလုပ်သမားထုရှေ့ လာပြီး မဆွေးနွေးရဲဘူး၊ အလုပ်သမားထု မျက်ကွယ် သူတို့ရုံးခန်းမှာသာ စကားပြောရဲတယ်လို့ အရင် ဆောင်းပါးမှာ ထောက်ပြခဲ့တယ်။ ဒါ့အပြင် အလုပ်သမား ကိုယ်စားလှယ် အရေအတွက်ကို ဖြစ်နိုင်သမျှ အနည်းဆုံးပဲ ခေါ်တွေ့တာဟာ သူတို့သုံးတဲ့ နည်းဗျူဟာတရပ်ပဲ။

စဉ်းစားကြည့်ပါ။ ချန်းရိ စက်ရုံမှာ အလုပ်သမားက ခြောက်ထောင်ကျော်၊ အရင်းရှင်က တယောက်တည်း။ ဒါပေမယ့် စားပွဲဝိုင်းထိုင် စကားပြောတော့ အရင်းရှင်ဘက်မှာ အစိုးရ ဗျူရိုကရက်တွေလဲ တလှေကြီး၊ အရင်းရှင် လက်ကိုင်တုတ် အေးဂျန့်တွေလဲ တပုံကြီး၊ အလုပ်သမားဘက်က ကိုယ်စားလှယ်ကျ လေးငါးယောက်ပဲ ထိုင်ခွင့်ရတယ်။ ရန်ဖက် လူတန်းစား ကိုယ်စားလှယ်တွေ မျက်နှာချင်းဆိုင် စကားပြောကြတဲ့အခါ ဒီအရေအတွက် ကွာခြားမှု တခုတည်း နဲ့တင် အလုပ်သမား ကိုယ်စားလှယ်တွေအပေါ် ရှိနေမယ့် ဖိအားကို မှန်းဆကြည့်လို့ ရနိုင်တယ်။

ဒါ့ကြောင့် အထက်မှာ ပြောခဲ့တဲ့ အလုပ်သမား ၁၀၀၀ မှာ ကိုယ်စားလှယ် ငါးဦးနှုန်းနဲ့ အလုပ်သမား ၆၀၀၀ အတွက် ကိုယ်စားလှယ် ၃၀ ရွေးချယ်သင့်တယ် ဆိုတာ နမူနာ တင်ပြခြင်း ဖြစ်ပါတယ်။ အရင်းရှင်နဲ့ အစိုးရ ကိုယ်စားလှယ်တင် ဦး၃၀ ကျော်နေရင် အလုပ်သမားဘက်က အဲဒီအရေအတွက် ထက် ကိုယ်စားလှယ် ပိုများဖို့ လိုပါတယ်။

အရင်းရှင်ဘက်မှာ အားကိုးစရာ လှည့်ဖျားနည်းအဖုံဖုံ၊ အစိုးရ ဗျူရိုကရက် တပုံတပင်အပြင် ညစ်စရာ ဥပဒေ လုပ်ထုံးလုပ်နည်းအသွယ်သွယ်လဲ ရှိသေးတယ်။ အလုပ်သမားထုဘက်မှာ သွေးစည်းညီညွတ်မှု အင်အားပဲ ရှိပါတယ်။ ချန်းရိ သပိတ်ဟာ ချန်းရိ စက်ရုံက အလုပ်သမားတွေနဲ့ပဲ သက်ဆိုင်တာ မဟုတ်ပါဘူး။ ဘဝတူ အလုပ်သမားအားလုံး ၊ ဖိနှိပ်ခံ လူထုတရပ်လုံး သက်ဆိုင်နေတယ်။ ဒီအလုပ်သမား သပိတ်တိုက်ပွဲသာ အောင်မြင်သွားရင် နောက်ထပ် သပိတ် လှိုင်းကြီး ပေါ်လာဖို့ အလွန်တရာ အားကောင်းတဲ့ စေ့ဆော်မှု ဖြစ်သွားလိမ့်မယ်။

နိဂုံးချုပ်အနေနဲ့ ပြောရရင် သပိတ်တိုက်ပွဲရဲ့ အရေးပါမှုကို တောင်းဆိုချက်တွေလောက်ကြည့်ပြီး အကဲခတ်လို့ မရဘူး။ ဒီအချက်ကို နားလည်ရင် အလုပ်သမား သပိတ်တွေရဲ့ political implication ကို မြင်လာလိမ့်မယ်။

ရေးသူ - လန်းနာ့(ဒ်)




# CDMဥပဒေ၊လူတန်းစားတိုက်ပွဲနည်းနာနဲ့ ပက်တီးဘူဇွာ ခေါင်းဆောင်မှု

အပေါ်ယံအားဖြင့် ဘာမှ မပြောင်းလဲဘူး ထင်ရပေမဲ့လည်း ဗမာပြည် လူ့အဖွဲ့အစည်း အတွင်းပိုင်းမှာ အခြေခံကျတဲ့ အပြောင်းအလဲတွေ ဖြစ်ပေါ်နေတယ်။ ၂၀၂၁ ဖေဖော်ဝါရီ တော်လှန်ရေးအပြီး တန်ပြန်တော်လှန်ရေးရဲ့ ပြင်းထန်လှတဲ့ ဖိနှိပ်မှုအောက်မှာ အလုပ်သမား လူတန်းစား demoralised ဖြစ်သွားခဲ့တာဟာ ငြင်းမရတဲ့ အမှန်တရား ဖြစ်တယ်။

ဖိနှိပ်မှုက ပြင်းထန်လွန်းခဲ့တဲ့အတွက် အလုပ်သမား လူတန်းစား ခြေကုန်လက်ပန်း ကျခဲ့ရတယ်၊ ဒါပေမဲ့ ဒါဟာ မြင်သာထင်သာရှိတဲ့ မျက်နှာစာတဖက်ပဲ ရှိသေးတယ်။ အပေါ်ယံ အရေပြားတထောက်စာ ငြိမ်သက်မှုအောက်မှာ ဒီဖိနှိပ်မှုကြောင့်ပဲ အပြောင်းအလဲတွေ ဖြစ်ပေါ်နေတယ်။

အလုပ်သမား လူတန်းစားကို ငြိမ်သက်သွားအောင် အသုံးပြုခဲ့တဲ့ ဖိနှိပ်မှုဟာ သူ့ရဲ့ ဆန့်ကျင်ဘက် သဘောဆီ ကူးပြောင်းနေတယ်၊ အလုပ်သမား လူတန်းစား ပြန်လည်ရုန်းကြွလာဖို့ မီးစ ဖြစ်လာတယ်။ လတ်တလော ဖြစ်ပျက်ခဲ့တဲ့ သပိတ်တိုက်ပွဲတွေဟာ ဒီအချက်ကို ပြသနေတာ ဖြစ်တယ်။ တဖက်မှာတော့ ပင်မရေစီး နိုင်ငံရေး လမ်းကြောင်းမှာ ဖြစ်နေတဲ့ အခြေအနေက လီနင့် စကားငှားပြောရရင် "အချောင်သမားဝါဒရဲ့ လူပြိန်းကြိုက် ဆွယ်တရားနဲ့ အသေးငယ်ဆုံး လက်တွေ့လုပ်ငန်းတွေပဲ လုပ်ဖို့ မွန်ထူနေကြတဲ့" အခြေအနေ ဖြစ်နေတယ်။

နိုင်ငံရေး ပင်မရေစီးအတွင်း လွှမ်းမိုးနေတဲ့ ပက်တီးဘူဇွာ အတွေးအခေါ်တွေဟာ အလုပ်သမား လူတန်းစား လှုပ်ရှားမှုကို အကျိုးမပြုနိုင်ရုံသာမက အန္တရာယ်ကြီးကြီးမားမားပါ ပေးနိုင်တယ်။ ဒီအခြေအနေမှာ လူတန်းစား တိုက်ပွဲနဲ့ ပတ်သက်လို့ မာ့က်စ်ဝါဒီတွေရဲ့ အမြင်နဲ့ ရပ်တည်ချက်ကို ရှင်းလင်းပြတ်သားစွာ ထုတ်ဖော်ပြဖို့ လိုလာတယ်။

## တိုက်ပွဲနည်းနာနဲ့ လူတန်းစား အသိစိတ်

အလုပ်သမား လူတန်းစားရဲ့ တိုက်ပွဲနည်းနာဟာ အနှစ်သာရအားဖြင့် collective action ဖြစ်တယ်။ ဒါဟာ ကုန်ထုတ်ဖြစ်စဉ်အတွင်း အလုပ်သမား လူတန်းစား ရောက်ရှိနေသော အခန်းကဏ္ဍကြောင့် ဖြစ်ပေါ်လာတာ ဖြစ်တယ်။ တိုက်ပွဲ နည်းနာတခုကို အကဲဖြတ်ရာမှာ 'sentimental' ရှုထောင့်ကနေ ကြည့်လို့ မရဘူး၊ အလုပ်သမား လူတန်းစား

အသိစိတ်ကို မြှင့်တင်ပေးနိုင်သလား၊ အလုပ်သမား လူတန်းစားကို သူ့အင်အားနဲ့ လုပ်နိုင်စွမ်းအပေါ် ယုံကြည်ချက် မြင့်မားလာစေသလား၊ ဆိုရှယ်လစ် တော်လှန်ရေးတရပ် မ ဖြစ်မနေ လိုအပ်ကြောင်း ကောက်ချက်ဖြစ်ပေါ်သွားစေသလား ဆိုတဲ့ ရှုထောင့်ကနေပဲ ကြည့်ရမယ်။

လတ်တလော ဖြစ်ပွားခဲ့တဲ့ အလုပ်သမား သပိတ်တိုက်ပွဲတွေကိုပဲ စံထားပြီး ကြည့်တာပေါ့၊ ပထမဆုံး ချန်းရိ အလုပ်သမား သပိတ် ထဖြစ်တယ်၊ နှိုင်းယှဉ်ချက်အရ အလုပ်သမားထုဘက်က အသာစီးရတယ်ဆိုတဲ့ အခြေအနေနဲ့ သပိတ်လှန်လိုက်နိုင်တယ်၊ ဒီတိုက်ပွဲဟာ ကနဦး မီးပွားတခု ဖြစ်ခဲ့တယ်။ နောက်မှာ အလုပ်သမားသပိတ်တွေ တလုံးပြီး တလုံး လိုက်လာတယ်။ ဒေးကြေး တိုးမြှင့်ရေး အရေးဆိုသံတွေ တနေရာပြီး တနေရာက ထွက်ပေါ်လာခဲ့တယ်။

ချန်းရိ သပိတ်တိုက်ပွဲက ပေးတဲ့ အကျိုးကျေးဇူးကို အကဲဖြတ်ရာမှာ ဒီသပိတ်တိုက်ပွဲရဲ့ တောင်းဆိုချက်တွေက ဘာတွေလဲ၊ ဒီတောင်းဆိုချက်တွေ ရသွားလား ဆိုတာလောက်နဲ့ ရပ်နေလို့ မရဘူး။ ခုနက ဆွေးနွေးခဲ့တဲ့ အချက်တွေနဲ့ ယှဉ်ထိုး အကဲဖြတ်လိုက်ရင် ဒီတိုက်ပွဲက ပေးခဲ့တဲ့ အကျိုးကျေးဇူးတွေ အင်မတန် များပြားတာကို မြင်ရလိမ့်မယ်။

အလုပ်သမား လူတန်းစားဟာ ကုန်ထုတ်ဖြစ်စဉ်အတွင်း သူရောက်ရှိနေသော အနေအထားကြောင့် စုပေါင်းလှုပ်ရှားဖို့ မဖြစ်မနေ လိုအပ်တယ်။ အလုပ်သမား လူတန်းစားရဲ့ စံတော်ဝင် လက်နက်ဟာ သပိတ် တိုက်ပွဲပဲ။ ချန်းရိ သပိတ်တိုက်ပွဲတုန်းက အားလုံး လူညီရင် ငါတို့ လုပ်နိုင်ပါတယ် ဆိုတဲ့ ခံစားသက်ဝင်မှုကို သပိတ်တိုက်ပွဲ ကာလတလျှောက် မြင်တွေ့ခဲ့ရတယ်။

အရင်းရှင် လူတန်းစားဘက်က သပိတ်ကို ဖြိုခွဲဖို့ အမျိုးမျိုး ကြိုးစားခဲ့တယ်။ စစ်တပ်ခေါ် ခြိမ်းခြောက်တယ်၊ ကိုယ်စားလှယ် အတုအယောင်တွေနဲ့ လက်သိပ်ထိုး ဖြေရှင်းဖို့ ကြိုးစားတယ်။ ဒါပေမဲ့ အလုပ်သမားထုက လက်မခံဘူး။ ငါတို့ အကျိုးစီးပွားအတွက် ငါတို့ကိုယ်တိုင် စုစည်းတိုက်မှ ရမယ် ဆိုတဲ့ ကောက်ချက်ဟာ လူတန်းစား အသိ စူးရှလာခြင်း၊ မိမိ လူတန်းစားရဲ့ စွမ်းပကားအပေါ် ယုံကြည်မှု တိုးပွားလာခြင်းကို ပြနေတယ်။

အလုပ်သမား လူတန်းစားသာ ဆက်ပြီး ခေါင်းငုံ့ခံနေဖို့ ဆန္ဒ မရှိတော့ဘူးဆိုရင် အလုပ်သမား လူတန်းစားရဲ့ စုပေါင်းလှုပ်ရှားမှုဟာ လည်ပတ်နေဆဲ စနစ်တစုံလုံးကို သွက်ချာပါဒ လိုက်သွားစေနိုင်စွမ်း ရှိတယ်။ ဒါ့ကြောင့် သပိတ်တိုက်ပွဲဟာ အလုပ်သမားထုရဲ့ စံတော်ဝင် လက်နက်လို့ ပြောခဲ့ခြင်း ဖြစ်တယ်။

## တသီးပုဂ္ဂလဝါဒ (Individualism)

တဖက်မှာတော့ တိုက်ပွဲ လက္ခဏာ၊ ဗျူဟာနဲ့ နည်းနာကို တသီးပုဂ္ဂလဆန်ဆန် အမြင်နဲ့ ချဉ်းကပ်တဲ့ ပက်တီးဘူဇွာ ဆော်ဩမှုတွေ ရှိနေတယ်။ ပက်တီးဘူဇွာတွေဟာ ကုန်ထုတ်ဖြစ်စဉ်အတွင်း သူတို့ရောက်ရှိနေတဲ့ အနေအထားအရကို တဦးချင်း လုပ်ဟန်နဲ့ တသီးပုဂ္ဂလ အတွေးအခေါ်ရှိတယ်။ သူ့လူတန်းစားအတွင်း ပြိုင်ဆိုင်မှု ရှိနေတယ်။

အလုပ်သမား လူတန်းစားဟာ စုပေါင်း အလုပ်လုပ်ကြတယ်။ အခြေခံ အကျိုးစီးပွား တူညီမှုရှိတယ်။ ဒါ့ကြောင့် လူထု လူတန်းစား အဖွဲ့အစည်းကြီးတွေ၊ ပါတီတွေ ဖွဲ့စည်းလာကြတယ်။ အလုပ်သမား သမဂ္ဂဟာ အလုပ်သမား လူတန်းစား နိုင်ငံရေးစုဖွဲ့မှု ပုံစံရဲ့ အခြေခံ အကျဆုံး အသွင်သဏ္ဌာန်ဖြစ်တယ်။

မှန်ကန်တဲ့ တော်လှန်ရေးအတွေးအခေါ်နဲ့ တော်လှန်ရေး လုပ်ငန်းစဉ်သာ ရှိနေရင် အလုပ်သမား လူတန်းစားဟာ အရင်းရှင် လူတန်းစား အာဏာကို စိန်ခေါ် ယှဉ်ပြိုင်နိုင်စွမ်း ရှိတယ်။ ဒါဟာ ကုန်ထုတ်ဖြစ်စဉ်အတွင်း အလုပ်သမား လူတန်းစားရဲ့ မရှိမဖြစ် အရေးပါမှုကြောင့် ဖြစ်တယ်။

တဖက်မှာတော့ ပက်တီးဘူဇွာ လူတန်းစားဟာ

တသီးတခြားဆီ အလုပ်လုပ်ကြတယ်။ တသီးပုဂ္ဂလ အကျိုးစီးပွားအတွက်ပဲ အလုပ်လုပ်တယ်။ သူတို့ချင်း အကျိုးစီးပွား ပဋိပက္ခရှိတယ်။ ဒီအခြေအနေဟာ ပက်တီးဘူဇွာ တသီးပုဂ္ဂလဝါဒအဖြစ် လာထင်ဟပ်တယ်။ ပက်တီးဘူဇွာ လူတန်းစားဟာ အုပ်စိုးသူ လူတန်းစားကို ယှဉ်တိုက်ရမယ့် အခြေအနေဆီ ကျရောက်လာရင်တောင် individualism လွှမ်းမိုးမှု ရှိနေတဲ့အတွက် သူတို့ ရွေးချယ်တဲ့ တိုက်ပွဲ လမ်းကြောင်းဟာ တဦးချင်း လုပ်ဟန်တွေအပေါ် အခြေခံထား လေ့ရှိတယ်။

## ကိုယ်ကျင့်တရားအခြေပြုစဉ်းစားချက်

၂၀၂၁ ဖေဖော်ဝါရီ တော်လှန်ရေး အစပိုင်းမှာတည်းက ပက်တီးဘူဇွာ ပညာတတ် အလွှာတွေဘက်က အကြမ်းမဖက် အာဏာ ဖီဆန်ရေး လှုပ်ရှားမှုကို ဖန်းတင်ထားခဲ့တယ်။ အကြမ်းမဖက် အာဏာ ဖီဆန်ရေး လှုပ်ရှားမှုဟာ အပေါ်ယံ အားဖြင့်တော့ တည်ဆဲစနစ် ဆက်လက် လည်ပတ်ရေးအတွက် ခြိမ်းခြောက်မှု တရပ်ပဲ၊ သို့ပေမဲ့ စီဒီအမ် လှုပ်ရှားမှုဟာ ကနဦးတည်းက တဦးချင်း လုပ်ဟန်အပေါ် အခြေခံထားခဲ့တယ်။ စီဒီအမ် လှုပ်ရှားမှုရဲ့ သဘောကို အနှစ်ချုပ်လိုက်ရင် လူတဦးချင်းစီက မပူးပေါင်း မပါဝင်ရေးသက်သက်ပဲ (merely non-participation) ဖြစ်နေတယ်။

အာဏာသိမ်း စစ်အစိုးရနဲ့ မပူးပေါင်းဘူး၊ စစ်အစိုးရ အမိန့်ကို မနာခံဘူး၊ စစ်အစိုးရ ယန္တရားထဲ မပါဝင်ဘူး ဆိုတဲ့ လူတဦးချင်းစီရဲ့ အပြုအမူ (individual action) အပေါ် အခြေခံထားတယ်။ ဒီမှာတင် အလုပ်သမားထု ကိုင်စွဲတဲ့ သပိတ်တိုက်ပွဲ နည်းလမ်း (collective action) နဲ့ ကွဲထွက်သွားတာပဲ။

၂၀၂၁ ဖေဖော်ဝါရီ တော်လှန်ရေးမှာတော့ စီဒီအမ် လှုပ်ရှားမှုဟာ ကိုယ်ကျင့်တရား စံနှုန်းအခြေပြု တောင်းဆိုချက် (moral appeal) သက်သက် ဖြစ်နေခဲ့တယ်။ မတရားမှုနဲ့ တရားမျှတမှုကြား ပြဿနာအဖြစ် ချဉ်းကပ်ခဲ့တယ်။ ဓမ္မဘက်တော်သားတွေနဲ့ အဓမ္မဘက်တော်သားများ ကြားက ပြဿနာအဖြစ် ချဉ်းကပ်ခဲ့တယ်။ အသေဝနာစ ဗာလာနံမှုကို နိုင်ငံရေးမှာ လာကျင့်သုံးတာပဲ ဖြစ်တယ်။

လမ်းမပေါ် လူထုတိုက်ပွဲ ရှိနေသေးတဲ့ တော်လှန်ရေးUpswing ကာလမှာ CDM လှုပ်ရှားမှုရဲ့ ချို့ယွင်းချက်က သိပ်မသိသာသေးဘူး။ ဒါပေမဲ့ လမ်းမပေါ် လူထုတိုက်ပွဲ ဒီရေအကျ၊ စစ်အစိုးရဘက်က အကြမ်းဖက် တန်ပြန်တော်လှန်ရေးလုပ်လာချိန်မှာတော့ ပြဿနာတွေ တသီကြီး တက်လာစေခဲ့တယ်။

Public sector မှာ အလုပ် လုပ်နေရတဲ့ အခြေခံ ဝန်ထမ်းတွေ၊ အလုပ်သမား၊ လယ်သမား စတဲ့ ကျယ်ပြန့်တဲ့ လူထု လူတန်းစားတွေဟာ လက်လှုပ်မှ ပါးစပ်လှုပ်နိုင်တယ်။ ဒီလူထုအပေါ် စစ်ကောင်စီဘက်က အကြမ်းဖက် ဖိနှိပ်မှု လုပ်လာတယ်။ မိသားစုနဲ့ သူတို့ကိုယ်တိုင်ရဲ့ ဘဝနေထိုင်မှုကို ခြိမ်းခြောက်ခံခဲ့ရတယ်။ ထောင်ကျသူ ကျ၊ အသတ်ခံရသူ အသတ်ခံရ ဖြစ်လာခဲ့တယ်။ စားဝတ်နေရေးအတွက် ဝင်ငွေရှာနိုင်မယ့် အကြောင်းအချက်တွေ ပြိုလဲသွားတယ်။ ဒါဟာ အုပ်စိုးခံ လူတန်းစားအပေါ် အုပ်စိုးသူ လူတန်းစားရဲ့ ခြိမ်းခြောက်မှုပဲ။

လမ်းမပေါ် လူထု တိုက်ပွဲတွေလဲ မရှိတော့ဘူး၊ သပိတ်မှောက် အလုပ်သမားတွေလဲ အလုပ်ပြန်ဆင်းနေကြပြီ။ ဒီလို အခြေအနေမှာ public sector က ဝန်ထမ်းတွေကျမှ အလုပ်ပြန်ဝင်တာနဲ့ နိုင်ငံရေး ပြစ်မှုကြီး ကျူးလွန်သလိုလို၊ ရာဇဝတ်မှုကြီး လုပ်ထားသလိုလို ဘာ့ကြောင့် သတ်မှတ်ချင်ရတာလဲ။ တော်လှန်ရေး လှုပ်ရှားမှု ဒီရေနိမ့်သွားချိန်၊ လမ်းမပေါ် လူထုတိုက်ပွဲ မရှိတော့တဲ့ အခြေအနေမှာ CDM လုပ်ဖို့ဆိုတာ စီးပွားရေးအရ suicide လုပ်တာနဲ့ မခြားဘူး။

အပေါ်မှာ အလုပ်သမား သပိတ် တိုက်ပွဲကို နမူနာပေးခဲ့တယ်။ စက်ရုံတွင်း စီးပွားရေး တောင်းဆိုချက်တွေ ရရှိရေး တိုက်ရတဲ့ သပိတ်တိုက်ပွဲ တခုမှာတောင် တောင်းဆိုချက်တွေ



Image - VOA

အပြည့်အဝ မရသော်ငြား သပိတ်လှန်ပြီး အလုပ်ပြန်ဝင်လိုက်ရတာ ရှိတယ်။ ချန်းရဲ့ သပိတ်မှ မဟုတ်ဘူး။ ဘယ်အလုပ်သမား သပိတ်မှာမဆို ဒီသဘောပဲ။ ဘာ့ကြောင့်လဲ။

ဒီတချီတည်းနဲ့ ခြေကုန်လက်ပန်းကျသွားသည်အထိ တိုက်ရမယ့် တိုက်ပွဲ မဟုတ်သေးဘူး။ တောင်းဆိုချက်တွေ အပြည့် မရသော်ငြား အတိုင်းအတာတခုထိ ရမယ်၊ ကိုယ့်ဘက်က အင်အားလဲ မပြုန်းတီးဘူး၊ တိုက်ပွဲဝင် အလုပ်သမားတွေရဲ့ တိုက်ပွဲဝင် စိတ်ဓာတ်နဲ့ စည်းရုံးစုစည်းမှုကို မြှင့်တင်ထားနိုင်မယ် ဆိုရင် ရှေ့ဆက် တိုက်ပွဲအတွက် အများကြီး အမြတ်ထွက်သွားတာပဲ။

အဲသလို မဟုတ်ဘဲ အခု အစိုးရ ဝန်ထမ်းတွေကို တောင်းဆိုနေကြသလို တော်လှန်ရေးကြီး မအောင်မချင်း အလုပ်ပြန်မဝင်နဲ့၊ အလုပ် လက်မဲ့ ဖြစ်လဲ တောင့်ခံ၊ ငတ်နေလဲ တောင့်ခံ၊ တောင့်မခံရင် အရေးယူမယ် ဆိုတာမျိုး သွားလုပ်ရင် ဘာဖြစ်မလဲ။ ရှေ့ဆက် တိုက်ပွဲဝင်မယ့် အင်အား ချိနဲ့သွားမယ်၊ ဘယ်ချိန် အောင်မယ်မှန်း မသိတဲ့ 'တော်လှန်ရေးကြီး'အတွင်း တိုက်ပွဲဝင် အင်အားတွေ ပြုန်းတီးကုန်တာပဲ အဖတ်တင်သွားမယ်။

public sector က အလုပ်သမားတွေရဲ့ တိုက်ပွဲဝင် စိတ်ဓာတ်နဲ့ စည်းရုံးစုစည်းမှု အင်အားကို မြှင့်တင်ပေးနိုင်ဖို့ဆိုတာ ပိုဝေးသွားပြီ။ စစ်အာဏာသိမ်းပြီး ၅နှစ်အတွင်း ဝန်ထမ်းသမဂ္ဂ ဘယ်နှခု ပေါ်လာပြီလဲ။ ဒီပေတဲ့နဲ့ တိုင်းရင်တောင် အခုပြောခဲ့တဲ့ အချက်ကို မြင်ရလိမ့်မယ်။

လူတဦးချင်းစီ မပူးပေါင်း မပါဝင်ခြင်းအပေါ် အခြေခံထားတဲ့ စီဒီအမ် နည်းလမ်းအတိုင်း စဉ်းစားရင်တော့ ဝန်ထမ်းသမဂ္ဂ ဖွဲ့စည်းနိုင်ခြင်း၊ မဖွဲ့စည်းနိုင်ခြင်းဟာ အရေးကြီးတဲ့ ပြဿနာ မဟုတ်တော့ဘူး။

စီဒီအမ်ကို မတရားတဲ့ အမိန့်အာဏာများ ဖီဆန်ခြင်း၊ မပူးပေါင်း မပါဝင်ခြင်းလို့ လက်ခံထားတယ် ဆိုရင် public sector က ဝန်ထမ်းတွေ အလုပ်ပြန်ဝင်ခြင်း မဝင်ခြင်းကိုပဲ ပြောလို့ မရတော့ဘူး။

ဥပမာ၊ စစ်တပ်ကို ဂိတ်ကြေးပေးတဲ့ ယာဉ်လိုင်းတွေ၊

အဲဒီ ယာဉ်လိုင်းကို စီးနင်းတဲ့ ခရီးသည်တွေ၊ စစ်တပ်ကို အခွန်ဆောင်နေတဲ့ စားသောက်ဆိုင်တွေ၊ အဲဒီဆိုင်တွေမှာ သွားစားတဲ့ ပြည်သူတွေ၊ စစ်တပ်ကို အခွန်ဆောင်နေတဲ့ ဆီကုန်သည် ၊ ဆန်ကုန်သည်တွေ၊ အဲဒီဆန်တွေ၊ ဆီတွေ ဝယ်စားသုံးနေတဲ့ ပြည်သူတွေ၊ ရပ်ကျေးရှိမှာ ညှော်စာရင်းတိုင်နေတဲ့ ပြည်သူတွေ အားလုံးဟာ CDM မလုပ်သူတွေ ဖြစ်သွားပြီ။

အခု ရေးပြတာ နမူနာပဲ ရှိသေးတယ်။ နောက်ထပ် အများကြီး အများကြီး ရှိသေးတယ်။ အခြားတဖက်က ပြန်ကြည့်ရင် အခုရေးပြတဲ့ နမူနာတွေထဲမှာ စီဒီအမ် မလုပ်ဖူးလို့ အသတ်မှတ်ခံရတဲ့ ပြည်သူတွေကပဲ အာခံမှုကို နည်းအမျိုးမျိုးနဲ့ ပြုလုပ်နေကြတာ ရှိပြန်တယ်။

ဒါ့ကြောင့် public sector မှာ အလုပ်မဆင်းရင် စီဒီအမ် ၊ အလုပ်ဆင်းရင် Non-CDM ဆိုတဲ့ သတ်မှတ်ချက်ဟာဘာအဓိပ္ပါယ်မှ မရှိဘူး။ ဒီပြဿနာကို စစ်ကောင်စီနှင့် လက်တွဲလိုခြင်း၊ လက်မတွဲလိုခြင်း ဆိုတဲ့ စိတ်ဓါတ်ရေးရာ ပြဿနာတခုအဖြစ် လျှော့ချလို့ မရဘူး။ အဖြူမဟုတ်ရင် အမည်း ဖြစ်ရမယ်ဆိုတဲ့ 'reductionist' အမြင်ဟာ နိုင်ငံရေးမှာ တစက်မှ အသုံးမကျတဲ့ အမြင် ဖြစ်တယ်။ (တကယ်တော့ ဘယ်နေရာမှာမှ အသုံးမကျဘူး)။

တိုက်ပွဲနည်းနာတရပ်ကို လူတန်းစား ရှုထောင့် (class perspective) ကနေပဲ ခွဲခြမ်း စိတ်ဖြာလို့ ရမယ်။ moral ရှုထောင့်ကနေ ခွဲခြမ်း စိတ်ဖြာလို့ မရဘူး။ အထက်မှာ ထုတ်ပြခဲ့တဲ့ နမူနာတချို့ကို ခဏ စဉ်းစားကြည့်ပါ။ moral ပေတံနဲ့ အကုန် လိုက်တိုင်းမယ်ဆိုရင် ဘယ်သူမှ အသက်ရှင်နေလို့တောင် ဖြစ်မှာ မဟုတ်ဘူး။ အကုန် တောထွက်နေရမယ့်ကိန်း။

ဒီနေရာမှာ မေးခွန်းထုတ်စရာရှိတာက တကယ်ရော ကိုယ်ထုတ်တဲ့ စံ၊ ကိုယ်ကိုင်တဲ့ ပေတံနဲ့ နယ်ပယ်တိုင်း၊ လူတိုင်းကို လိုက်တိုင်းနိုင်ရဲ့လား။ အဲသလို တိုင်းသူတွေရော တိုင်းတဲ့ စံတွေ၊ ပေတံတွေနဲ့ အကုန်ညီပါရဲ့လား။ တကယ်တော့ သူတို့ အဲသလို ရှေ့နောက်ညီအောင် တိုင်းလဲ မတိုင်းဘူး၊ သူတို့ ကိုယ်တိုင်လဲ မလုပ်နိုင်ဘူး။ စီဒီအမ် လုပ်သူနဲ့ မလုပ်သူ dichotomy ခွဲထုတ်ပြီး အုပ်စုတစုကို ချနင်းမယ်၊ ကျန်တစုရဲ့ လက်ခုပ်သံကို ချူမယ် ဆိုတဲ့ opportunist ဆန်ဆန် နိုင်ငံရေး အမြတ်ထုတ်လိုက်ခြင်းလို့ ပြောရလိမ့်မယ်။

အခုလို တိုက်ပွဲနည်းနာ ပြဿနာကို moralist ရှုထောင့်ကနေ စံနှုန်းအခြေပြု ရွေးချယ်မှုအဖြစ် သတ်မှတ် ရှုမြင်ခြင်းဟာ ဂိုဏ်းဂဏအတွေးအခေါ် (sectarianism) ဆီ ဦးတည်သွားခဲ့တယ်။ ပက်တီးဘူဇွာ အတွေးအခေါ် ချွတ်ယွင်းမှု အပင်ကနေ iNUG-CRPH ရဲ့ စီဒီအမ် ဥပဒေအဖြစ် သီးပွင့်လာခဲ့တယ်။

## Sectarianism

CRPH ဘက်က ဂျွန်လ (၁၃)ရက်နေ့ ရက်စွဲနဲ့ စီဒီအမ် ဥပဒေဆိုပြီး ထုတ်လာတယ်။ ဒီဥပဒေကို အနှစ်ချုပ်ကြည့်ရင် အခုလို တွေ့ရမယ်။

(၁) ၂၀၂၁ ဖေဖော်ဝါရီ (၁)ရက်နေ့ကနေ ၂၀၂၁ ဧပရယ်လ် (၃၀) အတွင်း CDM လှုပ်ရှားမှုထဲ ပါခဲ့တဲ့ သူတွေကိုပဲ CDM နိုင်ငံ့ဝန်ထမ်းလို့ သတ်မှတ်မယ်။ ခိုင်လုံတဲ့ သက်သေပြနိုင်ရင်တော့ အဲဒီနောက်ပိုင်းမှ ဝင်လာရင်လည်း CDM လို့ အသိအမှတ်ပြုမယ် ။

(၂) CDM ဝန်ထမ်းတွေကို ဂုဏ်ပြုမယ်၊ non-CDMer တွေကိုတော့ အရေးယူမယ် (ဆုပေးဒဏ်ပေး?)

(၃) အရေးယူရာမှာ သူလုပ်ခဲ့တဲ့ လုပ်ရပ်အရ အဆင့်ဆင့် အနု-အကြမ်း အရေးယူမယ်။

(၄) အသနားခံစာ တင်လို့ရတယ်၊ ဒါပေမဲ့ နောက်ဆုံး အတည်ကတော့ အစိုးရရဲ့ ဆုံးဖြတ်ချက်ကိုပဲ အတည်ယူမယ်။

(၅) non-CDM တဦးဟာ ဒီ ဥပဒေနဲ့ အရေးယူ မခံရဘူးဆိုရင်တောင် အစိုးရ (NUG) အစီအစဉ်နဲ့ အများပြည်သူထံ ဝန်ချတောင်းပန်ရဦးမယ်။




အထက်မှာ ရှင်းပြခဲ့သလိုပဲ ဒီကနေ့ ဗမာပြည်လူ့အဖွဲ့အစည်းတွင်း ပြဿနာကို CDM နဲ့ non-CDM ဆိုတဲ့အမြင်ကနေ ကြည့်တာဟာ လုံးလုံးလျားလျားမှားတဲ့ အယူအဆဖြစ်တယ်။ ဆိုကြပါစို့။ သူတို့ သတ်မှတ်ချက်အရ အစိုးရစာသင်ကျောင်းမှာ စာသွားသင်ရင် မှားတယ်။ အဲဒီမှာ စာမသင်ဘဲ ကိုယ့်ဘာသာ ပုဂ္ဂလိက စာသင်ဝိုင်းဖွဲ့ရင်ဖြစ်ဖြစ်၊ ပုဂ္ဂလိက စာသင်ကျောင်းမှာ ဝန်ထမ်းဝင်လုပ်ရင်ဖြစ်ဖြစ် မှန်ကန်တယ်။

တကယ့်လက်တွေ့မှာ ဘာအဓိပ္ပါယ်ထွက်သလဲ။ အာဏာသိမ်း စစ်အစိုးရအနေနဲ့ ပညာရေးဝန်ထမ်းကို လစာပေးစရာ မလိုဘူး။ ပညာရေးကို နိုင်ငံသားတဦးချင်းစီက ရောင်းကုန်တခုလို အပြင်မှာ ဝယ်ယူစားသုံးရမယ်၊ တိုင်းသူပြည်သားတွေရဲ့ ပညာရေး (ကျန်းမာရေး၊ လူမှုဖူလုံရေး၊ စသဖြင့်) အတွက် အစိုးရအာဏာသိမ်းပိုက်ပြီး အုပ်ချုပ်မင်းလုပ်နေတဲ့ သူတွေမှာ တာဝန် မရှိတော့ဘူး။ အများပြည်သူ ဝန်ဆောင်မှုအတွက် သုံးစွဲရမယ့် ပြည်သူ့ဘဏ္ဍာတွေကို စစ်တိုက်ဖို့ပဲ သုံးပါတော့လို့ တဖက်လှည့်နဲ့ ခွင့်ပြုပေးလိုက်သလိုတောင် ဖြစ်သွားဦးမယ်။

တကယ်တော့ ပညာရေး၊ ကျန်းမာရေးစနစ် ယိုယွင်းနေတာ၊ အရည်အသွေးညံ့နေတာ အမှန်ပဲ။ ဒါပေမယ့် ညံ့နေလို့ ဒါတွေ မသုံးနဲ့၊ အပြင် ပုဂ္ဂလိကဆီက ဝယ်ယူစားသုံးဆိုတာက အဖြေ မဟုတ်ဘူး။ အဲသလိုပဲ စစ်အစိုးရ လက်အောက်က ကဏ္ဍတွေမို့ မသုံးရဘူးဆိုတာ အဲဒီ စစ်အစိုးရကို တဖက်လှည့်နဲ့ အကူအညီပေးရာ ရောက်သွားစေတဲ့ ပေါ်လစီအမှား။ တကယ်တော့ ပြည်သူတရပ်ကို အုပ်ချုပ်နေတဲ့ အစိုးရက အများပြည်သူ သာယာဝပြောရေး ကဏ္ဍတွေမှာ ထိထိရောက်ရောက် သုံးလာအောင် အုပ်ချုပ်ခံ လူထုက ခေတ်အဆက်ဆက် တိုက်ပွဲဝင်လာရတာ။ ဒီကနေ့ခေတ်မှာ အဲသလို တိုက်ပွဲတွေ ပိုတောင် ပြင်းထန်လာသေး။

ဥပမာ၊ အင်္ဂလန်က NHS ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှု စနစ်ကိုပဲ နမူနာကြည့်။ အစိုးရက စစ်အသုံးစရိတ်မှာ များများသုံးလာတော့ NHS က ဝန်ထမ်းအင်အားကို လျှော့တယ်၊ ဆေးဖိုးဝါးဖိုးတွေ ဖြတ်တယ်။ တခြားကဏ္ဍတွေမှာလဲ public spending ကို ဖြတ်တယ်။ အဲဒီလို ဖြတ်

တောက်မှုတွေကို austerity လို့ ခေါ်တာပဲ။ ဒီကနေ့ ကမ္ဘာ့ အရင်းရှင် နိုင်ငံကြီး အားလုံးလိုလိုမှာ အစိုးရတွေက austerity policy တွေ ကျင့်သုံးလာလို့ အစိုးရနဲ့ ပြည်သူကြားတိုက်ပွဲတွေ ဖြစ်နေတယ်။

ဗမာပြည်မှာ နုဂျီအပါအဝင် လစ်ဘရယ်တွေ ပြောနေတဲ့ စီဒီအမ်ကျ ပြောင်းပြန်။ မင်းအောင်လှိုင် စစ်အစိုးရက နဂိုကတည်းက austerity ပေါ်လစီ ကျင့်သုံးနေချိန် သူတို့က ဆန့်ကျင်သလိုလိုနဲ့ အဲဒီ ပေါ်လစီကို ကာယကံမြောက် အကောင်အထည် ဖော်ပေးခိုင်းနေတယ်။ ဒါ့ကြောင့် public sector က ဝန်ထမ်းတွေကို ထာဝရ စီဒီအမ် လုပ်ခိုင်းခြင်းဟာ တည်ဆဲ အစိုးရကို အင်အားချိအောင် မလုပ်နိုင်ဘဲ အလုပ်လက်မဲ့ ဖြစ်သွားတဲ့ ဝန်ထမ်းတွေနဲ့သာမန် ဆင်းရဲသား ပြည်သူတွေကိုပဲ အင်အား ဆုတ်ယုတ်သွားစေတယ်။

ဒါဟာ လက်ရှိ အနေအထားကို ဆိုလိုခြင်း ဖြစ်တယ်။ ကဏ္ဍပေါင်းစုံက အလုပ်သမားတွေ၊ ဝန်ထမ်းတွေ သပိတ်စုံ မှောက်နေချိန် စီဒီအမ် ခေါင်းစဉ်နဲ့ အစိုးရ ဝန်ထမ်းတွေ သပိတ်ထဲ ပါဝင်လာခြင်းဟာ မှန်ကန်တယ်။ တည်ဆဲ အစိုးရကို ချိနဲ့စေတယ်။ ဒါပေမယ့် ကဏ္ဍပေါင်းစုံက သပိတ်တွေ မရှိတော့တာ ၄နှစ် ကြာတဲ့အထိ ဝန်ထမ်းတွေကို စီဒီအမ် လုပ်ခိုင်းတာ အလွန် လွဲမှားတဲ့ ပေါ်လစီ ဖြစ်တယ်။ ဒီကြားထဲက အရေးယူ အပြစ်ပေးဖို့ လုပ်လာတော့ အာဏာရှူးတဲ့ အဆင့် ရောက်သွားပြီ။

သူတို့ကိုယ်သူတို့ တကယ့် အစိုးရလို့ ထင်တဲ့ delusion ကြောင့်လဲ အခုလို ပြောင်းပြန်စဉ်းစားမှုမျိုးထဲ ပိတ်မိသွားပုံရတယ်။ ဒါ့ကြောင့်လဲ အခုလို ပေါ်လစီအမှား၊ လုပ်ရပ် အမှား၊ တိုက်ပွဲ နည်းနာအမှားတွေ တောက်လျှောက် ကျူးလွန်နေတာပဲ။ အစိုးရလုပ်ချင်တဲ့ ရောဂါကျွမ်းနေသူတွေအဖို့ ဘယ်ဆေးမှလဲ မမီနိုင်တော့။

ချုပ်ရရင် စီဒီအမ် ဥပဒေကို ဖျက်သိမ်းပစ်ဖို့၊ နုဂျီ လက်အောက်ခံ အဖွဲ့တွေရော၊ လက်အောက်ခံ မဟုတ်တဲ့ အဖွဲ့တွေရော အရပ်သား ပြည်သူတွေအပေါ် ဂိုဏ်းဂဏဆန်တဲ့ အမှားတွေ ကျူးလွန်ထားရင် ချက်ချင်း ဝန်ချတောင်းပန်ဖို့၊ ကိုယ်ထိလက်ရောက် ကျူးလွန်ထားတဲ့ ပြစ်မှုတွေအတွက် တရားမျှတမှု ဖော်ဆောင်ပေးဖို့ အရေးတကြီး လိုအပ်ကြောင်း တင်ပြလိုက်ရပါတယ်။

ရေးသူ - လီယိုလင်းဆက်

တည်းဖြတ် - ဒင်နွေး

**ကိုးကား**


- On Strikes, Lenin V.I, Collected Works vol.4, Progress Publishers, Moscow, 1977
- Direct Action Vs Class Struggle , Joe Russell, Socialist Appeal, 2 December 2022
- Their Tactics and Ours , Josh Lucker, 5 June 2023



# ငလျင်ဒဏ်ဘေးမှာ ပြည်သူအများ သေရခြင်းရဲ့ လက်သည်တရားခံ

၂၀၂၅ ခုနှစ်၊ မတ်လ ၂၈ရက်နေ့က မန္တလေးကို ဗဟိုပြုပြီး အင်အားပြင်း ငလျင်ကြီး လှုပ်သွားခဲ့တယ်။ ဒီငလျင်ကြီးဟာ ပြင်းအား ရစ်(ခ်)တာ စကေး(လ်) ၇.၇ ရှိရုံသာမက စောက်တိမ် ငလျင် အမျိုးအစားလဲ ဖြစ်ပါတယ်။ ရစ်(ခ်)တာ စကေး(လ်) ၇.၇ ချင်းတူရင်တောင် စောက်တိမ် ငလျင်အမျိုးအစားက ပြင်းထန်အားနဲ့ ပျက်စီးမှု အတိုင်းအဆ ပိုကြီးမား တယ်လို့ ဘူမိဗေဒ ပညာရှင်တွေက ဆိုပါတယ်။

တကယ့် လက်တွေ့မှာလဲ လူ့အသက်တွေ၊ လူနေ အိုးအိမ်တွေ အကြီးအကျယ် ပျက်စီးဆုံးရှုံးသွားရတာ ကျနော်တို့ အားလုံး မျက်မြင်ပဲ။ လူပေါင်း ၃၀၀၀ ကျော် အသက်ဆုံးခဲ့ရသလို အခုထိ ရှာမတွေ့ဘဲ ပျောက်ဆုံးနေသူတွေ ထောင်ချီ ရှိလိမ့်မယ်။ ငလျင် ဗဟိုချက်ဖြစ်တဲ့ စစ်ကိုင်း၊ မန္တလေးတို့ဟာ မြို့ပျက်ကြီးတွေ ဖြစ်သွားပြီး ငလျင် နောက်ဆက်တွဲ မီးဘေးကိုလဲ ကြုံရပါတယ်။ ငလျင်ကြောပေါ် ရောက်နေတဲ့ အခြား မြို့တွေမှာလဲ လူအသေအပျောက် များခဲ့တယ်။

ဒီငလျင်ကြီး ပြင်းအား အလွန်ပြင်းတာ မှန်ပါတယ်။ မိုင်ပေါင်း ထောင်ချီဝေးတဲ့ ဘန်ကောက်က ဆောက်လက်စ မိုးမျှော်တိုက်တောင် ပြိုကျသွားရတဲ့အထိပြင်းအားကြီးပါတယ်။ စစ်ကိုင်း ပြတ်ရွေ့ဟာ ဖြက်ကျယ်သလို တဖြောင့်တည်း အလျားရှည်တယ်၊ နှိုင်းယှဉ်ချက်အရ ဒီပြတ်ရွေ့ဟာ သက်တမ်း ငယ်သေးတယ်၊ ဒီတော့ လှုပ်ရှားမှု ပိုများတယ်၊ ဒါ့အပြင် အခု လှုပ်သွားတဲ့ ငလျင်က စောက်တိမ် အမျိုးအစား ဖြစ်တယ်၊ ဒါ့ကြောင့် အခုလောက် ဖျက်အားပြင်းတာလို့ သုံးသပ်ကြပါတယ်။

ဒါပေမယ့် ဗမာပြည် ငလျင်ဘေးမှာ လူအသေအပျောက် များတာ၊ အိုးအိမ်တိုက်တာ ဆုံးရှုံးမှုကြီးတာ ငလျင်ပြင်းအားကြီးလို့ချည်း မဟုတ်ပါဘူး။ ဒါကို စာတွေ့မဟုတ်ဘဲ ငါတွေ့ ခံနေရတဲ့ ဗမာ လူထုကြီးက ကောင်းကောင်း သိပါတယ်။ ၂၀၀၈ နာဂစ်(စ်) မုန်တိုင်းတုန်းကလဲ စစ်အာဏာရှင်အစိုးရကြောင့် ပြည်သူတွေ မသေသင့်ဘဲ အမြောက်အများ သေခဲ့ရပြီးပြီ။ စစ်အာဏာရှင် အစိုးရကြောင့် လွန်ခဲ့တဲ့ ၃-၄ နှစ်၊ ကိုဗစ် ကာလတုန်းကလဲ ပြည်သူ သောင်းချီပြီး မသေသင့်ဘဲ သေခဲ့ရပြီးပြီ။

အရပ်သား ပြည်သူတွေကို လေကြောင်းက ဗုံးကြဲသတ်ဖြတ်နေတဲ့ အာဏာသိမ်း စစ်အစိုးရက အခုလို ဖျက်အားပြင်း ငလျင် လှုပ်ချိန် အရေးပေါ် ကယ်ဆယ်ရေးတွေ အင်တိုက်အားတိုက် မလုပ်တာ အထူးအဆန်းတော့ မဟုတ်ပါဘူး။ မထူးဆန်းပေမယ့် အစိုးရ အာဏာကို အကြမ်းဖက်

သိမ်းပိုက်ထားတဲ့ ဒင်းတို့မှာ တာဝန်ရှိကြောင်း၊ ဒင်းတို့ လုပ်ရပ်ကြောင့် သေကြေပျက်စီးမှုတွေ များနေရကြကြောင်း အမှန်အတိုင်း လက်ညှိုးထိုးပြီး သမိုင်း မှတ်တမ်း တင်ရလိမ့်မယ်။ မင်းအောင်လှိုင်တို့ အာဏာသိမ်း စစ်တပ်က ငလျင် လှုပ်နေတဲ့ ရက်တွေမှာတောင် အရပ်သား ပြည်သူတွေကို လေကြောင်း တိုက်ခိုက်မှု မရပ်ခဲ့ဘူး။ ဒီအကြောင်း ကမ္ဘာ့ သတင်းမီဒီယာတွေပေါ် ရောက်သွားခဲ့ပြီ။

စစ်အာဏာရှင် အစိုးရ အဆက်ဆက် လုပ်လာတဲ့နည်းအတိုင်း မင်းအောင်လှိုင်တို့ စစ်အုပ်စုကလဲ ဖြောင်လိမ်၊ ဖြောင်ငြင်း လုပ်ပါတယ်။ ငလျင် ကယ်ဆယ်ရေးအတွက် တရုတ်က လာတဲ့ ကြက်ခြေနီ ယာဉ်တန်းကို မင်းအောင်လှိုင်တို့ စစ်တပ်က နောင်ချို မြို့နယ်ထဲမှာ ပစ်ခတ်ခဲ့ပါတယ်။ ဒီဖြစ်ရပ်ကို ဘယ်လိုမှ ဘူးကွယ် မရတဲ့အဆုံးဇော်မဲလုံးက ထန်းလက်နဲ့ ထွက်ကာပါတယ်။ တရုတ် အစိုးရကို ကြောက်ကြောက်နဲ့ မရဲတရဲလေး ဆင်ခြေဆက်လက် ရှာပြီး လိမ်ရတယ်။ ဘယ်လို ဆင်ခြေပေးပေးသူတို့စစ်တပ်က မပစ်ပါဘူးလို့တော့ ဇော်မဲလုံး မငြင်းဝံ့ပါဘူး။

မင်းအောင်လှိုင်တို့ အာဏာသိမ်း စစ်တပ်က ကိုယ်တိုင်လဲငလျင် ကယ်ဆယ်ရေး မလုပ်ဘူး၊ သူများကလာကူတော့လဲ ရန်ရှာတယ်။ မြေပြင်မှာ ကိုယ်ထူကိုယ်ထကယ်ဆယ်ရေး လုပ်နေရတဲ့ အရပ်သား ပြည်သူတွေကိုလဲ မအလ စစ်တပ်နဲ့ ပျူလူမိုက်တွေက ရန်ရှာ တိုက်ခိုက်မှုတွေ အမျိုးမျိုး လုပ်တယ်။ သူတို့ ကြောက်ရပါတယ် ဆိုတဲ့ တရုတ်ကအဖွဲ့ကိုတောင် ပစ်ခတ်လွှတ်တဲ့အထိ မိုက်ကန်းတဲ့ စစ်တပ်ပဲ၊ လက်နက်မဲ့ အရပ်သားတွေကို ရမ်းကားဗိုလ်ကျတာကတော့ ထမင်းစား ရေသောက်လို ဖြစ်နေပြီ။

အာဏာသိမ်း စစ်အစိုးရဟာ ကယ်ဆယ်ရေး မလုပ်တဲ့အပြင် ကယ်ဆယ်ရေး လုပ်နေသူ အရပ်သားတွေကိုပါ နည်းမျိုးစုံနဲ့ အနှောင့်အယှက်ပြုပါတယ်။ ကာဖျူး မရုတ်သိမ်းဘဲ ညဘက် ကယ်ဆယ်ရေး လုပ်မယ့်သူတွေကိုသာ ပိတ်ပင်တားဆီးတာမျိုး လုပ်ပါတယ်။ ကူညီကယ်ဆယ်ရေး လုပ်ရာမှာ ဆက်သွယ်ရေး ကောင်းဖို့ အလွန် အရေးကြီးမှန်း လူတိုင်း သိပါတယ်။ ဒါပေမယ့် မင်းအောင်လှိုင်တို့ ဘာလုပ်သလဲ။ အင်တာနက် ဖြတ်တောက်မှု၊ လျှပ်စစ်မီး ဖြတ်တောက်မှု ဆက်လုပ်ပါတယ်။

အရပ်သား ပြည်သူတွေကို နေ့စဉ်မပြတ် လေယာဉ်နဲ့



Image: Stringer,AFP,Gety Images




ဗုံးကြဲ တိုက်ခိုက်နေတဲ့ စစ်အစိုးရဟာ ငလျင်ဒဏ်ခံနေရတဲ့ ပြည်သူတွေကို ကယ်ဆယ်ဖို့ကျ လေယာဉ်တွေ ထုတ်မသုံးပါဘူး။ စစ်ဗိုလ်ချုပ်တွေ အရှက် ကင်းမဲ့လိုက်ပုံများ လူသတ်လက်နက်တွေ အလျှံပယ် ဝယ်ထားပေမယ့် လူ့အသက် ကယ်ဖို့ကျ လက်အိတ်တောင် မရှိပါဘူးလို့ မျက်နှာပြောင်တိုက် ငိုပြနေတယ်။ ငလျင် ကယ်ဆယ်ရေးတခြား ခေတ်မီ ကိရိယာတွေ ဝယ်ထားဖို့ဆိုတာ စိတ်ကူးထဲတောင် ရှိပုံမရ။

အခုလို သဘာဝ ဘေးအန္တရာယ် အရေးပေါ် ကျရောက်လာရင် အလျင်အမြန် တုံ့ပြန် ဆောင်ရွက်နိုင်အောင် ကျန်းမာရေး စောင့်ရှောက်မှု စနစ် အခြေခိုင်နေဖို့ အလွန် အရေးကြီးပါတယ်။ ဗမာ စစ်ဗိုလ်ချုပ်တွေ ဘာလုပ်ထားသလဲ။ ပြည်သူ့ ဘဏ္ဍာကို စစ်အသုံးစရိတ်တွက်နင်းကန်သုံးပြီး ကျန်းမာရေး စောင့်ရှောက်မှုအတွက် မဖြစ်စလောက်ပဲ သုံးထားတယ်။ ဒါတင် မကသေးဘူး။ ကျန်းမာရေး လုပ်သားတွေကို အမည်ပျက် စာရင်းသွင်းတာ၊ ဖမ်းဆီးထောင်ချတာ၊ သတ်ဖြတ်တာတွေ လုပ်ခဲ့တယ်။ စီဒီအမ် ဆရာဝန်၊ သူနာပြုတွေ ခန့်ထားလို့ဆိုပြီး ဆေးရုံ ဆေးခန်းတွေကို ပိတ်သိမ်းပစ်တယ်။ ဒီလို ပြိုလဲတော့မယ့် ကျန်းမာရေး စောင့်ရှောက်မှု ယန္တရားနဲ့ ငလျင်ဘေးကို ဘယ်လို ရင်ဆိုင်နိုင်မလဲ။

စစ်အာဏာရှင်စနစ်လို့ ပြောတဲ့အခါ ယူနီဖောင်းဝတ် စစ်ဗိုလ်ချုပ်တွေအပြင် အမြီးကျက် အမြီးစား၊ ခေါင်းကျက်ခေါင်းစား ဆိုတဲ့ ခရိုနီတွေ၊ အရင်းရှင်ကြီးတွေလဲ ပါဝင်တယ်။ သူတို့အားလုံးဟာ လူထုတရပ်လုံးရဲ့ ရန်သူ အုပ်စိုးသူလူတန်းစားပဲ။ နမူနာပေးရရင် မန္တလေးက Sky Villa ပြိုကျတာဟာ ငလျင် ပြင်းအားကြီးလို့ တခုတည်းကြောင့် မဖြစ်နိုင်ဘူး။ ဆောက်လုပ်ရေး ကုမ္ပဏီကြောင့်လား၊ ဒီဇိုင်းဆွဲသူကြောင့်လား၊ ခွင့်ပြုမိန့် ချပေးတဲ့ ဗျူရိုကရက်မှာ တာဝန်ရှိသလား၊ စသဖြင့် မေးခွန်းတွေ ခွဲမေးနေရင် အကုန် ဝေဝါးသွားမှာပဲ။

တကယ်တမ်း လူတန်းစား အမြင်နဲ့ အရင်းရှင်စနစ် အလုပ်လုပ်ပုံကို နားလည်ရင် အဖြေက ရှင်းပါတယ်။ အရင်းရှင်စနစ်မှာ အရင်းရှင်ကြီးတွေ အမြတ်ရရေးသာပဓာန ဖြစ်တယ်။ အရင်းရှင်စနစ် အလုပ်လုပ်ပုံက *"profit before lives"* ဖြစ်ပါတယ်။ ဒီတော့ လူ့အသက်တွေ မဆုံးရှုံးအောင် ငလျင်ဒဏ်ခံနိုင်တဲ့ အဆောက်အဦ တည်ဆောက်ရေးထက် အမြတ်များများရရေး လုပ်ကြတယ်။ ဒီနေရာမှာ ငလျင် ဒဏ်ခံနိုင်တဲ့ အဆောက်အဦတွေ ဆောက်ဖို့ ငွေကုန်ကြေးကျ များတယ်၊ ငါတို့ ဗမာပြည်က မတတ်နိုင်ဘူးလို့ ဝါးလုံးရှည်နဲ့ရမ်းပြီး ပြောမရပါဘူး။ သာမန် ဆင်းရဲသား ဆောက်တဲ့ အိမ် အကြောင်း ပြောနေတာ မဟုတ်ဘူး။ အရင်းရှင် ကုမ္ပဏီကြီးတွေ ဆောက်တဲ့ Sky Villa လို အထပ်မြင့် အဆောက်အဦအကြောင်း ပြော

နေတာ။ ဒါ့အပြင် လျှော့ ဒဏ်ခံနိုင်တယ်လို့ ကြော်ငြာပြီး ရောင်းချထားတဲ့ ဗီလာ ဖြစ်ပါတယ်။

ဘယ့်လောက် အရည်အသွေး ကောင်းတဲ့ အဆောက်အဦ ဖြစ်ပါစေ၊ ဒီငလျင်မျိုးတော့ ဘယ်ခံနိုင်မလဲလို့ လာမပြောနဲ့။ အဲဒါသာ အမှန်ဆိုရင် အစကတည်းက အဲသလို နေရာမျိုးမှာ အထပ်မြင့် အဆောက်အဦ မဆောက်သင့်ဘူး။ ငလျင်ဒဏ်ခံ ကွန်ဒိုလို့ အာမခံဖို့ရာ ပိုတောင် မလုပ်သင့်သေး။ ဒီတော့ ဆောက်ခွင့် ပြုတဲ့ အစိုးရမှာလဲ တာဝန် အပြည့်ရှိတယ်။ စစ်ကိုင်း ပြတ်ရွေ့မှာ ပြင်းအားကြီး ငလျင်တွေ လှုပ်တတ်မှန်း အခုမှ သိကြတာ မဟုတ်ဘူးလေ။ ဒါ့ကြောင့် ငလျင် ပြင်းအားကြီးတာကိုပဲ အပြစ်ပုံချလို့ မရဘူး။

ဘယ်သူသေသေ ငတေမာရင် ပြီးရော၊ အမြတ်သာ ပဓာန ဆိုတဲ့ အရင်းရှင် လူတန်းစားနဲ့ နိုင်ငံတော် အစိုးရ အားလုံးမှာ တာဝန်ရှိတယ်။ မင်းအောင်လှိုင်တို့ စစ်ဗိုလ်ချုပ်ကြီးတွေဟာ နိုင်ငံတော် အစိုးရလဲ ဖြစ်သလို ကိုယ်တိုင်လဲ အရင်းရှင်ကြီးတွေ ဖြစ်နေကြတယ်။ သူတို့နဲ့ ပုလင်းတူ ဗူးဆို့ အရင်းရှင်ကြီးတွေပဲ စီးပွားရေး လုပ်ကွက်တွေ ရကြ၊ ပြည်သူ့ဘဏ္ဍာတွေ ခိုးကြ ဖြောင်ကြ လုပ်လာခဲ့တာပဲ။ ဒါ့ကြောင့်လဲ အထပ်မြင့်လို့ မဆိုနိုင်တဲ့ နှစ်ထပ် သုံးထပ်တိုက် တက္ကသိုလ် အဆောက်အဦတွေ၊ ဆေးရုံတွေ ပြိုကျပျက်စီးကုန်တာပဲ။ လူနာတွေ၊ ကျန်းမာရေး ဝန်ထမ်းတွေ၊ ကျောင်းသားတွေ၊ ဆရာ၊ ဆရာမတွေရဲ့ အသက်ထက် သူတို့ အမြတ်ရရေးသာ အဓိကကိုး။ ဒီတော့ ငလျင်ဒဏ်ခံနိုင်အောင် ဆောက်ထားမယ် ဆိုတာမျိုး မလုပ်ခဲ့ကြဘူး။ ဒါ့ကြောင့်လဲ မသေသင့်ဘဲ အခုလို အမြောက်အများ သေခဲ့ရတာ။

ဒီလောက် ပြင်းအားကြီးတဲ့ ငလျင် လုပ်တာ တယောက်မှ ထိခိုက်သေဆုံးမှု မရှိအောင် ကာကွယ်လို့ ရနိုင်တယ်လို့ ကျနော် မဆိုလိုဘူး။ ဒါပေမယ့် ထိခိုက် သေဆုံးမှု အနည်းဆုံး ဖြစ်အောင် ကြိုတင် ကာကွယ်ထားနိုင်တယ်။ အခုတော့ အရင်းရှင် စစ်အာဏာရှင်စနစ်အောက်မှာ ထိခိုက် သေဆုံးမှု အများဆုံး မဖြစ်ဖြစ်အောင်ကြိုတင် စီမံကိန်း ဆွဲထားသလိုပဲ။

သဘာဝဘေးဆိုတာ ဘယ်သူ ကြိုသိမှာလဲ၊ အထူးသဖြင့် ငလျင်ကို သိပ္ပံပညာရှင်တွေတောင် မခန့်မှန်းနိုင်သေးဘူး မဟုတ်လားလို့ စောဒက တက်သူ တချို့ ရှိပါတယ်။ ငလျင်ကို မခန့်မှန်းနိုင်သေးဘူးလို့ ယေဘုယျ ပြောရင် မမှန်ပါဘူး။ ဘယ်ချိန် ဘယ်နေရာမှာ ပြင်းအား ဘယ့်လောက် ရှိတဲ့ ငလျင် လုပ်မယ်မှန်း အတိအကျ မခန့်မှန်းနိုင်သေးဘူးလို့ပဲ ဆိုနိုင်ပါတယ်။ ဒါနဲ့ပဲ သဘာဝ အရိုင်းပြုသမျှ လည်စင်းခံရမယ့် အခြေအနေ မဟုတ်ပါဘူး။

အရင်းရှင်စနစ်နဲ့ စစ်အာဏာရှင် အစိုးရကို ဖယ်ရှားပစ်နိုင်ရင် ငလျင်ဘေး အပါအဝင် သဘာဝ ကပ်ဘေး အသွယ်သွယ်ရဲ့ ဖိစီးနှိပ်စက်မှုဒဏ်ကို အများကြီး ကာကွယ်နိုင်ပါတယ်။ ငလျင် ဖြစ်မှာကို မဖြစ်အောင် မတားနိုင်ပေမယ့် ငလျင်ဒဏ်ကြောင့် ထိခိုက်သေဆုံးမှု အနည်းဆုံး ဖြစ်အောင် ကြိုတင် ကာကွယ်လို့ ရပါတယ်။အဲသလို လုပ်နိုင်စွမ်း ရှိတဲ့ နည်းပညာတွေ၊ ကုန်လုပ် စွမ်းအားစုတွေ ရှိနေပြီးသားပါ။

ဒါပေမယ့် ဒီစွမ်းအားစုတွေကို လူနည်းစုကပဲ ပုဂ္ဂလိကပစ္စည်းအဖြစ် ပိုင်ဆိုင်ထားတယ်၊ သူတို့ အမြတ်ရရေး အတွက် ထင်သလို လုပ်နေကြတယ်။ ဗမာပြည်သူတွေအတွက် အထင်ရှားဆုံး နမူနာဆိုရင် လေယာဉ်ဟာ လူ့အသက် ကယ်ဆယ်ရေးအတွက် သုံးလို့ ရသလို စစ်အာဏာရှူးတွေ အတွက် လူသတ် လက်နက် အဖြစ်လဲ သုံးလို့ ရတယ်။ ဒါ့ကြောင့် သဘာဝဘေး ရင်ဆိုင်ရေး တိုက်ပွဲက property relations ပြောင်းလဲရေး လူတန်းစား တိုက်ပွဲနဲ့ တသားတည်း ဆက်စပ်နေတယ်။

ဒင်နွေး

- Down with the military regime!

-Lives before profits! Not profits before lives!



# Myanmar Earthquake : thousands left to die by military junta

WRITTEN BY DINU

On 28 March, a devastating and massively destructive earthquake of magnitude 7.7 struck Myanmar with its epicenter just 10 kilometres below the surface, near Mandalay, the country's second largest city.

The death toll from the earthquake has soared to more than five thousand. Several hundred people are still missing. We cannot know the exact figure as the official numbers released by the ruling military junta will be much lower than the real figure. Mandalay and the nearby town of Sagaing which sit along the Sagaing Fault – a major meeting point of the Indian and the Sunda tectonic plates – are now in ruins, littered with collapsed buildings, historic sites and temples. Fires also broke out in Mandalay immediately after the quake.

The power of this earthquake was demonstrated by the collapse of an unfinished high-rise building in Bangkok, which sat more than 1000 kilometres from the epicenter. The shallowness of the 1200 kilometre Sagaing fault, which cuts straight through Myanmar from North to South, explains the immense destruction of the Mandalay earthquake across the country.

However, the power of the earthquake alone is not enough to explain the high death toll and widespread destruction of infrastructure. As Lenin was fond of saying "life teaches": the people of Myanmar have learned numerous times through bitter experience that the death tolls of natural disasters in the country are intensified by the ruling military regime. This was the case during Cyclone Nargis in 2008, which unnecessarily claimed the lives of hundreds of thousands. It was also the case during the COVID-19 pandemic, the response to which was mismanaged by the military regime of Min Aung Hliang.

This time, instead of launching a rescue effort to save the victims of the recent earthquake, the junta continued to conduct the ongoing civil war, launching airstrikes and killing civilians even on the day of the earthquake itself. This may surprise outside observers, but it certainly does not surprise the oppressed people in Myan-

mar. This is why we must point the finger at the ruling military regime as the force most responsible for the massive loss of life following the earthquake.

It has been reported that the chief of the junta issued a rare call for international aid in response to the disaster. But, in reality, the regime made several attempts to block the entry of humanitarian aid into Myanmar. In one shocking case, regime soldiers shot at a convoy sent by the Chinese Red Cross into Shan State, not far from Mandalay. A spokesperson for the regime admitted to this but, as usual, gave nothing but hollow excuses.

Predictably, the military was completely absent from all rescue efforts. Worse than this, a layer of the military and their paramilitary thugs – namely the Pyusawhti militias – threatened and tried to prevent the voluntary rescue teams of civilians from rescuing the injured. The junta even enforced a curfew prohibiting rescue activities after 10 PM. Adding insult to injury, the military regime enforced a blackout, shutting down the internet and mobile networks, as well as all electricity, in the impacted regions.

The ruling military regime readily makes use of helicopters to kill civilians, but on not a single occasion have these been used to rescue the victims of natural disasters. The pitiless generals dared to complain that the rescue teams lacked protective gloves, when they themselves have spent huge amounts of money stockpiling weapons for mass murders.

To face a catastrophe like this, we need a well-functioning healthcare system that can respond quickly and effectively. Yet what have the Burmese military generals done? They have recklessly spent public funds on the military while allocating next to nothing for healthcare. And that's not all. They have blacklisted, arrested, imprisoned and even killed healthcare workers, most recently with airstrikes in Sagaing region. Even before the earthquake, they shut down some hospitals and clinics that employed doctors and nurses who had been members of


Image: Reuters

the CDM (Civil Disobedience Movement), which opposes the regime. With a healthcare system on the verge of collapse, the country could not be less prepared for an earthquake like this.

The responsibility of the military dictatorship does not just fall on the uniformed military generals. It also falls on their cronies, the big capitalists. They are all part of the ruling class. They are the enemies of the oppressed people as a whole, and they all deserve the blame for the recent disaster.

For example, the collapse of the Sky Villa condominium complex in Mandalay was not simply the product of the intensity of the earthquake. Was it the fault of the construction company? The architect? The bureaucrats who issued the construction permits?

From a class perspective, the answer is clear. In a capitalist system, the priority for capitalists is making profit. As a result, the system puts profit before lives. Thus, instead of building structures that can resist earthquakes, they focus on maximizing profits.

Commenting on the collapse of the Sky Villa complex, a local geologist stated, "No matter how good the quality of the building is, it won't be able to withstand an earthquake like this." If that were true, they shouldn't have built a high-rise in such a location in the first place. They definitely should not have advertised the building with a guarantee that it was an "earthquake-resistant condo". The government that allowed the construction of such a building also bears full responsibility for its collapse. Geologists warned of the danger several decades ago. The profit motive, not simply the earthquake, is fundamentally at fault.

Ultimately, the capitalist class and their state, which prioritises profit over everything, are the ones responsible. Military generals like Min Aung Hlaing are not only state officials but also prominent capitalists. They and their cronies are the ones who secured these business deals and made a fortune stealing and squandering millions on these dangerous public projects. This is why even two- or three-story university buildings and hospitals – hardly



qualifying as high-rises – have collapsed and been destroyed by this earthquake. For the bosses and the generals, their profits matter more than the lives of patients, healthcare workers, students, and teachers. That is why they did not build anything to withstand earthquakes. And that is why so many people have unnecessarily lost their lives.

Naturally, it would be almost impossible to prevent such a massive earthquake from causing any injuries or deaths. But steps could have been taken in advance to minimise the casualties. Instead, under this capitalist military dictatorship, it is as if they have planned for the maximum number of injuries and deaths.

We cannot yet predict precisely when, where, or how strong an earthquake will be, but this does not mean we have to sit back and take whatever nature throws at us.

While we cannot stop an earthquake from happening, we can take preventive measures to ensure the least possible loss of life and injury. The technology and productive forces to do so already exist.

Yet these productive forces are owned by a minority as private property, and they exploit them however they please for their own profit. For the people of Burma, stricken with civil war, the most obvious example is this: an airplane can be used to save lives in times of disaster, but it can also be used as a weapon of murder by bloodthirsty military rulers.

If the capitalist system and the military dictatorship in Myanmar were overthrown, we could easily use the enormous resources that the junta wastes on civil war to protect ourselves from the devastating impacts of natural disasters, including earthquakes. That is why the fight to confront natural disasters is inherently linked to the class struggle to abolish private property.

-Down with the military regime!

-Lives before profits! Not profits before lives!




# အရင်းရှင်နယ်ချဲ့ပါဝါတွေကြား ကြေမွပျက်စီးခဲ့ရတဲ့ ယူကရိန်း

သောကြာနေ့က အမေရိကန် oval office မှာ ဒေါ်နယ် ထရမ့်နဲ့ ဇယ်လင်စကီးတို့ တွေ့ဆုံပွဲ ရုပ်ပျက်ဆင်းပျက် ဖြစ်သွားတာကို လူအများ တွေ့လိုက်ကြရတယ်။ ထင်မြင်ချက်တွေလဲ အမျိုးမျိုးပေါ့လေ။ မီဒီယာတချို့ ဖော်ပြတဲ့ ဖြတ်ညှပ်ကပ် ဗီဒီယိုဖိုင်တွေလောက်ပဲ ကြည့်ရရင် အမြင်က တမျိုး ဖြစ်ပါလိမ့်မယ် ။ ဒါ့အပြင် သမိုင်းနောက်ခံကို မေ့နေရင်၊ လက်ရှိ ရင်ဆိုင်နေရတဲ့ အခြေအနေမှန်ကို မျက်ကွယ်ပြုရင်လဲ အမြင်က တမျိုး ဖြစ်ပါလိမ့်မယ်။

ယူကရိန်း-ရုရှား စစ်ပွဲဟာ ယူကရိန်းနဲ့ ရုရှား ဖြစ်နေတဲ့ စစ်ပွဲ မဟုတ်ဘူး၊ အမေရိကန် အရင်းရှင်နယ်ချဲ့ဂိုဏ်းနဲ့ ရုရှား အရင်းရှင်နယ်ချဲ့တို့ကြား ဖြစ်နေတဲ့ “proxy war” လို့စဖြစ်ကတည်းက ကျနော်တို့ ရေးခဲ့တယ်။ ‘ကျူးကျော်သူ ရုရှားကို ဒီမိုကရေစီနဲ့ အချုပ်အခြာ အာဏာအတွက် ယူကရိန်းက ခုခံနေရတယ်၊ ဒီအတွက် နေတိုး စစ်အုပ်စုက ယူကရိန်းကို အစွမ်းကုန် ထောက်ပံ့နေတယ်’ ဆိုတဲ့ အနောက် မီဒီယာကြီးတွေရဲ့ ဝါဒဖြန့်ချက်ကို အလိမ်အညာတွေပါလို့ အစောကြီးကတည်းက ဖွင့်ချ ဝေဖန်ခဲ့တယ်။ ဒါ့အပြင် ရုရှား-ယူကရိန်းစစ်ပွဲမှာ ယူကရိန်းဟာ မရှုမလှ ရှုံးနေပြီ၊ အဖတ်ဆယ်လို့ မရတော့ဘူးလို့ အတိအကျ ပြောခဲ့ပါတယ်။

အနောက် မီဒီယာကြီးတွေ ဝါဒဖြန့်သမျှ နားယောင်ဖော်ပြရတဲ့ မြန်မာ မီဒီယာတွေမှာ အဲဒီလိုမျိုး အဖြစ်မှန်တွေ ဖတ်ရမှာ မဟုတ်ပါဘူး။ ဒီတော့ တော်တော်များများ အခုထိ မျက်စိလည်နေကြတာ မဆန်းလှဘူး။

ခပ်ဝေးဝေးကလူတွေ မျက်စိလည်နေတာ ဘာမှ မထောင်းသာလှ၊ သို့သော် တိုင်းပြည် ထောင်းလမောင်းကျေနေတဲ့ကြားက စစ်ရှုံးနေမှန်း သိသိရက်နဲ့ မနိုင်နိုင်မယ့် စစ်ကိုသွေးရူးသွေးတန်း ဆက်တိုက်လိုတဲ့ သမ္မတတယောက်ကို ဘယ်လို သဘောထားကြမလဲ။ ယူကရိန်းက နေတိုး စစ်အုပ်စုထဲ ဝင်ခွင့်မရလို့ အသေခံ စစ်တိုက်နေတယ်ဆိုရင် မဖြစ်မနေ မေးရမယ့် မေးခွန်းက ၃နှစ်ကျော် ကြာလာတဲ့အထိ ဘာ့ကြောင့် နေတိုး အဖွဲ့ဝင် ဖြစ်ခွင့် မရသေးတာလဲ။ နောက် ငါးနှစ်ကြာရင် နေတိုး အဖွဲ့ဝင် ဖြစ်ခွင့်ရပါ့မယ်လို့ အာမခံချက်ကော ရထားပြီးပြီလား။ ဘာတခုမှ မရပါဘူး။ မရဆို နေတိုး အဖွဲ့ဝင် ဖြစ်ခွင့် ဆိုတာ အစကတည်းက မက်လုံးတခု လှည့်စားချက်တ

ခုသာ ဖြစ်ခဲ့လို့ပဲ။ ဒီထက် အရေးကြီးတဲ့ အကြောင်းပြချက်ကို ပြရရင် ရုရှား အစိုးရကို provoke လုပ်ဖို့ ထုတ်သုံးတဲ့ ဓားမြှောင်တချောင်းသာ ဖြစ်တယ်။

ဒါ့ကြောင့် ပူတင်က ရန်စ ကျူးကျော်လို့ ဇယ်လင်စကီး တို့က ခုခံရေး စစ်ပွဲ ဆင်နွှဲနေရပါတယ် ဆိုတဲ့ အနောက် အာဘော်ကို မျက်စိမှိတ် လက်ခံထားရင် ဒီကနေ့ အခြေအနေ ကို နားမလည်နိုင်ဘူး၊ မျက်စိလည်ကုန်မှာပဲ။ ကမ္ဘာကြီးမှာ ဖြစ် ပေါ်နေတဲ့ အကြောင်းချင်းရာတွေကို သီးခြားစီ ခွဲထုတ်ပြီး ကွက်ကွက်လေး နားလည်ချင်လို့ မရနိုင်ဘူး။ ဖြစ်စဉ် ဖြစ်ရပ် တွေ၊ အကြောင်းချင်းရာတွေ၊ သူတို့ကြားက အပြန်အလှန် ဆက်နွှယ်ချက်တွေကို သေချာ ဆန်းစစ်ကြည့်နိုင်ဖို့ အရေးကြီး တယ်။

အစကတည်းက ရှောင်လို့ ရနိုင်ခဲ့တဲ့ စစ်ပွဲကို ဘိုင်ဒင် အစိုးရက တွန်းပို့တယ်၊ ဒီတော့ တိုက်ရတယ်။ အမေရိကန်က စစ်လက်နက်တွေ၊ ငွေကြေးတွေ ဘီလျံပေါင်းများစွာ ထောက်ပံ့ တာကို ဒီမိုကရေစီနဲ့ တရားမျှတမှုအတွက်လို့ ယုံကြည်နေရင် တော့ အခုလို ရေးလိုက်တာကို သဘောတူမှာ မဟုတ်ဘူး။ သဘောတူချင်တူ မတူချင်နေ၊ သေချာတာကတော့ နေတိုး စစ် အုပ်စု (အထူးသဖြင့် အမေရိကန် နယ်ချဲ့) ထောက်ပံ့ခဲ့တဲ့ စစ် လက်နက်တွေ ငွေကြေးတွေ သုံးပြီး စစ်တိုက်ရင်း သေသွားသူ ထဲမှာ အမေရိကန် စစ်သား၊ နေတိုး တပ်ဖွဲ့ဝင် တယောက်မှ မ ပါဘူး။ အကုန် ယူကရိန်းတွေချည်းပဲ။ ‘နောက်ဆုံး သွေးတစက် ကျန်သည်အထိ ရုရှားကို တိုက်သွားမယ်’ ဆိုတဲ့ ဘိုင်ဒင်ရဲ့ ပေါ်လစီက ‘ဘယ်သူ့ သွေးတွေလဲ’ ဆိုတာတော့ ပြောမသွားခဲ့ ဘူး။ အနောက် မီဒီယာကြီးတွေကလဲ ဒီအချက်ကို ထုတ်မပြော ပါဘူး။

## အားကြီးသူနဲ့ အားနည်းသူ

အနောက် အုပ်စုရဲ့ အာဘော်အရ အားကြီးသူ ပူတင် က အားနည်းသူ ဇယ်လင်စကီးလေးကို အနိုင်ကျင့် စော်ကား တယ်။ ဒါကို အားကြီးသူ ဘိုင်ဒင်က စာနာသနားပြီး အားနည်း သူလေး ဇယ်လင်စကီးဘက်က ဝင်ကူတယ်။ ဘာရားဗို ဘိုင်ဒင် ပေ့ါလေ။ နောက် မကြာလိုက်ပါဘူး။ အားကြီးသူ နတန်ညာ ဟုက အားနည်းသူ ဂါဇာပြည်သူတွေကို ဗိုလ်ကျအနိုင်ကျင့် တယ်။ လူသားချင်း စာနာတတ်သူ အန်ကယ်ဂျိုးက အားနည်း သူ ဂါဇာ ပြည်သူတွေကို ဝင်မကူဘဲ ဇိုင်ယင်နစ် အစ္စရေးတွေ ကို အပြတ်အသတ် ထောက်ပံ့လိုက်တယ်။ အန်ကယ် ဂျိုးလဲ ဂျီနိုဆိုက် ဂျိုး ဖြစ်သွားတယ်။ အားနည်းသူ ယူကရိန်းကို စာနာ သနားလို့ အားကြီးသူ ယူအက်(စ်)က ဝင်ကူနေပါတယ် ဆိုတဲ့ စကားက မင်းအောင်လှိုင်တို့ စစ်အုပ်စုရဲ့ ဝါဒဖြန့်စကားမျိုး ဖြစ် သွားတော့တယ်။ အနှစ်သာရအားဖြင့် ဘာများ ကွာခြား သလဲ။

တကယ်တော့ အပေါ်က အားကြီးသူနဲ့ အားနည်းသူ (လူကြမ်းနဲ့ မင်းသား) ပုံပြင်ဟာ ကမ္ဘာ့ နိုင်ငံရေးကို ကလေး ချင်း ကစားရင်း ရန်ထဖြစ်သလို သဘောထား ကြည့်မြင်ပုံ မျိုးပဲ။ ကလေးချင်း ကစားနေကြတယ်၊ ဗလကြီးတဲ့ ကလေးက ဗလသေးတဲ့ ကလေးကို ထအနိုင်ကျင့်လိုက်လို့ တခြား ကလေး တယောက်က ဝင်ကူရတယ် ဆိုတဲ့ ဇာတ်လမ်းနဲ့ ဘာကွာ သလဲ။

ဒါပေမယ့် သူတို့အတွက် ဝမ်းနည်းစရာ ကောင်းတာ ကကမ္ဘာ့ နိုင်ငံရေးက အဲသလို ကလေး ရန်ပွဲ ဇာတ်လမ်းမျိုး မဟုတ်ဘူး၊ အဲသလို moral အားပြိုင်ပွဲလဲ မဟုတ်ဘူး။ နယ် ချဲ့အုပ်စုတွေကြားက စစ်ပွဲ ဆိုတာ ကလေး ရန်ပွဲလို ဖြစ်စဉ်မျိုး မဟုတ်ဘူး ဆိုတာ အရင် သတိချပ်ဖို့ လိုပါလိမ့်မယ်။

ယူကရိန်း-ရုရှား စစ်ပွဲ ဖြစ်လိုက်တော့ ယူကရိန်း ထောင်းလမောင်း ကျေသွားတာတော့ အားလုံး အမြင်ပဲ။ အဲ ဒါတင် မကသေးဘူး။ နေတိုး စစ်အုပ်စုဝင် နိုင်ငံတွေရော ဘယ်လို ဖြစ်နေလဲ။ အထူးသဖြင့် ယူအက်(စ်)။ ဒီစစ်ပွဲမှာ ယူ အက်(စ်)ရဲ့ ရည်ရွယ်ချက်က ဘာလဲ အရင် မေးရလိမ့်မယ်။ ဒါ ကို မေးခွန်းမထုတ်မိကြတာ များပါတယ်။ အားကြီးသူ- အားနည်းသူ ဇာတ်လမ်းမှာ ဒီမေးခွန်း မလိုဘူး။ ယူအက်(စ်)



Image : kyiv.dsns.gov.ua, Wikimedia Commons

က ကရုဏာရှင် လူစွမ်းကောင်းပဲ။ ဒါပေမယ့် ကျနော်တို့က လက်တွေ့ ဘဝမှာ ဖြစ်လို့ ပုံပြင်ထဲမှာ တမင် ဖယ်ထားတဲ့ မေးခွန်းကို မေးရလိမ့်မယ်။ စာဖတ်သူများလဲ ဒီမေးခွန်းကို စဉ်းစားကြည့်ပါ။

ဒီစစ်ပွဲမှာ ယူအက်(စ်)ရဲ့ ရည်မှန်းချက်တွေ တခုမှ မအောင်မြင်ခဲ့ဘူး။

ဆိုဗီယက်အပြိုမှာ အမေရိကန်က တဗိုလ်တည်း ဖြစ်လာတယ်။ အဲဒီနောက် ရုရှား အနေနဲ့ အမေရိကန်ကို မလှန်ရဲခဲ့ဘူး။ အရှက်ရစရာတွေ ကြုံခဲ့ရတယ်။ ယူအက်(စ်)က အရင် ဆိုဗီယက် ဩဇာခံ နိုင်ငံတွေကို တခုပြီးတခု သူ့လက်အောက် ဆွဲသွင်းခဲ့တယ်။ နေတိုး အဖွဲ့ဝင် ဖြစ်စေခဲ့တယ်။ အဲဒါကို နေတိုးရဲ့ eastward expansion လို့ ခေါ်တာပဲ။

ဒီကနေ့ ရုရှားက ၉၀ ခုနှစ်များဆီက ရုရှား မဟုတ်တော့ဘူး။ သူ့မှာလဲ အစွယ်တွေနဲ့။ ဒီတော့ အမေရိကန် လုပ်သမျှ ငြိမ်ခံမနေတော့ဘူး။ ဒါကို ကမ္ဘာ့ နံပါတ်တစ် ဗိုလ်လုပ်လာတဲ့ အမေရိကန် နယ်ချဲ့က လက်မခံနိုင်ဘူး။ ရုရှားကို နလန်မထူနိုင်အောင် ဦးချိုးပစ်ချင်တယ်။ ရုရှားသာ စစ်နွံထဲ ကြာကြာနစ်နေရင် စစ်ရေး စီးပွားရေးအရ အရှိုက်ထိ ချိနဲ့သွားမှာပဲလို့ တွက်ခဲ့ကြတယ်။ ပူတင် ပြုတ်ကျသွားတဲ့အထိတောင် စိတ်ကူးယဉ်ခဲ့ကြတယ်။ ဘိုင်ဒင်သာ သမ္မတသက်တမ်းကုန်ဆုံးပြီး နောက်တကြိမ် ထပ်ပြိုင်ခွင့် မရလောက်အောင် discredited ဖြစ်ခဲ့ရတယ်၊ ပူတင်က အခုထိ ပြုတ်မကျ၊ ရုရှားစီးပွားရေးကလဲ သူတို့ မျှော်မှန်းသလို ချိနဲ့မသွား။

အမေရိကန်နဲ့ အနောက် ဥရောပရဲ့ ဆန့်ရှင်တွေဟာ ရုရှား စီးပွားရေးကို အရှိုက်မထိုးနိုင်ခဲ့ရုံသာမက သူတို့တတွေသာ ကိုယ့်ရှူးကိုယ့်ပြန်ပက်ခံလိုက်ရတယ်။

ဥပမာ၊ ဂျာမနီကိုပဲကြည့်။ ဂျာမနီက ရုရှားကို ဆန့်ရှင်လုပ်လိုက်တာ ရုရှားဆီက ဈေးချိုချိုနဲ့ ရနေကျ လောင်စာဆီတွေ မရတော့ဘူး။ မရတော့ ဘယ်က ဝယ်ရလဲ။ အိန္ဒိယက ဝယ်ရတယ်။ အိန္ဒိယက ဘယ်က ရသလဲ။ ရုရှားဆီက ဝယ်ထားတာကို အမြတ်တင်ပြီး ဈေးကြီးကြီးနဲ့ ဂျာမနီကို ပြန်

ရောင်းတာပဲ။ ရုရှားကို ခတ်တဲ့ ဆန့်ရှင်က ဂျာမနီကို ပြန်ထိပြီး စီးပွားရေး အကျပ်အတည်း ဖြစ်လာတယ်၊ ဂျာမနီရဲ့ စီးပွားရေး ဂျီဒီပီ မတက်တာ သုံးနှစ် ရှိပြီ။

ဒါတင် မကသေးဘူး။ နေတိုး အဖွဲ့ဝင် နိုင်ငံတွေကြားမှာလဲ အတွင်း ပဋိပက္ခက ပိုပြင်းထန်လာတယ်။ နေတိုး အဖွဲ့ဝင်တွေထဲ စစ်အသုံးစရိတ်ကို အများဆုံး ထည့်နေရတာက ယူအက်(စ်)။ ယူအက်(စ်)ရဲ့ စစ်အသုံးစရိတ်က တနှစ်ကို ဒေါ်လာ ဘီလျံ ၈၈၀ ရှိနေတယ်။ ဒီပမာဏက သူ့နောက် အများဆုံး ရှစ်နိုင်ငံ ပေါင်းလဒ်ထက် ပိုများနေတယ်။ ဒီကြားထဲ ယူအက်(စ်) အရင်းရှင်နယ်ချဲ့က မရှုမလှ စစ်ရှုံးနေတဲ့ ယူကရိန်းမှာ အများဆုံး အကုန်အကျ ခံနေရသူ ဖြစ်တယ်။

ယူကရိန်းတင်ပဲလား ဆိုတော့ မဟုတ်ဘူး။ ပြောရရင် တကမ္ဘာလုံးမှာ ယူအက်(စ်)က overstretched ဖြစ်နေတာ။ကမ္ဘာ့ အချမ်းသာဆုံး အရင်းရှင် နယ်ချဲ့ပါဝါပဲ ဖြစ်ဦးတော့ အကန့်အသတ်မဲ့တော့ မဟုတ်ဘူး။ တချိန်ချိန်မှာ သူ့လစ်မစ်ကို ရောက်သွားတာပဲ။ အရင်နဲ့စာရင် အကျဘက် ရောက်လာတဲ့ ယူအက်(စ်)က အခု အဲဒီ လစ်မစ်ကို ရောက်နေပြီ။ ဒါ့ကြောင့် အရင်လို ကမ္ဘာ့ ပုလိပ်ကြီး လုပ်နိုင်စွမ်း မရှိတော့ဘူး။

ဒီအခြေအနေကို လက်မခံနိုင်တဲ့ ဘိုင်ဒင် အစိုးရက ယူအက်(စ်) အရင်းရှင်နယ်ချဲ့အတွက် တိုက်ရိုက် အကျိုးစီးပွား မရှိလှတဲ့ ယူကရိန်းမှာ ခြေလွန်လက်လွန် ဖြစ်နေတယ်။ မှားမှန်းသိပေမယ့် ဆက်တိုက် အမှားတွေ ထပ်လုပ်တယ်။ နောက်ဆုံး နမူနာပေးရရင် သူဆင်းခါနီး ရက်ပိုင်းအလိုမှာ ယူအက်(စ်)လုပ် တာဝေးပစ် မစ်ဆိုင်းတွေ ယူကရိန်းကို အသုံးပြုခွင့်ပေးခဲ့တယ်။ ဒါဟာ နျူကလိယာ ပါဝါချင်း ထိပ်တိုက်တိုးနိုင်တဲ့ တတိယ ကမ္ဘာစစ် လမ်းကြောင်းပေါ် တွန်းတင်တဲ့ သွေးရူးသွေးတန်း လုပ်ရပ်ပဲ။

ဘိုင်ဒင် အစိုးရရဲ့ ဒီအမှားတွေကို အမေရိကန် ပြည်သူတွေက သိလာတယ်။ အချည်းနှီး ကုန်နေရတဲ့ စစ်အသုံးစရိတ်တွေကို ဘယ်အခွန်ထမ်း ပြည်သူက ကြည်ဖြူမှာလဲ။ ဒါတွေကို သဘောပေါက်လို့ သူ့ပါတီကတောင် ဘိုင်ဒင်ကို ရွေးကောက်ပွဲ အနားနီးမှ ကပ်ဖြုတ်ပြီး ဟဲရစ်ကို ဝင်ပြိုင်ခိုင်းတာပဲ။

ဒေါ်နယ်ထရမ့်က သာမန် ပြည်သူအများရဲ့ အဲဒီ မကျေနပ်ချက်တွေကို ကောက်စားသွားတာပဲ။ ဒါ့ကြောင့်လဲ သူတက်လာရင် ယူကရိန်း-ရုရှား စစ်ပွဲကို ၂၄ နာရီအတွင်း ရပ်အောင် လုပ်ပြမယ်လို့ ကြွေးကြော်ခဲ့တာ။ ၂၄ နာရီအတွင်း မဟုတ်ပေမယ့် ၂လအတွင်း အထမြောက်လုနီးပါး ဖြစ်နေပြီ။

ဒီနေရာမှာ ရှင်းအောင် ပြောထားချင်တာက ဒေါ်နယ်ထရမ့် ဒီစစ်ပွဲကို ရပ်စေချင်တာ ငြိမ်းချမ်းရေးကို အမှန်တကယ်လိုလားလို့ မဟုတ်ဘူး၊ ဒီစစ်ပွဲဟာ ယူအက်(စ်) အရင်းရှင်နယ်ချဲ့အတွက် အချည်းနှီးဖြစ်နေလို့၊ သူတို့ အကျိုးစီးပွား အထိနာနေလို့ပဲ။ ရုရှားနဲ့ စစ်ပြေငြိမ်းလိုက်နိုင်ရင် အမေရိကန် အရင်းရှင်နယ်ချဲ့ရဲ့ အဓိက ပြိုင်ဖက် တရုတ်ကိုပဲ ပိုအာရုံစိုက်လို့ ရသွားမယ်၊ ရုရှားနဲ့ စေ့စပ်ရင်း (အပေးအယူ လုပ်ရင်း) ရုရှား-တရုတ် ဆက်ဆံရေးကို သပ်လျှိုဖို့အထိ သူကြံရွယ်ထားနိုင်တယ် (ဒါတော့ အတိအကျ ခန့်မှန်းရ ခက်ပါတယ်)။

အဖြူ မဟုတ်ရင် အမည်း လုပ်တတ်သူတွေက ဘိုင်ဒင်ရဲ့ ပေါ်လစီကို ဝေဖန်တာနဲ့ပဲ ထရမ့်ကို ထောက်ခံနေသယောင်၊ ပူတင်ကို ထောက်ခံနေသယောင် ပုံဖော်ချင်ကြတယ်။ အရင်းရှင်နယ်ချဲ့ နိုင်ငံတွေက အုပ်စိုးသူ လူတန်းစားရဲ့ faction တွေအချင်းချင်း ခွက်စောင်းခုတ်ကြတဲ့ ပွဲမှာ ကျနော်တို့ ကွန်မြူနစ်တွေက ဘယ်ဘက်ကမှ ရပ်စရာ အကြောင်းမရှိဘူး။

ကျနော်တို့ ရပ်တည်ချက်က ရှင်းပြီးသား။ ရုရှား အရင်းရှင် လူတန်းစား၊ အမေရိကန် အရင်းရှင် လူတန်းစားနဲ့ သူ့လက်ဝေခံ ယူကရိန်း အရင်းရှင် လူတန်းစား၊ တရုတ် အရင်းရှင် လူတန်းစား၊ အစရှိတဲ့ အုပ်စိုးသူ လူတန်းစားတွေရဲ့ အကျိုးစီးပွားနဲ့ ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်တဲ့ အလုပ်သမား လူတန်းစားရဲ့ အကျိုးစီးပွားကိုသာ ရှေးရှုတဲ့ class independent proletarian internationalism ရပ်တည်ချက်ပဲ။




## အရှက်ကွဲခဲ့ရတဲ့ ဇယ်လင်စကီး

မနေ့က တွေ့ဆုံပွဲကို ပြန်ကြည့်ရင် လက်ရှိအချိန်မှာ ဇယ်လင်စကီးအနေနဲ့ ရွေးစရာ ဘာများ ရှိသေးလို့လဲ။ ယူအက်(စ်)က ဆက်မထောက်ပံ့တော့ဘူး ဆိုရင် သူ့အနေနဲ့ စစ်ကို ဆက်တိုက်နိုင်တဲ့ အခြေအနေ မရှိဘူး။ ဆက်ထောက်ပံ့ရင်တောင် ဆက်တိုက်ရင် နိုင်မယ့် အလားအလာ ရှိသလား။ မရှိပါဘူး။

ဒီတော့ ဒေါ်နယ် ထရမ့် ပြောတဲ့ စစ်ရပ်စဲရေး ဆွေးနွေးပွဲကို ဘာ့ကြောင့် သူလက်မခံနိုင်တာလဲ။ သူ့နိုင်ငံရေး ဘဝက ဒီစစ်ပွဲမှာ အမေရိက ဆက်ပါရေးနဲ့ တိုက်ရိုက် သက်ဆိုင်နေတယ်။ ဒါပေမယ့် ဒေါ်နယ်ထရမ့်က ဆက်မပါဘူးဆိုတာ ဒီမတိုင်ခင်ကတည်းက ခဏခဏ ပြောနေပြီးသားပဲ။ လေကျယ်တဲ့ ယူကေက စတားမားနဲ့ ပြင်သစ်က မာခရွန်တို့လဲ ယူအက်(စ်)ကသာ ထောက်ပံ့မှု မပေးရင် ဘာမှ မတတ်နိုင်ဘူး ဆိုတာ ဝန်ခံထားရပြီးသား။

အီးယူဆိုတာ သူ့အထဲမှာတင် အစည်းပြေနေတဲ့ အဖွဲ့အစည်း။ ရုရှားနဲ့ ယူအက်(စ်) စကားပြောကြတော့ ယူကရိန်းလဲ မပါသလို အီးယူက ဘယ်နိုင်ငံ့ ခေါင်းဆောင်မှ ဝင်ပါခွင့် မရဘူး။ အဲဒီတော့ ပြင်သစ်က မာခရွန်က အီးယူ အဖွဲ့ဝင် အကုန်မပါတဲ့ ကြိတ်ဝိုင်း အစည်းအဝေး လုပ်ရတယ်။ အကုန်မပါဆို အကုန် မဖိတ်ရဲလို့ဘဲ။ အကုန် ဖိတ်လိုက်ရင် ဘုံသဘောထား ထုတ်မရမှာစိုးလို့။

အကုန်မဖိတ်ဘဲ အသံတူမယ့်သူတွေချည်း ကြိတ်ဝိုင်းလုပ်ကာမှ ပိုဆိုးနေတယ်။ စစ်ရပ်စဲရေး သဘောတူညီချက်တောင် မရသေးဘဲ ယူကရိန်းကို peace keeping စစ်တပ်တွေ ထားရှိရေး ပြောနေတာ မဆီလျော်လှဘူးလို့ ဂျာမနီ အဓိပတိက ပြောသွားတယ်။ လေဘာ ခေါင်းဆောင်ဆိုတဲ့ စတားမားက စစ်သွေးအကြွဆုံး ဖြစ်နေပေမယ့် သကြံန် အမြောက်ဆံပါပဲ။ ယူကေမှာ စစ်တပ် အင်အား ဘယ့်လောက်ရှိလို့လဲ။ ဒါ့ကြောင့် ယူအက်(စ်)ကို သူတို့အားလုံးက မှီခိုနေရမှန်း သူတို့ကိုယ်တိုင် သိသလို ဒေါ်နယ်ထရမ့်ကလဲ သိတာပဲ။

ဒီအခြေအနေမှာ စစ်ဆက်တိုက်မှ နိုင်ငံရေး ဘဝ (အခန့်မသင့်ရင် သူ့ဇီဝ အသက်ပါ) ဆက်ရှင်သန်နိုင်မယ့် ဇယ်

လင်စကီးက အသည်းအသန် ဖြစ်လာတာပဲ။ မြေပြင်က အရှိတရားကို မျက်ကွယ်ပြုပြီး သွေးရူးသွေးတန်း ဖြစ်လာတယ်။ သူ့မှာ တခြား ရွေးလမ်း မရှိဘူးဆိုတာတောင် မေ့သွားသလား ထင်ရတယ်။

ယူအက်(စ်) ထွက်သွားမှာ အသည်းအသန် ကြောက်တဲ့ ဇယ်လင်စကီးက **"အောင်နိုင်ရေး အစီအမံ"** ဖော်စပ်ပြီး minerals deal နဲ့ ဆွယ်ခဲ့တယ်။ စစ်ရေး အကူအညီ ရအောင် တိုင်းပြည်ကို ရောင်းစားတဲ့ သဘောပဲ။ ဒါပေမယ့် ဇယ်လင်စကီး စဆွယ်ခဲ့တဲ့ အချက်က ပျောက်သွားပြီး ဒေါ်နယ်ထရမ့်က ဒါတွေ လိုချင်လို့ ရုရှားနဲ့ deal လုပ်ရေး တွန်းနေသလို ပုံဖော်ပြောနေကြတယ်။

အထက်မှာ ရှင်းခဲ့သလိုပဲ အမေရိကန် အရင်းရှင်နယ်ချဲ့ အကျိုးစီးပွားအရ အချည်းနှီး ဖြစ်နေတဲ့ ဒီစစ်ပွဲကို ရပ်စဲဖို့ ဒေါ်နယ်ထရမ့် လုပ်မှာပဲ။ သူ့နိုင်ငံရေး ဘဝနဲ့လည်း ဆိုင်နေတယ်။ အဲဒီ အနေအထားမှာ ထရမ့်က အရင်းရှင်စီးပွားရေးသမားပီပီ ဇယ်လင်စကီး ကမ်းလှမ်းလာတဲ့ ဟာကို ရသလောက် အမြတ်ထုတ်တယ်။ သူက ဒါမရလဲ ရုရှားနဲ့ အပေးအယူကို ဆက်လုပ်သွားမှာပဲ။

ဒေါ်နယ်ထရမ့်ရဲ့ ပေါ်လစီက အပစ်ရပ်-ရွေးကောက်ပွဲ လုပ်-အပေးအယူလုပ်။ ရွေးကောက်ပွဲ ဆိုတဲ့ နေရာမှာ ဇယ်လင်စကီး မနိုင်မယ့် ရွေးကောက်ပွဲကို ဆိုလိုမှန်း ဇယ်လင်စကီး ကောင်းကောင်းသိတာပေါ့။

သမိုင်း မှတ်ဉာဏ် ပျောက်ဆုံးလွယ်တဲ့ ဒီကနေ့ခေတ်ကြီးမှာ ပြန်အမှတ်ရအောင် အစဖော်ပေးရရင် ၂၀၁၄ က မိုင်ဒန် လှုပ်ရှားမှု၊ ဒီနောက် ယူကရိန်းရဲ့ ရွေးကောက်ခံ သမ္မတ ယာနူကိုဗစ်(ခ်ျ)ကို ဖြုတ်ချခဲ့တာတွေဟာ အမေရိကန် ကြိုးကိုင်တဲ့ coup လုပ်ရပ်၊ regime change လုပ်ရပ်တွေပဲ။

ဒီနောက် အမေရိကနေ လိုလားတဲ့ အစိုးရ တက်လာတယ်၊ နာဇီလက်သစ် တပ်ရင်းတွေကို အားပြုပြီး ယူကရိန်း ပြည်တွင်းက ရုရှား စကားသုံး လူနည်းစုတွေကို သွေးချောင်း


Image : RCI Own Work

စီး ဖိနှိပ်ခဲ့တယ်။ အမေရိကန် တင်တဲ့ ယူကရိန်း အစိုးရက နာဇီလက်သစ် တပ်ရင်းတွေ၊ အစ္စလမ်မစ်(ခ်) အဖွဲ့တွေကိုပါ အသုံးပြုခဲ့တယ်။ ဒါကို အနောက် မီဒီယာကြီးတွေက အချိန်တော်ကြာ မျက်ကွယ်ပြုခဲ့ကြတယ်။ (မတတ်သာတဲ့ အဆုံးမှ New York Times မှာ ဝန်ခံရေးသားခဲ့တဲ့ ဆောင်းပါးကို နမူနာ ကြည့်ပါ။)

ထရမ့် ပြောနေတဲ့ ရွေးကောက်ပွဲ ဆိုတာ ဇယ်လင်စကီး နေရာကကြည့်ရင် “regime change” လုပ်ရေး ဖြစ်နေတယ်။ ဒီတော့ ဖြစ်ပေါ်နေတဲ့ အခြေအနေနဲ့ လမ်းကြောင်းကို ပြောင်းလို့မရမှန်း သိတော့ ဇယ်လင်စကီးအနေနဲ့ ပူတင်ကို ယုံလို့မရဘူး ဆိုတဲ့ ဗီလိန်ဇာတ်ကိုပဲ ထပ်တလဲလဲပြောရတော့တာပဲ။

ဒေါ်နယ်ထရမ့်တို့က ဇယ်လင်စကီးကို ဖိတ်ပြီး မီဒီယာတွေရှေ့အရှက်ခွဲချင်လို့ အခုလို လုပ်ကြတာလား။ အဲသလို ပြောကြတာလဲ ရှိတယ်။ ဗီဒီယို အစအဆုံး ကြည့်လိုက်ရင် အဲဒီပုံစံမျိုး မဟုတ်ဘူး ဆိုတာ မြင်သာတယ်။ မိနစ် ၄၀ လောက်အထိ အဆင်ချောနေတာပဲ။ မိနစ် ၄၀ လောက်မှာ ဒုသမ္မတ JD Vance က ဝင်ထောက်တယ်။ ဘိုင်ဒင်က စစ်တိုက်ရေး လုပ်ခဲ့တယ်၊ ထရမ့်က သံတမန်ရေးကို လုပ်နေတယ် ဆိုတဲ့ သဘောပြောအပြီးမှာ ဇယ်လင်စကီးက ဘယ်လို သံတမန်ရေးမျိုးကို မင်းဆိုလိုတာလဲ JD လို့ ပြန်မေးလိုက်တယ်။ ဒီကနေစပြီး အကြီးအကျယ် ဖြစ်တော့တာပဲ။

ဇယ်လင်စကီး အနေနဲ့ အရှက်တကွဲ အကျိုးနည်း ဖြစ်ပြီး အိမ်ပြန် မလှ ဖြစ်သွားခဲ့ပြီ။ ဒီပွဲမှာ ဇယ်လင်စကီး အကြီးအကျယ် ရှုံးပါတယ်။ အမြတ်ထွက်သွားတာကတော့ အဲဒီ ဆွေးနွေးဝိုင်းမှာ ရှိမနေတဲ့ ပူတင်ပဲ။ ယူအက်(စ်) နဲ့ ရုရှား စကားပြောကြရင် ‘ငါတို့က အပစ်ရပ်ချင်ပေမယ့် မင်းတို့ လူကိုက စစ်ကို လိုလားနေတာပဲ’ လို့ လက်ညှိုးထိုးပြစရာ ဖြစ်သွားပါပြီ။


Image : RCI Own Work

## အခုမှ သစ္စာဖောက်ခံရတာလား

ဒီအခြေအနေမှာ deal လုပ်ရတာ ယူကရိန်းအဖို့ အတော် အထိနာပါတယ်။ ဒီမတိုင်ခင် ၂၀၂၂ ဧပြီလောက်က တူရကီမှာ လုပ်တဲ့ ယူကရိန်း-ရုရှား စေ့စပ်ရေးကို လက်သင့်ခံခဲ့ရင် အခုလောက် အခြေအနေဆိုးမှာ မဟုတ်ပါဘူး။ ဒီအကြောင်းကို မြန်မာ မီဒီယာ တော်တော်များများမှာ မဖော်ပြခဲ့ကြဘူး။

အထူးသဖြင့် အဲဒီကာလက ယူကေ ဝန်ချုပ် ဘိုးရစ် (စ်) ဂျွန်ဆင် အပြေးသွားပြီး စေ့စပ်ရေးကို ကဖျက်ယဖျက် လုပ်ခဲ့တာတွေ သမိုင်း မှတ်ဉာဏ်ထဲမှာ မရှိကြတော့ဘူး။ အဲဒီတုန်းက ယူကရိန်းကို စစ်နွံထဲ ဆွဲချခဲ့တဲ့ အနောက် အုပ်စုခေါင်းဆောင်တွေ အခု ဘာလုပ်ပေးနိုင်ကြသလဲ မေးရလိမ့်မယ်။

ဒီမေးခွန်းကို မမေးဘဲ ယူကရိန်းကို သစ္စာဖောက်သွားပြီလို့ အခုမှ ထအော်နေရင် မှန်ကန်ရဲ့လား။ ယူကရိန်း သစ္စာဖောက်ခံလိုက်ရတာ အမှန်ပဲ၊ ဒါပေမယ့် အခုမှ မဟုတ်ဘူး ဆိုတာတော့ သတိရသင့်တယ်။ ၂၀၁၄ မှာ အမေရိကန် ဝင်မွှေတဲ့ regime change ကနေ ၂၀၂၂ စေ့စပ်ရေး ဖျက်ပစ်တဲ့အထိ ပြန်သတိရဖို့တော့ ကောင်းပါတယ်။

ယူကရိန်းကို အားကျတယ် ဆိုသူများ၊ အနောက်ကို မျှော်တဲ့ နဂိုနဲ့တကွ အခြားသော လစ်ဘရယ် အုပ်စုများ အခု ဘာပြောဦးမလဲ သိချင်ပါတယ်။

လွန်ခဲ့တဲ့ နှစ်တရာကျော်က လီနင် ရှင်းပြခဲ့သလိုပဲ အရင်းရှင်နယ်ချဲ့ခေတ်က နိုင်ငံငယ်လေးတွေရဲ့ အခွင့်အရေးဆိုတာ အင်အားကြီး နိုင်ငံတွေချင်း စက်ပုန်းခုတ်တဲ့ နေရာမှာ အကြွေစေ့လောက်ပဲ သဘောထားခံရပါတယ်။ အင်အားကြီးနယ်ချဲ့ နိုင်ငံတွေရဲ့ အကျိုးစီးပွားနဲ့ ကိုက်ညီတဲ့အခါ သူတို့ ရည်ရွယ်ချက် အမှန်ကို ဖုံးဖိဖို့ အသုံးချခံရမယ်၊ သူတို့ ရည်ရွယ်ချက်နဲ့ မကိုက်တော့ရင် ယူကရိန်းလို စွန့် ပယ်ခံရမယ်။ အနှစ်သာရက ဒီသဘောပါပဲ။ ဒါကို သင်ခန်းစာ ယူတတ်ဖို့ လိုပါတယ်။

ပူတင်က ဗီလိန်၊ ထရမ့်က ဗီလိန်၊ ဘိုင်ဒင်က သူတော်ကောင်း၊ ဇယ်လင်စကီးက ဟီးရိုး ဆိုတဲ့ ပုံပြင်ကို အဟုတ်ထင်နေရင် ဘာမှ နားလည်မှာ မဟုတ်သလို သူများ အမှားကိုလဲ သင်ခန်းစာ ယူတတ်မှာ မဟုတ်ဘူး။ မယူတတ်ရင် ထပ်မှားတတ်တာလဲ သဘာဝပဲ။

ကိုတင်ဦး




# အိန္ဒိယ-ပါကစ္စတန် စစ်ပွဲအပေါ် RC-INDIA ၏ သဘောထားထုတ်ပြန်ချက်

[အိန္ဒိယက ကွန်မြူနစ်နာမည်ခံ ပါတီကြီးတွေက မိုဒီ ခေါင်းဆောင်တဲ့ အုပ်စိုးသူ လူတန်းစားနောက်ကို လိုက်ရင်း ရှူဗင်နစ် ရပ်တည်ချက်ကို ဆွဲကိုင်ထားကြချိန် Revolutionary Communists of India အဖွဲ့က proletarian internationalism ရပ်တည်ချက်အတိုင်း အခုလို ကြေငြာချက် ထုတ်လိုက်ပါတယ်။]

အိန္ဒိယနဲ့ ပါကစ္စတန် - "စစ်ဆိုတာ လူချမ်းသာတွေကို ပဲ အကျိုးပြုတယ်၊ အလုပ်သမားတို့ သွေးစည်းမှုဖြစ်မယ်"

တောင်အာရှ တဝှမ်းမှာ စစ်ရိပ်စစ်ယောင်များ သန်း လာချေပြီ ။ အဲဒီ ရှုးကြောင်ကြောင် သွေးဆာမှုတွေ ရှိလင့် ကစား ကျနော်တို့ဟာ "ဘယ်နယ်ချဲ့ စစ်ပွဲမှ လုပ်သားပြည်သူ ကို အကျိုး မပြုဘူး" ဆိုတဲ့ အမှန်တရားကို သတိရကြဘို့ လို တယ်။

တော်လှန်သော နာမည်ကြီး ကဗျာဆရာ ဘားတော့( ဗ်)ဘရက်(တ်) ညွှန်းဆိုခဲ့သလို -

"လာလတ္တံ့သော စစ်သည်
ပဌမဆုံး မဟုတ်၊
ရှေးမဆွကပင် စစ်တို့ ရှိခဲ့ဖူးပြီ။
ကျော်လွန်ခဲ့သော နောက်ဆုံး စစ်၏ အပြီးသတ်ချိန်ဝယ်
စစ်နိုင်သူ နှင့် စစ်ရှုံးသူတို့ ဖြစ်သွားခဲ့ကြတယ်။
စစ်ရှုံး သူတို့ ဘက်မှာ သာမန်လူထုသာ ငတ်မွတ်ကျန်ရစ်
တယ်စစ်နိုင်သူတို့ ဘက်မှာလည်း သာမန်လူထုဘဲ
ငတ်မွတ် ကျန်ရစ်စမြဲ။"

နှစ်ဖက်စလုံးက အလုပ်သမားတွေနဲ့ လယ်သမားတွေ သာ စစ်အတွင်း တန်းတူ ဒုက္ခရောက်ကြရတယ် ဆိုတဲ့ ခါးသီး တဲ့ အမှန်တရားကို ဒီကဗျာ စာသားတွေက ဖော်ကျူးနေ တယ်။ သာမန် ဘယ်ပြည်သူမှ စစ်ပွဲ မလိုလားဘူး၊ စစ်ပွဲ ကြောင့် ရရှိလာတဲ့ ငါတို့ဒုက္ခတွေကနေ အမြတ်ထွက်သွားတဲ့ အရင်းရှင် လူတန်းစားကပဲ ငါတို့ကို စစ်ပွဲထဲ ပါဝင်အောင် တွန်းပို့တာ ဖြစ်တယ်။ ငါတို့ ကလေးတွေ ဆာလောင်ငတ်မွတ် နေတဲ့ အချိန်မှာလက်နက် ထုတ်လုပ်ရောင်းချသူတွေကတော့ လူသတ်လက်နက်တွေ ရောင်းပြီး ဝဖြိုးနေကြတယ်။ နိုင်ငံရေးသမားတွေဟာ ညီကိုချင်းချင်း သွေးခွဲပြီး အာဏာကို အရယူကြတယ်။ ကော်ပရိတ် လူ့မလိုင် တွေက စစ်ပွဲက ရတဲ့ အမြတ်တွေကို ရေတွက်ရင်း ရယ်မောနေချိန် အလုပ်သမား တွေကတော့ သူတို့ဘဝတွေ ဆုံးရှုံးနေရတယ်။

ဒီကနေ့ အိန္ဒိယနဲ့ ပါကစ္စတန်မှာ အုပ်စိုးသူ လူတန်းစားတွေက အကျုမြို လက်နက်တွေ ပါလာနိုင်တဲ့ အန္တရာယ်ကြီး စစ်မီးကို ဆော့ကစားနေကြချိန် တောင်အာရှသား သိန်းရစ် ထောင်ဟာ ထမင်းနောက်တနပ် စားရဘို့ အရေး ရုန်းနေရတယ်။ အုပ်စိုးသူ လူတန်းစားဟာ ငါတို့ဆီက အကုန်လုယူပြီး ငါတို့အိမ်နီးပါးချင်း မုန်းတီးစေလိုတယ်။ ငွေကြေးဖောင်းပွမှု၊ အလုပ်လက်မဲ့ဖြစ်မှုနဲ့ တားဆီးလို့ရနိုင်တဲ့ ရောဂါတွေ ငါတို့ လူမှုပတ်ဝန်းကျင်မှာ ထူပြောနေခြင်းဟာ အမှန်တကယ် ရှားပါးနေလို့ မဟုတ်ဘဲ အမြတ်ရရှိရေး ရှေ့တန်းတင်တဲ့ အရင်းရှင်စနစ်ကြောင့် အခုလို ရှားပါးပြတ်လပ်နေခြင်း ဖြစ်တယ်။

အဖြေကတော့ ရှင်းတယ်၊ ငါတို့ဟာ တောင်အာရှတဝှမ်းက အရင်းရှင်စနစ်ရဲ့ ချိန်းကြိုးတွေကို တော်လှန်သော အလုပ်သမား လူတန်းစားရဲ့ ညီညွတ်မှုနဲ့ ဖြတ်တောက်ပစ်ရမယ်။ အရင်းရှင်စနစ်ကို ငါတို့နိုင်ငံတွေ အားလုံးက ဖယ်ထုတ်ပစ်မှသာ ကိုယ်ကျိုးမဖက်တဲ့ ဆိုရှယ်လစ် ဖက်ဒရေးရှင်း တည်ထောင်နိုင်မယ်။ အဲဒီအခါ စစ်ပွဲကနေ ကိုယ်ကျိုးရှာ အမြတ်ထုတ်ဘို့ရာ လုံးဝ မဖြစ်နိုင်တော့ဘူး၊ ငါတို့ နိုင်ငံအသီးသီးရဲ့ သယံဇာတ အရင်းအမြစ်တွေကို လောဘကြောင့် မဟုတ်ဘဲ ငါတို့လိုအပ်ချက်နဲ့အညီ မျှဝေ သုံးစွဲနိုင်မယ်။ နယ်နိမိတ်စည်းတွေက အလုပ်သမားတွေကို ခွဲခြားလို့ မရတော့ဘဲ တန်းတူညီမျှခြင်းက ငါတို့ကို သွေးစည်းစေမယ်။

စစ်မိစ္ဆာတွေက ငါတို့ အိမ်နီးချင်းနိုင်ငံတွေဟာ ရန်သူတွေ ဖြစ်တယ်၊ စစ်ပွဲတွေက ငါတို့ဘဝတွေအတွက် လုံခြုံမှုတွေ ဆောင်ကြဉ်း ပေးနိုင်လိမ့်မယ်၊ အရင်းရှင် စနစ်ကို ပြုပြင်ဖာထေးလို့ ရနိုင်တယ်လို့ ငါတို့ကို အယုံသွင်းတယ်။ ဒါတွေက တကယ်တကယ်စင်အောင် လွဲတဲ့ ထင်မှတ်မှားမှုတွေပဲ။ အရင်းရှင်စနစ်အောက်မှာတော့ ငြိမ်းချမ်းတဲ့ ကာလ အပိုင်းအခြားဆိုတာ နောက်စစ်ပွဲအတွက် ပြင်ဆင်နေခြင်းသာ ဖြစ်ကြောင်း သမိုင်းက သက်သေပြနေတယ်။ အိန္ဒိယနဲ့ ပါကစ္စတန်တို့ရဲ့ အုပ်စိုးသူ လူတန်းစားတွေက သူတို့ အာဏာ နဲ့ အကျိုးအမြတ်အတွက် ပြည်သူ သန်းနှစ်ထောင်ကို အကျုမြို ကပ်ဘေးအန္တရာယ်ထဲ ကျရောက်လုဆဲ အခြေအနေကို တွန်းပို့လိုက်တယ်။

Workers of South Asia: our true enemies are not across the border, but in the palaces and boardrooms of our own countries. The capitalist system that creates poverty creates war. The same system that denies us healthcare and education sends our sons and daughters to die in battle. We must organise, educate, and fight – not for any flag or nation, but for our common class interest.

တောင်အာရှမှ အလုပ်သမားများ ခင်ဗျာ။ ငါတို့ရဲ့ ရန်သူစစ်စစ်ဟာ နယ်စည်းရဲ့ အခြားတဖက်မှာ ရှိနေတာ မဟုတ်ဘူး၊ ငါတို့ရဲ့ နိုင်ငံအသီးသီးမှာ ရှိကြတဲ့ သမ္မတ အိမ်တော်တွေ၊ နန်းတော်တမျှ အိမ်ကြီးရခိုင်တွေနဲ့ ဘုတ်အစည်းအဝေး ခန်းမဆောင်တွေထဲမှာ ရှိတယ်။ ဆင်းရဲမွဲတေမှုကို ဖြစ်ပေါ်စေတဲ့ အရင်းရှင်စနစ်ဟာ စစ်ပွဲကိုပါ ဖန်တီးတယ်။ ငါတို့ရဲ့ ပညာရေးနဲ့ ကျန်းမာရေး စတာတွေကို ဂရုမထားတဲ့ အဲဒီ အရင်းရှင်စနစ်က ငါတို့ သားတွေ သမီးတွေကို ကျတော့ စစ်ပွဲထဲ သေစေတယ်။ ဘယ်နိုင်ငံ ဘယ်အလံလို့ ခွဲခြားမနေဘဲ ငါတို့ အားလုံး ဘုံတူညီတဲ့ လူတန်းစား အကျိုးအတွက် ပညာပေး၊ စုရုံး၊ တိုက်ပွဲ ဝင်ကြရမယ်။

ငါတို့ ရှေ့ဆက်ရမယ့် လမ်းကြောင်းက တော်လှန်သစ်လွင်သော ဆိုရှယ်လစ်ဝါဒ ဖြစ်တယ်။ လူလုပ် နယ်ခြားစည်းတွေကို ဖြတ်ကျော်ပြီး ကမ္ဘာတဝှမ်းက အလုပ်သမား၊ လယ်သမားတို့ စည်းရုံးအားနဲ့ ရှေ့ဆက်ရမယ်၊ ဘာမှ ထူးခြားပြောင်းလဲသွားမှာ မဟုတ်တဲ့ ရွေးကောက်ပွဲတွေ၊ ဖိနှိပ်သူတွေဆီ မျက်ရည်ခံထိုး မေတ္တာရပ်ခံစာတွေကို အားကိုးနေလို့ မဖြစ်ဘူး။ လယ်ယာမြေတွေနဲ့ စက်ရုံတွေကို ငါတို့ ထိန်းချုပ်နိုင်ပြီဆိုရင် စစ်ဖြစ်စရာ ဘာအကြောင်းမှ ရှိမနေတော့ဘူး။ ငါတို့ လုပ်အားနဲ့ ဖန်တီးထားတဲ့ ခရဥစ္စာတွေကို မျှဝေ သုံးစွဲကြတဲ့ အခါ ငါတို့အားလုံး ပြည့်ဝဖူလုံ လာကြမှာ ဖြစ်တယ်။

ဘရက်(တ်)ရဲ့ စာသားတွေက သတိပေးခဲ့သလို ဘယ်စစ်ပွဲမဆို အမြဲတမ်း သာမန် လူထုကဘဲ ငတ်မွတ် ဒုက္ခရောက်ကြတာဖြစ်တယ်။ ခုချိန်မှာ အသက်တွေနဲ့ ကစားတဲ့ ဒင်းတို့ရဲ့ စစ်ပွဲထဲမှာ ဝင်ရောက် အသုံးတော်ခံဘို့ ငြင်းဆိုကြစို့။ အဲဒီအစား စစ်ပွဲဆိုတာ ခါးသီးရှုံမုန်းစရာကောင်းတဲ့ မှတ်ဉာဏ်တွေအဖြစ်ပဲ ကျန်ရစ်ခဲ့တော့မယ့် ဆိုရှယ်လစ် အနာဂတ်ကို ဖန်တီးကြစို့။

နယ်ချဲ့ စစ်ကို ဆန့်ကျင်ကြ၊<br>
လူတန်းစား စစ်ပွဲကသာ စစ်ပွဲအားလုံးကို<br>
အဆုံးသတ်ပေးနိုင်မယ်၊<br>
အပြည်ပြည်ဆိုင်ရာ အလုပ်သမားတို့ သွေးစည်း ကြလော့၊<br>
တောင်အာရှတိုက် ဆိုရှယ်လစ် ဖက်ဒရေးရှင်းဆီ<br>
ချီတက်ကြ၊

မြန်မာပြန်သူ - ရှင်းသန့်ဇင်

Source: [https://marxist.com/india-pakistan-war-only-serves-the-rich-workers-must-unite.htm](https://marxist.com/india-pakistan-war-only-serves-the-rich-workers-must-unite.htm)



# မာ့(က်စ်)ဝါဒနဲ့ အမျိုးသမီးထု လွတ်မြောက်ရေး တိုက်ပွဲ

မတ်လ (၈) ရက်နေ့မှာ ကျရောက်တဲ့ IWD ဆိုတာ မူလက *နိုင်ငံတကာ အလုပ်သမား အမျိုးသမီးများနေ့* (IWWD) ဖြစ်ပါတယ်။ အမျိုးသမီးထုရဲ့ ရှေ့မှာ working ဆိုတဲ့ ဝိသေသတခု ပါခဲ့တယ်။ ဆိုရှယ်လစ်အရေး လူထု တိုက်ပွဲတွေမှာ အုံလိုက်ကျင်းလိုက် ပါဝင်ခဲ့ကြတဲ့ အမျိုးသမီးထုကို ဂုဏ်ပြုတဲ့အနေနဲ့ *နိုင်ငံတကာ အလုပ်သမား အမျိုးသမီးများနေ့* IWWD ကို ကျင်းပသင့်ကြောင်း ၁၉၁၀ ခုနှစ်မှာ ဂျာမန် ကွန်မြူနစ် အမျိုးသမီးကြီး Clara Zetkin က စတင် အဆိုပြုခဲ့ခြင်း ဖြစ်တယ်။ "ဘူဇွာ ဖမ်းမနစ် လှုပ်ရှားမှုနဲ့ အလုပ်သမား အမျိုးသမီးထုရဲ့ လှုပ်ရှားမှုဟာ အခြေခံကျကျ ကွဲပြားခြားနားတဲ့ လူမှုလှုပ်ရှားမှုတွေပဲ" လို့ ကလဲရာ ဇက်ကင်း ပြောခဲ့ဖူးတယ်။ ကလဲရာ ဇက်ကင်းရဲ့ မှတ်ချက်ဟာ ဒီကနေ့ခေတ်ထိ သင့်လျော်မှန်ကန်နေဆဲ ဖြစ်တယ်။

*နိုင်ငံတကာ အလုပ်သမား အမျိုးသမီးများနေ့* IWWD ဆိုပြီး အထိမ်းအမှတ်ပြုခဲ့ရာကနေ နိုင်ငံတကာ အမျိုးသမီးများနေ့ IWD ဆိုပြီး W တလုံး ဖြုတ်လိုက်ကြတာ အကြောင်းရှိပါတယ်။ အဖြစ်နိုင်ဆုံး အဓိက အကြောင်းကတော့ နိုင်ငံတကာ အလုပ်သမား အမျိုးသမီးထုနေ့ မြစ်ဖျားခံရာ ကွန်မြူနစ် ဇစ်မြစ်ကို ဖုံးကွယ်ချင်လို့၊ လူတန်းစားအရေးကို ပစ်ပယ်ချင်လို့ဘဲ။ တနည်းဆိုရရင် အမျိုးသမီးထု လွတ်မြောက်ရေးကို လူတန်းစား တိုက်ပွဲ နိုင်ငံရေး လမ်းကြောင်းကနေ identity အခြေပြု နိုင်ငံရေး လမ်းကြောင်းပေါ် တွန်းတင်ဖို့ ရည်ရွယ်ချက်ရှိရှိ လုပ်ခဲ့ကြတာပဲ။

## Against the individualistic solutions

ဒီကနေ့ ကမ္ဘာပေါ်က အမျိုးသမီး အများစုဟာ လွတ်မြောက်ဖို့ အသာထား၊ တန်းတူညီမျှမှု ရရှိဖို့ကို အဝေးကြီး လိုသေးတယ်။ မိန်းမနဲ့ ယောက်ျား လုပ်ခလစာ ကွာဟချက်ဟာလဲ အခုထိ ကြီးမားနေဆဲ ဖြစ်ပါတယ်။ တကယ်တော့ ကျားမ တန်းတူ မညီမျှမှု၊ မိန်းမတွေကို ဖိနှိပ်မှုဆိုတာ လုပ်ခလစာ ကွာဟမှု ဆိုတာထက် အများကြီး ပိုပါတယ်။ ညဘက် တယောက်ထဲ အိမ်ပြန်တဲ့အခါ စိတ်မလုံမခြုံ ဖြစ်ရတာကနေ sexist ဆန်တဲ့ အကြည့်တွေ၊ ပြောစကားတွေ အပါအဝင် အိမ်တွင်းမှု အလုပ်ကို မိန်းမတွေကပဲ အများစု လုပ်နေရတဲ့ ကိစ္စတွေအထိ ဖိနှိပ်မှု ပုံစံတွေက အမျိုးအစား စုံလင်လှပါ



Image : Rape of the Sabine Women (c. 1579), Giambologna.

တယ်။ မရေမတွက်နိုင်အောင်ပါပဲ။

ဖိနှိပ်မှု ပုံစံမျိုးစုံ၊ မညီမျှမှု ပုံစံမျိုးစုံကို တန်းစီ ရေးပြရရင် ဆုံးမယ် မထင်ဘူး။ နမူနာအနေနဲ့ ကျားမ လုပ်ခလစာ ကွာခြားမှုနဲ့ ပတ်သက်လို့ ကိုးရီးယားက အချက်အလက်ကိုပဲ ကိုးကားပါရစေ။ အကြောင်းက ဗမာပြည်မှာ ကိုးကားစရာ အချက်အလက် တိတိကျကျ မရှိဘူး၊ ဒါ့အပြင် ကိုးရီးယားဆိုတာ ဗမာ လူငယ်တွေ အလုပ်သွားလုပ်ချင်ကြတဲ့ နိုင်ငံ။ ဒီလို နိုင်ငံမှာကို ကျားမ လုပ်ခလစာ ကွာဟချက်က ၃၀% ရှိပါတယ်။

သူ့နောက်မှာ ဂျပန်က ၂၀% အထက်နဲ့ ဒုတိယ လိုက်ပါတယ်။ တတိယက ကမ္ဘာ့အချမ်းသာဆုံး ယူအက်(စ်)ပါ။ ဒီအချက်အလက်က OECD နိုင်ငံတွေချင်း နှိုင်းယှဥ်ထားတာပဲ ရှိပါသေးတယ်။ ဗမာလို ပြည်တွင်းစစ်ဖြစ်ပြီး ဖွတ်ကျော်ပြာစု ဖြစ်နေတဲ့ နိုင်ငံတွေကို နှိုင်းယှဥ်ထားတာ မဟုတ်သေးဘူး။ ဒီတော့ ဗမာပြည်မှာ လုပ်ခလစာ ကွာဟချက် ဘယ့်လောက်ကြီးမားနေမလဲ တွက်ဆကြည့်လို့ ရနိုင်မယ်။

လုပ်ခလစာ ကွာဟချက်လို့ ပြောတဲ့အခါ 'တူညီသော အလုပ်အတွက် တူညီသော လုပ်ခ မရရှိတာ' ဖြစ်နိုင်သလို ဝင်ငွေနည်းတဲ့ အောက်ခြေသိမ်း အလုပ်တွေ၊ ကျပမ်း အလုပ်တွေမှာ မိန်းမတွေက အများစု လုပ်နေရလို့ ကျားနဲ့မ ကြားလုပ်ခလစာ ကွာဟတာလဲ ဖြစ်နိုင်တယ်။ အာရှရဲ့ စတုတ္ထမြောက် အကြီးဆုံး စီးပွားရေးလို့ ပြောနိုင်တဲ့ *ကိုးရီးယားမှာကို ကျပမ်း ခေါင်းစဥ်အောက် ရောက်နေတဲ့* အလုပ်သမား သန်းပေါင်းများစွာ ရှိတယ်။ ဒီထဲမှာ အမျိုးသမီးတွေက အများစု ဖြစ်တယ်။ စစ်အာဏာသိမ်းပြီးနောက်ပိုင်း စက်ရုံ အလုပ်ရုံတွေ အမြောက်အများ ပိတ်သိမ်းလိုက်ရတဲ့ ဗမာပြည်မှာ အလုပ်လက်မဲ့ ဖြစ်သွားသူတွေ၊ ကျပမ်း အလုပ်သမား ဘဝ ရောက်သွားသူ အမျိုးသမီးတွေ ဒုနဲ့ဒေး ရှိပါတယ်။

ဒါ့အပြင် ပြည့်တန်ဆာဘဝ ရောက်သွားရသူ အမျိုးသမီး အရေအတွက်လဲ သိသိသာသာ တိုးများလာခဲ့တယ်။ တဆက်တည်းပြောရရင် ပြည့်တန်ဆာဘဝဆိုတာ လိင်ကို ဝန်ဆောင်မှုအဖြစ် ရောင်းစားတဲ့ အလုပ် တမျိုးပဲလို့ normalize လုပ်တဲ့ လစ်ဘရယ် အမြင်ကို ဆန့်ကျင်ရမယ်။ အပေါ်ယံကြည့်ရင် ပြည့်တန်ဆာတွေကို တန်းတူ သဘောထားဆက်ဆံတဲ့ အမြင်လိုလို။ တကယ်တော့ တိုင်းပြည် စီးပွားပျက်ပြီး အငတ်ဘေးက တွန်းပို့လိုက်လို့ မိမိခန္ဓာကိုယ်ကို တပါးသူ

ပြဿနာမျှ နေရမယ့် ဘဝ ရောင်းစားလိုက်ရတဲ့ အဖြစ်ကို ဖုံးဖိပေး ရာရောက်ပြီး လွတ်လပ်စွာ မိမိစိတ်ကြိုက် ရွေးချယ်ခွင့်ရှိသလို ပုံဖော်လိုက်ခြင်းပဲ။

လူမှုစီးပွား ပြဿနာတွေကို တသီးပုဂ္ဂလ ပြဿနာ၊ လူ တဦးချင်းစီရဲ့ ရွေးချယ်ခွင့် ပြဿနာအဖြစ် လျှော့ချလိုက်ခြင်း ကို လစ်ဘရယ်တွေက 'women empowerment' လိုလို လုပ်ခဲ့ ကြတယ်။ ပြည့်တန်ဆာလို့ မခေါ်ဘဲ 'sex worker' လို့ခေါ်လိုက် ရင်ပဲ ပြည့်တန်ဆာဘဝ ရောက်နေရသူ အမျိုးသမီးတွေရဲ့ ဘဝက ဖိနှိပ်မှု နှစ်ပြားဖိုးလောက် လျော့သွားတော့မလိုလို။ ပကတိ ရုပ်အခြေအနေ ပြောင်းလဲရေး မလုပ်ဘဲ အခေါ်အဝေါ် ပြောင်းရုံနဲ့ ဘဝတွေ ပိုကောင်းလာတော့မယောင် အဲသလို 'individualistic' ဖြေရှင်းနည်းမျိုး လစ်ဘရယ်တွေ ပေးလေ့ ရှိတယ်။ ကြောင်သူတော် ကိုယ်ကျင့်စံနှုန်းတွေ ကိုင်စွဲပြီး ပြည့်တန်ဆာတွေကို ခွဲခြားနှိမ်ချသူတွေ၊ အကြမ်းဖက်သူတွေ ကို ဆန့်ကျင်တိုက်ပွဲဝင်ရမှာ ဖြစ်သလို 'individualistic' အဖြေ တွေ ဖော်စပ်နေတဲ့ ပျောက်စေဆရာ လစ်ဘရယ်တွေကိုလဲ ဆန့်ကျင်ရလိမ့်မယ်။

သူတို့ ဒီလို တသီးပုဂ္ဂလဆန်တဲ့ ဖြေရှင်းနည်းတွေ ပေး နေတာ ပြည့်တန်ဆာ ကိစ္စကိုပဲ မဟုတ်ဘူး၊ တခြားသော ဖိနှိပ် မှုတွေ၊ မတရားမှုတွေ၊ မညီမျှမှုတွေ အားလုံးကိုလဲ ဒီလို ဖြေ ရှင်းနည်းပဲ ပေးနေကြတာ။ လူတန်းစား တိုက်ပွဲနဲ့ စနစ် ပြောင်းလဲရေး ဆိုတာမျိုး မပါဘူး။ အရင်းရှင်စနစ် ဘောင်ထဲ မှာတင် လူတဦးချင်းအလိုက် ပြုပြင်ပြောင်းလဲနိုင်ရင် sexism နဲ့ ဖိနှိပ်မှုတွေကို ချေဖျက်ပစ်နိုင်မယ့် သဘောမျိုး ပြောကြ တယ်။

## ဖိနှိပ်မှုကို ဘယ်လို တိုက်မှာလဲ

အရင်းရှင်စနစ်ကို ငါတို့လဲ ဆန့်ကျင်ပါတယ်လို့ ပြော နေတဲ့ ဖမ်းမနစ်(စ်)တွေလဲ ရှိတယ်။ ဒါပေမယ့် မိန်းမတွေ ဖိနှိပ် ခံရတာ အရင်းရှင်စနစ် မတိုင်ခင် ရှေးပဝေသဏီကတည်းက ပဲ၊ ဒါကြောင့် မာ့(က်စ်)ဝါဒီတွေ ပြောသလို အရင်းရှင်စနစ် ဖျက်သိမ်းလိုက်ရုံနဲ့ ငါတို့ မိန်းမတွေ ဖိနှိပ်ခံရတာ ပျောက်ကွယ် မသွားဘူးလို့ ငြင်းလေ့ရှိတယ်။

မာ့(က်စ်)ဝါဒအမြင်ကို ပုံဖျက်ပစ်ထားတဲ့ ဒီငြင်းချက် မျိုးကို ချေဖျက်ပစ်ဖို့ လိုလာတယ်။ မိန်းမတွေ ဖိနှိပ်ခံရတာ အရင်းရှင်စနစ်ကျမှ စတင်တယ်လို့ ဘယ်မာ့(က်စ်)ဝါဒီကမှ မ ပြောခဲ့ဖူးဘူး။ သမိုင်း အခြေခံ ကကြီးခခွေးလောက် သိ ရင်တောင် သဘောပေါက်တဲ့ ဒီလို အချက်ကို သမိုင်းရေး ရုပ်ဝါဒအမြင် ကိုင်စွဲတဲ့ မာ့(က်စ်)ဝါဒီတွေက မသိဘူး ထင်တာ တော့ အတော် အူကြောင်ကြောင်နိုင်ပါတယ်။ မိန်းမတွေ ဖိနှိပ် ခံရခြင်းအကြောင်း ပြောတဲ့အခါ မာ့(က်စ်)ဝါဒစာပေမှာ အထင်ကရဖြစ်တဲ့ *The Origin of the Family, Private Property and the State* စာအုပ်ကို မိတ်ဆက်လောက် မြည်းဖူး ရင်တောင် ဒီလို ပေါချာချာ 'straw man fallacy' မျိုးမကျူးလွန် လောက်ဘူး။

ဒီတော့ မာ့(က်စ်)ဝါဒီတွေ အမှန်တကယ် ပြောတာက ဘာလဲ။ လူ့သမိုင်းမှာ လူတန်းစား လူ့အဖွဲ့အစည်း ထွက် ပေါ်လာချိန် (တနည်းဆိုရရင် ပုဂ္ဂလိက ပိုင်ဆိုင်မှု ပေါ်ထွန်းလာ ချိန်) ကစပြီး မိန်းမတွေ ဖိနှိပ်ခံခဲ့ရတယ်လို့ မာ့(က်စ်)ဝါဒီတွေ က ပြောတယ်။ လူ့သမိုင်းမှာ ပုဂ္ဂလိက ပိုင်ဆိုင်မှုဆိုတာ မပေါ် ခင်၊ လူတန်းစား လူ့အဖွဲ့အစည်းဆိုတာ မရောက်ခင်အထိ မိန်းမတွေ ဖိနှိပ်ခံရခြင်း မရှိခဲ့ဘူးလို့ ဆိုလိုတယ်။ ဒီတော့ ဖမ်း မနစ်(စ်)တချို့ ပုံဖျက်သလို အရင်းရှင်စနစ် တိုက်ဖျက်ရေး ပြော တာနဲ့ပဲ အရင်းရှင်စနစ်ရောက်မှ မိန်းမတွေ ဖိနှိပ်ခံရတယ်လို့ မဆိုလိုကြောင်း ရှင်းမယ် ထင်ပါတယ်။

အလျဉ်းသင့်လို့ ဖြည့်စွက်ပြောရရင် မာ့(က်စ်)ဝါဒက မိန်းမတွေ ဖိနှိပ်ခံရခြင်းအပါအဝင် အခြားသော ဖိနှိပ်မှုမျိုးစုံ၊ သွေးစုပ်ခြယ်လှယ်မှုမျိုးစုံကို အမြဲတည်ရှိခဲ့တဲ့ အရာတွေ၊ အ မြဲတည်ရှိနေမယ့် အရာတွေလို့ လက်မခံဘူး။ လူတန်းစား၊ ပုဂ္ဂလိက ပိုင်ဆိုင်မှု၊ ငွေကြေး၊ နိုင်ငံတော် အစရှိတဲ့ အရာတွေ လိုပဲ ဖိနှိပ်မှုတွေ၊ သွေးစုပ်မှုတွေကိုလဲ historical အဖြစ်သာ ရှု

မြင်သုံးသပ်တယ်။ historical အမြင်ဖြစ် ရှုမြင်သုံးသပ်တယ်လို့ ဆိုရာမှာ အကြောင်းချင်းရာ တခုက (၁) ထာဝရ ဖြစ်တည်နေတာမျိုး မဟုတ်ဘူး၊ (၂) မူလအစ ဆိုတာ ရှိတယ်၊ (၃) ဖြစ်ပေါ်ပြောင်းလဲခြင်း သမိုင်း ရှိတယ်၊ (၄) မူလအစ ရှိသလို ပျက်စီးခြင်းလဲ ရှိတယ်။

မိန်းမတွေ ဖိနှိပ်ခံရခြင်း ကိစ္စကို စဉ်းစားကြည့်ရအောင်။ တချို့ပြောနေကြသလို လူအထီး လူအမရယ်လို့ စဖြစ်ကတည်းက ယောက်ျားတွေက မိန်းမတွေကို ဖိနှိပ်ခဲ့တာပဲ ဆိုတဲ့ အမြင်ဟာ historical အမြင် မဟုတ်ဘူး။ အကြောင်းချင်းရာတခုကို ကိုယ့်မျက်စိရှေ့ ဒါမှမဟုတ် ကိုယ်ကြားဖူးတဲ့ သမိုင်းခေတ်လောက်က အရာတွေ လက်ညှိုးထိုးပြီး ထာဝရ ဖြစ်တည်နေတဲ့ အရာလို့ လွယ်လွယ်ကောက်ချက်ဆွဲလိုက်တဲ့ တရားသေ အမြင်တမျိုးပဲ။ ကိုယ်ရှင်သန်နေရတဲ့ အရင်းရှင်စနစ်မှာ ငွေကြေးက အရာရာဖြစ်နေလို့ လူ့အဖွဲ့အစည်းတိုင်း ခေတ်တိုင်းမှာ ငွေကြေးက အရာရာ ဖြစ်နေမှာပဲလို့ ကောက်ချက်ချတဲ့ ပုံစံမျိုးပဲ။ ဒါဟာ ကျနော်တို့ ပြောတဲ့ historical အမြင်နဲ့ ဆန့်ကျင်ဖက် ahistorical ရှုမြင်ပုံမျိုးပဲ။

"ahistorical" ရှုမြင်ပုံကို လက်ခံမိပြီဆိုရင် အကြောင်းချင်းရာ တခုရဲ့ မူလအစကို သိစရာ မလိုတော့ဘူး။ အဲဒီရှုမြင်ပုံအရ မူလအစ ဆိုတာ ရှိတယ်လို့တောင် ပြောမရတော့ဘူး။ အဲဒီတော့ မိန်းမတွေ ဖိနှိပ်ခံရခြင်းကို ဖြစ်ပေါ်စေခဲ့တဲ့ သမိုင်းဆိုင်ရာ လူ့အဖွဲ့အစည်း ပြောင်းလဲမှုတွေ၊ တနည်းဆိုရင် မိန်းမတွေ ဖိနှိပ်ခံရခြင်းရဲ့ material foundation ကို နားလည်စရာ မလိုတော့ဘူး။ အဲသလို နားမလည်တော့ အထီးတွေရဲ့ ဗလအားကိုးနဲ့ ရန်လိုတဲ့ ဗီဇစိတ်ကြောင့် မိန်းမတွေကို နိုင့်ထက်စီးနင်း ဖိနှိပ်မှု ဖြစ်ပေါ်လာတာပဲ ဆိုတဲ့ ရှင်းပြချက်မျိုးသာ ထွက်လာမယ်။

'ဟေ့ မစော်ကားနဲ့၊ ငါတို့က အဲထက် ပိုနားလည်တယ်။ ဖိဝါဒအားပေး လူမှုစံတွေ၊ တန်ဖိုးတွေကြောင့် ပက်ထရီအာခီကြီး ခိုင်မြဲနေတာ၊ sexist attitude ကြောင့် **sexist** behavior တွေ ဖြစ်ပေါ်လာတာ' လို့ စောဒက တက်နိုင်ပါတယ်။

ဖိဝါဒအားပေးတဲ့ ဓလေ့ထုံးတမ်း အစဉ်အလာတွေ၊ ဘာသာရေးတွေ၊ အယူသီးမှုတွေ၊ လူ့အဖွဲ့အစည်းရဲ့ စံနှုန်းတွေ၊ တန်ဖိုးတွေ၊ ခေတ်နောက်ပြန်ဆွဲတဲ့ အတွေးအခေါ် အယူအဆတွေ မျိုးစုံ ရှိပါတယ်။ ဒါတွေကို ကျနော်တို့ ကွန်မြူနစ်တွေက ပြတ်ပြတ်သားသား ဆန့်ကျင်တယ်။ ဒါတွေ ရှိနေခြင်းကို ဘယ်သူမှ ငြင်းမှာ မဟုတ်ဘူး။ ဆန့်ကျင်တိုက်ထုတ်ရမယ်ဆိုတာလဲ အမှန်ပဲ။ ဒါပေမယ့် အဲဒါတွေ လက်ညှိုးထိုးပြပြီး မိန်းမတွေ ဖိနှိပ်ခံရခြင်းကို ရှင်းပြရင်တော့ 'ဂျာအေး သူ့အမေရိုက်' ဖြစ်နေမှာပဲ။

ဒီသဘောကို မြင်သာအောင် အခုလို မေးခွန်းထုတ်ကြည့်လိုက်ပါ။ ဒီကနေ့ မြင်နေရတဲ့ ဖိဝါဒအားပေး ဓလေ့ထုံးတမ်း အစဉ်အလာတွေ၊ ဘာသာရေးတွေ၊ အယူသီးမှုတွေ ၊ လူ့အဖွဲ့အစည်းရဲ့ စံနှုန်းတွေ၊ တန်ဖိုးတွေဟာ လူ့သမိုင်း စကတည်းက မပြောင်းမလဲ ရှိခဲ့တာလား။ သမိုင်းအသိ စိုးစိမျှ ရှိရင်တောင် လူ့သမိုင်း စကတည်းက ဒီအတိုင်း ရှိခဲ့တာပါလို့ မပြောရဲလောက်ဘူး။ မပြောရဲဘူးဆိုရင် ဘယ်ခေတ်မှာ ဘယ်လို စပေါ်ခဲ့တာလဲ၊ ဘာ့ကြောင့် ပေါ်လာတာလဲ ဆိုတဲ့ မေးခွန်းတွေ ဆက်ပေါ်လာတယ်။ တဆက်တည်း သမိုင်းတလျှောက်မှာ သူတို့ ဘယ်လို ပြောင်းလဲသွားခဲ့သလဲ၊ ဘာ့ကြောင့် ပြောင်းလဲသွားခဲ့သလဲ ဆိုတဲ့ မေးခွန်းလဲ ပေါ်လာတယ်။

အဲသလို မေးခွန်းထုတ်ကြည့်လိုက်ရင် "sexist x ကြောင့် sexist y ပေါ်လာရတာ" ဆိုတဲ့ ရှင်းပြချက်မျိုးက "မုန့်လုံး စက္ကူကပ်နေမှန်း" ဒါမှမဟုတ် အပေါ်ယံဆန်မှန်း တွေ့လာရလိမ့်မယ်။ အဲဒီလို အပေါ်ယံ နားလည်မှုမျိုးကနေ တသီးပုဂ္ဂလဆန်တဲ့ 'ဖိဝါဒ တိုက်ဖျက်ရေး ဖြေရှင်းနည်းတွေ' ထွက်ပေါ်လာတာပဲ။

## မာ့(က်စ်)ဝါဒအမြင်ကို ပြန်ကောက်ရအောင်

မိန်းမတွေ ဖိနှိပ်ခံရခြင်းရဲ့ *origin* ဟာ လူတန်းစား လူ့အဖွဲ့အစည်းမှာ ရှိတယ်၊ အခုဆို လူတန်းစား လူ့အဖွဲ့အစည်းဟာ နှစ်ထောင်ပေါင်းများစွာ သက်တမ်း ရှိနေပြီ၊ ဒီကာလတလျှောက် ဖိနှိပ်မှု ပုံစံမျိုးစုံ ထွက်ပေါ်လာခဲ့တယ်၊ အဲဒီ ဖိနှိပ်မှုတွေ၊ မညီမျှမှုတွေဟာ လူတန်းစား လူ့အဖွဲ့အစည်းရဲ့ structure အတွင်း အခိုင်အမာ အမြစ်တွယ်နေပြီလို့ မာ့(က်စ်)ဝါဒီတွေ ရှင်းပြတယ်။

ဒီတော့ ဖမ်းမနစ်(စ်)တွေကို ပြန်မေးရမှာက ဒီကနေ့ လူ့အဖွဲ့အစည်းဟာ မာ့(က်စ်)ဝါဒီ ပြောတဲ့ လူတန်းစား လူ့အဖွဲ့အစည်းလား၊ ဒါမှမဟုတ် လူတန်းစားမဲ့ လူ့အဖွဲ့အစည်းလား။ လူတန်းစား လူ့အဖွဲ့အစည်း ဖြစ်တယ် ဆိုတဲ့ အချက်ကို လက်ခံရင် ဆက်မေးရမှာက ဒီကနေ့ လူတန်းစား လူ့အဖွဲ့အစည်းက ဘယ်လို social form လဲ။ အရင်းရှင်စနစ် ဆိုတဲ့ အဖြေပဲ ပေးစရာ ရှိပါလိမ့်မယ်။ တခြား အဖြေကို ပေးတဲ့ ဖမ်းမနစ်(စ်)များရှိရင် သိချင်ပါတယ်။ လောလောဆယ်တော့ ဒီကနေ့ လူတန်းစား လူ့အဖွဲ့အစည်းကို အရင်းရှင်စနစ် လူတန်းစား လူ့အဖွဲ့အစည်းလို့ ဖမ်းမနစ်(စ်)တွေလဲ နားလည် လက်ခံကြောင်း ယူဆပြီး ဆက်ဆွေးနွေးကြည့်မယ်။

ဒါဆိုရင် အမျိုးသမီးထု ဖိနှိပ်မှုအပေါင်းက လွတ်မြောက်ရေးဆိုတာ လူတန်းစား လူ့အဖွဲ့အစည်း ဖျက်သိမ်းရေးပဲ မဟုတ်ဘူးလား။ ဒီကနေ့ သမိုင်းခေတ်ရဲ့ လူတန်းစား လူ့အဖွဲ့အစည်း ဖျက်သိမ်းရေးဆိုတာ အရင်းရှင်စနစ် ဖျက်သိမ်းရေးပဲလို့ ပြောရင် ဘာငြင်းစရာ ရှိပါသလဲ။

မာ့(က်စ်)ဝါဒီတွေက ဒီနေရာမှာလဲ အရင်းရှင်စနစ် ဖျက်သိမ်းရေးကို ဝါးတားတား မပြောပါဘူး။ အရင်းရှင်စနစ် လူတန်းစား လူ့အဖွဲ့အစည်းကို ဖျက်သိမ်းပြီး ဖိနှိပ်မှုအပေါင်း၊ သွေးစုပ်ခြယ်လှယ်မှုအပေါင်း ကင်းစင်တဲ့ လူတန်းစားမဲ့ လူ့အဖွဲ့အစည်းကို ရောက်ချင်ရင် ဆိုရှယ်လစ် တော်လှန်ရေးကို အောင်အောင်မြင်မြင် ဆင်နွှဲနိုင်ဖို့ လိုအပ်ကြောင်း တိတိကျကျ ပြောပါတယ်။ ဆိုရှယ်လစ် ခေတ်ပြောင်း တော်လှန်ရေးကို ဦးဆောင် ဆင်နွှဲနိုင်တာ ခေတ်သစ် အလုပ်သမား လူတန်းစားပဲ ရှိတယ်လို့ မာ့(က်စ်)ဝါဒီတွေက ပြောပါတယ်။ ခေတ်သစ် အလုပ်သမား လူတန်းစား ဆိုရာမှာ အမျိုးသမီး အလုပ်သမားတွေလဲ ပါဝင်ကြောင်း အသိအမှတ်ပြုရုံမက အထူးအလေးထား ပြောပါတယ်။

၁၉၁၇ ရုရှားမှာ ကမ္ဘာ့ ပထမဆုံး ဆိုရှယ်လစ် တော်လှန်ရေး ဖြစ်ခဲ့တယ်။ ဒီတော်လှန်ရေး မတိုင်ခင် ၁၉၁၇ ရုရှားမှာ ဖေဖော်ဝါရီ တော်လှန်ရေးကို အရင် ဖြတ်သန်းခဲ့ရတယ်။ အဲဒီ ဖေဖော်ဝါရီ တော်လှန်ရေးက ၁၉၁၇ IWWD နေ့မှာ ရုရှား အထည်ချုပ် အလုပ်သမား အမျိုးသမီးတွေရဲ့ သပိတ်တိုက်ပွဲကနေ အစပြုခဲ့ခြင်း ဖြစ်တယ်။ (ခေတ်သစ်ပြက္ခဒိန် အရ ၁၉၁၇ မတ်လ ၈ ရက် IWWD နေ့ ဆိုပေမယ့် ခေတ်ဟောင်း ရုရှား ပြက္ခဒိန်အရ ၁၉၁၇ ဖေဖော်ဝါရီ ၂၃ ရက် ဖြစ်နေလို့ ဖေဖော်ဝါရီ တော်လှန်ရေးလို့ သမိုင်းတွင်သွားခြင်း ဖြစ်ပါတယ်။ နှောင်းလူတွေ မျက်စိလည်မှာစိုးလို့ ဒီအချက်ကို ဖြည့်စွက်ရေးရခြင်း ဖြစ်ပါတယ်။)

၂၀၂၁ ဗမာပြည် တော်လှန်ရေးဟာလဲ ရန်ကုန် စက်မှုဇုန် အထည်ချုပ် အလုပ်သမား အမျိုးသမီးထုရဲ့ ချီတက်ဆန္ဒပြပွဲကနေ အစပြုခဲ့ခြင်း ဖြစ်တယ်။ တခြား တော်လှန်ရေးတွေမှာလဲ အလားတူ ဖြစ်စဉ်တွေ အမြောက်အများ တွေ့ရပါလိမ့်မယ်။ ဒါကနမူနာ ထုတ်ပြတဲ့ သဘောပါ။

အထက်မှာ ဆိုခဲ့သလိုပဲ၊ ဖမ်းမနစ်(စ်)တွေထဲမှာ ငါတို့လဲ အရင်းရှင်စနစ်ကို ဆန့်ကျင်ပါတယ် ဆိုပြီး anti-capitalism လုပ်သူတွေ ရှိပါတယ်။ ဒါပေမယ့် ဒီအဆိုဟာ ဝေဝါးပါတယ်၊ အရင်းရှင်စနစ်ကို ဘယ်အတိုင်းအတာအထိ ဆန့်ကျင်တာလဲ မပါဘူး၊ တစုံလုံး ဆန့်ကျင်တာပဲလို့ ပြောချင် ပြောနိုင်ပါတယ်။

ပြောခဲ့ရင်လို့ ယူဆပြီး ဆက်ဆွေးနွေးရရင် အရင်းရှင်စနစ်ကို ဘယ်လို ဖြိုချမှာလဲ ဆက်မေးစရာ ရှိတယ်။ မေးရတဲ့ အကြောင်းက ကျနော်တို့ ကွန်မြူနစ်တွေ ရှင်းပြသလို

(လူတန်းစား တိုက်ပွဲနည်း) ဆိုရှယ်လစ် တော်လှန်ရေးနဲ့ အရင်းရှင်စနစ်ကို ဖြိုချမှ ရမယ်လို့ ဘယ်ဖမ်းမနစ်(စ်)ကမှ တိတိကျကျ ပြောထားတာမျိုး မရှိလို့ဘဲ။ အရင်းရှင်စနစ်ကို ဖြိုချပြီးရင် ဘယ်လို လူမှုစနစ်တခုနဲ့ အစားထိုးနိုင်တယ် ဆိုတာမျိုး ဘယ်ဖမ်းမနစ်(စ်)မှ ရှင်းပြထားတာ မတွေ့ရပါဘူး။ တွေ့ရသလောက်ကတော့ အရင်းရှင်စနစ်ရဲ့ အကြီးစား ကုန်ထုတ်လုပ်မှုပုံစံကို သူတို့ ဆန့်ကျင်တယ်၊ အဲဒီအစား အသေးစား တနိုင်တပိုင် လုပ်ငန်းလေးတွေကို အားပေးကြတယ်။

ဒါဟာ utopian အယူအဆပဲဆိုတာ သူတို့ နားလည်ပုံမရဘူး။ အကြီးစား ထုတ်လုပ်မှုတွေနဲ့ အရင်းရှင်စနစ်ဆိုတာ အဲသလို အသေးစား ရောင်းကုန်ထုတ် စနစ်ကနေ ပေါက်ဖွားလာတာပဲ။ ဒီသမိုင်း ဖွံ့ဖြိုးမှု ဖြစ်စဉ်ကို နားမလည်လို့ သမိုင်းဘီးကို နောက်ပြန်လှည့်ပြီး အရင်းရှင်စနစ်ကို အစားထိုးနိုင်မယ် ထင်နေကြတာ။ ရယ်ဒီကယ် ပုံပေါက်အောင် ငါတို့လဲ အရင်းရှင်စနစ်ကို ဖြိုချချင်တယ်လို့ အော်နေပေမယ့် ဘယ်လူမှု အင်အားစုက အရင်းရှင်စနစ် ဖြိုဖျက်ရေးကို ဦးဆောင်လုပ်နိုင်စွမ်း ရှိသလဲ ဆိုတာ သူတို့ ရှင်းမပြနိုင်ပါဘူး။ ဒါ့ကြောင့် ငါတို့လဲ အရင်းရှင်စနစ်ကို ဆန့်ကျင်ပါတယ် ဆိုတဲ့ ဖမ်းမနစ်(စ်)တချို့ရဲ့ ပြောစကားဟာ ဝါးတားတား နိုင်လွန်းတယ်လို့ ပြောခဲ့တာ။

## အမျိုးသမီးထု တိုက်ပွဲနဲ့ တော်လှန်ရေး

အမျိုးသမီးထု လွတ်မြောက်ရေးအတွက် အကြီးမားဆုံး တိုးတက်မှုတွေဟာ တသီးပုဂ္ဂလဆန်သော တိုက်ပွဲတွေ၊ လူတဦးချင်းအလိုက် ဉာဏ်အလင်းပွင့်မှုတွေကနေ ရရှိလာခဲ့တာ မဟုတ်ဘူး။ လူ့အဖွဲ့အစည်းကို အခြေအမြစ်ကနေ ပြောင်းလဲရေး စုပေါင်း တော်လှန်သော တိုက်ပွဲကနေ ရရှိခဲ့ခြင်း ဖြစ်တယ်။

ဒီအတွက် အကောင်းဆုံး နမူနာကတော့ လီနင်တို့ ဘော်ရှီဗစ်တွေ ခေါင်းဆောင်ခဲ့တဲ့ ၁၉၁၇ အောက်တိုဘာ တော်လှန်ရေးကြီးပဲ။ ဒီတော်လှန်ရေးကြီးက အရင်းရှင်စနစ်ကို ဖယ်ရှားပြီး ဖိနှိပ်မှုတွေ၊ မညီမျှမှုတွေ ကင်းစင်တဲ့ လူ့အဖွဲ့အစည်း အသစ်တရပ် ထူထောင်လို့ ရနိုင်ကြောင်း လက်တွေ့ ပြသခဲ့တယ်။ စစ်မှန်သော အမျိုးသမီးထု လွတ်မြောက်ရေး ရရှိမယ့် လမ်းကြောင်းကို ဖောက်နိုင်ခဲ့တယ်။ ၁၉၁၇ မတိုင်ခင်က ရုရှားဟာ ဖိနှိပ်မှုတွေ အလွန်ပြင်းထန်တဲ့ ပက်ထရီအာခီ ယဉ်ကျေးမှုတွေနဲ့ လူ့အဖွဲ့အစည်းတခု ဖြစ်ပါတယ်။ အောက်တိုဘာ တော်လှန်ရေးကြီးက အဲဒီယဉ်ကျေးမှု ဓလေ့ထုံးတမ်းတွေရဲ့ အခြေခံအုတ်မြစ်တွေကို ဆွဲခါလှုပ်ရမ်းပစ်နိုင်ခဲ့တဲ့ ငလျင်ကြီးတခု ဖြစ်ခဲ့တယ်။ အမျိုးသမီးတွေကို ယောက်ျားတွေအောက် တဆင့်နိမ့် လူသားအဖြစ် ချုံးနှိမ်ထားတဲ့ ဥပဒေအားလုံးကို တချီတည်း ပယ်ဖျက်ပစ်ခဲ့တယ်။ လိင်တူချစ်ခင်ခြင်းကို ရာဇဝတ်ပြစ်မှုအဖြစ်က ပယ်ဖျက်ပစ်ခဲ့တယ်။ တကယ်တော့ ဒါတွေက အကင်းပဲ ရှိသေးတယ်။

အမျိုးသမီးထုကို လူတန်းစား လူ့အဖွဲ့အစည်းရဲ့ ကျေးကျွန်ဘဝကနေ လွတ်မြောက်အောင် လုပ်တဲ့နေရာမှာ အောက်တိုဘာ တော်လှန်ရေးကြီးက အခြား အရေးတော်ပုံအားလုံးထက် ရှေ့ကို အများကြီး ရောက်ခဲ့တယ်။ အမျိုးသမီးထု အမှန်တကယ် လွတ်မြောက်ရေးအတွက် ဘော်ရှီဗစ်တွေက ကြီးမားတဲ့ ခြေလှမ်းတွေ စတင်လိုက်တဲ့အခါ ကမ္ဘာတလွှားက အာဏာရှိသူတွေ တုန်လှုပ်ခြောက်ခြားခဲ့ရပေမယ့် အလုပ်သမား အမျိုးသမီးထု (နဲ့ အလုပ်သမား အမျိုးသားတွေပါ) ရွှင်လန်းအားတက်ခဲ့ရတယ်။ အောက်တိုဘာ တော်လှန်ရေးကြီးဖြစ်ပြီး နောက်နှစ်တွေမှာ ကမ္ဘာ့ နေရာအတော်များများက အမျိုးသမီးတွေ မဲပေးခွင့် အပါအဝင် (အခြား အခွင့်အရေးတချို့) ရခဲ့တာ တိုက်ဆိုင်မှုတော့ မဟုတ်ဘူး။

ဘော်ရှီဗစ်တွေဟာ လိင်အမျိုးမျိုးကြား မညီမျှမှုတွေ ဖြစ်ပေါ်စေတဲ့ ဥပဒေအားလုံးကို ဖျက်သိမ်းပစ်ခဲ့တယ်။ အမျိုးသမီးတွေကို ကိုယ်ဝန်ဖျက်ချပိုင်ခွင့်နဲ့ လွတ်လပ်စွာ ကွာရှင်းပြတ်စဲပိုင်ခွင့်တွေ ရရှိစေခဲ့တယ်။ ဒါ့အပြင် တရားဝင်

ထိမ်းမြားလက်ထပ်ခြင်း မရှိဘဲ မွေးဖွားလာတဲ့ ကလေးတွေနဲ့ တရားဝင် ထိမ်းမြားလက်ထပ်ထားတဲ့ အိမ်ထောင်က မွေးဖွားလာတဲ့ ကလေးတွေကြား ခွဲခြားမှုတွေ လုပ်ထားတဲ့ ဥပဒေတွေကို ပယ်ဖျက်ပစ်ခဲ့တယ်။ နှိုင်းယှဉ်ပြီရရင် ဒိန်းမတ်မှာတောင် အမျိုးသမီးတွေ လွတ်လပ်စွာ ကွာရှင်းပြတ်စဲပိုင်ခွင့်ကို ၁၉၂၅ ၊ ကိုယ်ဝန်ဖျက်ချပိုင်ခွင့်ကို ၁၉၇၃ မှာမှ ရရှိခဲ့တယ်။ ဒိန်းမတ်က ကလေးတွေကို ကမ္ဘာ့ ပထမဆုံး အမျိုးသမီး ဝန်ကြီးဟာ



Image : Alexandra Kollontai

ဆိုရှယ်ဒီမိုကရက် Nina Bang လို့ သင်ကြားလေ့ရှိတယ်။ သို့သော် အောက်တိုဘာ တော်လှန်ရေးအပြီး ထူထောင်လိုက်တဲ့ ဆိုဗီယက် ပြည်ထောင်စုမှာ Alexandra Kollontai ကို People's Commissar (ဆိုလိုတာက ဝန်ကြီး) အဖြစ် ခန့်အပ်ပြီး ၇ နှစ်ကြာမှာ နီနာဘန်း ဝန်ကြီး ဖြစ်ခဲ့တာပါ။

ဘော်ရှီဗစ် အမျိုးသမီးကြီး Kollontai ရဲ့ ပထမဆုံး အမိန့် ဒီကရီက maternity ကို ကိုင်တွယ်ဖြေရှင်းခြင်း ဖြစ်တယ် ။ အထူးသဖြင့် လုပ်ခလစာ အပြည့်နဲ့ မီးဖွားခွင့်ကို ၁၆ ပတ် အထိ စပေးခဲ့တယ်၊ နို့တိုက်မိခင် အမျိုးသမီးတွေရဲ့ တပတ် အလုပ်ချိန်ကို ၄ ရက်ထိ လျှော့ချပေးလိုက်တယ်။ အဲဒီခေတ် ကမ္ဘာ့ နိုင်ငံ အများစုမှာ မီးဖွားခွင့်ဆိုတာ လုံးဝ မရှိသလောက်ပဲ ဆိုတဲ့ အချက်ကို မမေ့ဖို့ လိုပါတယ်။ ဒိန်းမတ်မှာလုပ်ခလစာနဲ့ အလုပ်လုပ်နေသော အမျိုးသမီးအားလုံး (all female wage workers) မီးဖွားခွင့် ရရှိရေး ဥပဒေကို ၁၉၆၀ ခုနှစ်မှ ပြဋ္ဌာန်းနိုင်ခဲ့တယ်။ ဒါတောင် ၁၄ ပတ်ပဲ ခံစားခွင့် ရတယ်။ ဒါ့အပြင် လုပ်ခလစာ အပြည့် မရဘူး၊ အလုပ်လက်မဲ့ ဖြစ်သူတွေကို ပေးတဲ့ ခံစားခွင့်ပဲ ရတယ်။

ဒီနေရာမှာ "လုပ်ခလစာနဲ့ အလုပ်လုပ်နေသော" အမျိုးသမီးအားလုံး လို့ အထူးပြု ပြောရတာ အကြောင်းရှိပါတယ်။ ဗမာပြည်မှာ အစိုးရ ဝန်ထမ်းအမျိုးသမီးတွေက (ဥပမာ ၊ ကျောင်းဆရာမ၊ သူနာပြု ဆရာမ၊ ဆရာဝန်မ၊ စသဖြင့်) မီးဖွားခွင့်ကို လစာအပြည့်နဲ့ ၆လ ခံစားခွင့်ရပါတယ်။ ဒါပေမယ့် ဗမာတပြည်လုံးက သန်းပေါင်းများစွာသော wage worker အမျိုးသမီးတွေဟာ အဲသလို ခံစားခွင့် မရပါဘူး။ ပုဂ္ဂလိက ဆေးရုံတွေ၊ ပုဂ္ဂလိက ကျောင်းတွေမှာ အလုပ်လုပ်နေတဲ့ အမျိုးသမီးတွေလဲ အဲဒီလို မီးဖွားခွင့် မရရှိသလို စက်ရုံ၊ အလုပ်ရုံ၊ ကုမ္ပဏီ အသီးသီးမှာ အလုပ်လုပ်နေကြတဲ့ အမျိုးသမီးတွေလဲ အဲဒီလို မီးဖွားခွင့်ကို မခံစားရပါဘူး။ နို့တိုက်မိခင်တွေကို တပတ်တာ အလုပ်ချိန် ၄ ရက်အထိ လျှော့ချပေးတာမျိုးဆို ဝေလာဝေးပေါ့။

အမျိုးသမီးထု အခွင့်အရေးကို ငါတို့လဲ လေးစားပါတယ်လို့ စီအီးအို အမျိုးသမီးတွေ၊ ဘော့(စ်) အမျိုးသမီးတွေက ပြောလာရင် အလုပ်သမား အမျိုးသမီးတွေ လုပ်ခလစာ အပြည့်နဲ့ မီးဖွားခွင့် ၆ လ ရပိုင်ခွင့်ကို သူတို့ လက်ခံနိုင်သလား တချက် မေးကြည့်ပါ။ တပတ်ကို တရက်လောက်တောင် ပိတ်ရက်မပေးချင်တဲ့ စက်ရုံမန်နေဂျာ အမျိုးသမီးတွေကို နို့တိုက်မိခင် အမျိုးသမီးတွေအတွက် တပတ်အလုပ်ချိန် ၄ ရက်ပဲ သတ်မှတ်ပေးဖို့ ပြောကြည့်ပါ။ ဒါဆိုရင် ကွန်မြူနစ်တွေက အမျိုးသမီးထု လွတ်မြောက်ရေး တိုက်ပွဲကို အမျိုးသမီးဆိုတဲ့ လိင်၊ ဂျန်ဒါ identity အခြေပြု နိုင်ငံရေး လမ်းကြောင်းအတိုင်း သွားလို့မရဘူး၊ လူတန်းစား တိုက်ပွဲ လမ်းကြောင်းအတိုင်းပဲ လုပ်ရမယ်လို့ ဘာ့ကြောင့် ပြောနေသလဲ သဘောပေါက်လာလိမ့်မယ်။

ဒီကနေ့ ကမ္ဘာ့ အချမ်းသာဆုံး ဆိုတဲ့ ယူအက်(စ်)မှာ အမျိုးသမီး အလုပ်သမားတွေဟာ မီးဖွားခွင့်ကို ၁၂ ပတ်ပဲ ရပါတယ်၊ ဒါတောင် လစာ တပြားမှ မရတဲ့ *unpaid* leave ပါ။

အဲဒီတော့ လွန်ခဲ့တဲ့ နှစ်တရာကျော်က အောက်တိုဘာ တော်လှန်ရေးရဲ့ ခြေလှမ်းတွေဟာ အမျိုးသမီးထု လွတ်မြောက်ရေးအတွက် ဘယ်လောက်ထိ ရှေ့ရောက်ခဲ့သလဲ တွေ့ရလိမ့်မယ်။

သို့သော် ဥပဒေအရ တန်းတူညီမျှမှုဆိုတာ ဘော်ရှီဗစ်တွေရဲ့ ပထမ ခြေလှမ်းပဲ ဖြစ်ပါတယ်။ ဒါဟာ တန်းတူ မညီမျှမှုတွေကို ဖယ်ရှားပစ်ဖို့ ဥပဒေကြောင်းအရ ရှေ့ပြေးလုပ်ရပ် အဆင့်ပဲ ရှိသေးတယ်။ တန်းတူညီမျှမှု အစစ်အမှန် ရရှိဖို့ဆို စာရွက်ပေါ်မှာ ဥပဒေအသစ်တွေ ပြဋ္ဌာန်းလိုက်ရုံနဲ့ မလုံလောက်ပါဘူး။ လူ့အဖွဲ့အစည်းရဲ့ social and economic အခြေအနေတွေကို အမြစ်ကနေ ပြောင်းလဲပစ်ဖို့ လိုအပ်တယ်။

အမျိုးသမီးထု လွတ်မြောက်ရေးအတွက် ဘော်ရှီဗစ်တွေရဲ့ အမှန်တကယ် ကြိုးပမ်းအားထုတ်မှုက အဲဒါပဲ၊ မညီမျှမှု ဖိနှိပ်မှုတွေရဲ့ ဇစ်မြစ်ဖြစ်သော ရုပ်အခြေအနေတွေကို ပြောင်းလဲပစ်ရေး တနည်းဆိုရသော် လူတန်းစား ကွဲပြားမှုကို ဖယ်ရှားပစ်ရေး သူတို့ လုပ်ခဲ့တယ်။ ဒီလို ပြောင်းလဲပစ်ချင်ရင် ကုန်လုပ် ပစ္စည်းတွေ ပုဂ္ဂလိက ပိုင်ဆိုင်ခြင်းကို အဆုံးသတ်ပစ်ဖို့ လိုအပ်တယ်။ သဘောက အရင်းရှင်ကြီးတွေ၊ မြေရှင်ကြီးတွေ စက်ရုံ အလုပ်ရုံတွေ၊ မြေယာတွေ ပုဂ္ဂလိက ပစ္စည်းအဖြစ် ပိုင်ဆိုင်ထားခြင်းကို အဆုံးသတ်ပစ်ရမယ်။ အဲသလို ဖယ်ရှားပြီးရင် ဒီကုန်လုပ် ပစ္စည်းတွေကို လူ့အဖွဲ့အစည်းပိုင် ပြုလုပ်ပြီး ဒီမိုကရေစီနည်းကျ စီမံကိန်း ထုတ်လုပ်ရေးစနစ်ကို စတင်ထူထောင်ရမယ်။ ဒီလိုနည်းနဲ့ လူ့အဖွဲ့အစည်းရဲ့ အများတကာ့ အများစုကြီး ဖြစ်သော အလုပ်သမား၊ လယ်သမားတွေရဲ့ လိုအပ်ချက်တွေကို ဖြေရှင်းနိုင်မယ်။

ဥပဒေရှေ့မှောက် တန်းတူညီမျှမှု ရရှိရေး ပထမ ခြေလှမ်း အောင်မြင်သွားတဲ့အခါ နောက်ထပ်လုပ်ရမယ့် အလုပ်တွေကို လီနင်က အခုလို ပြောခဲ့တယ် -

“ဒုတိယ ခြေလှမ်းအနေနဲ့ အရေးကြီးဆုံး အလုပ်က မြေယာနဲ့ စက်ရုံ အလုပ်ရုံတွေ ပုဂ္ဂလိက ပိုင်ဆိုင်ခြင်းကို ဖျက်သိမ်းရေးပဲ။ ဒီအဆင့်ကို လုပ်နိုင်မှသာ အမျိုးသမီးတွေ အစစ်အမှန် လွတ်မြောက်ရေးအတွက် လမ်းဖွင့်ပေးနိုင်မယ်။ အမျိုးသမီးတွေ ‘အိမ်တွင်း ကျွန်ဘဝ’ ကနေ လွတ်မြောက်ဖို့ တဦးချင်းအလိုက် အိမ်ထောင်စု ထိန်းသိမ်းရေးကနေ အများနဲ့စုပေါင်း လုပ်ဆောင်ရသော အကြီးစား socialized အိမ်တွင်းရေး ဝန်ဆောင်မှု လုပ်ငန်းတွေအဖြစ် ပြောင်းလဲပစ်ရမယ်။

ဒီအကူးအပြောင်းဟာ ခက်ခဲပါတယ်။ အရိုးစွဲ အမြစ်တွယ်နေပြီဖြစ်တဲ့ အမြင်ကျဉ်းမြောင်းတဲ့ ကြမ်းတမ်းခက်ထန်တဲ့ ‘စနစ်’ (မဖွယ်မရာပြုခြင်း၊ ရိုင်းစိုင်းကြမ်းကြုတ်ခြင်းလို့ ဆိုရင် အမှန်တရားနဲ့ ပိုနီးစပ်ပါလိမ့်မယ်) ကို အသစ်ကနေ ပုံပြန်သွင်းရတာ ဖြစ်လို့ ခက်ခဲပါတယ်။ သို့သော် အပြောင်းအလဲကို အစပြုနိုင်ခဲ့ပါပြီ။ လမ်းကြောင်းအသစ်ပေါ် ခြေချမိပါပြီ။”

(Lenin, ‘International Working Women’s Day, 1921)

အမျိုးသမီးထု လွတ်မြောက်ဖို့ အိမ်တွင်းမှုအလုပ် (housework) ကို အဆုံးသတ်ရပါမယ်။ အိမ်တွင်းမှုအလုပ် ဆိုတာ လီနင် ပြောသလို ပြောရရင် မိန်းမတွေကို “domestic slavery” အဖြစ် ထားရှိခြင်းပဲ။ ဒီတော့ တသီးပုဂ္ဂလ ဖြေရှင်းနည်းတွေ ထုတ်လေ့ရှိတဲ့ လစ်ဘရယ် ဖမ်းမနစ်(စ်)တွေ ပြောသလို အိမ်တွင်းမှုအလုပ်ကို ယောက်ျားဖြစ်သူက တဝက်ဝင်ကူရင် ဒီပြဿနာ ပြေလည်ပြီလား။ ဒါမှမဟုတ် Social Reproduction ‘Theory’ လို့ အော်နေကြတဲ့ ဖမ်းမနစ်(စ်)တွေ ပြောသလို အိမ်တွင်းမှုအလုပ်အတွက် မိန်းမတွေကို လုပ်အားခ ပေးလိုက်ရင် မိန်းမတွေ လွတ်မြောက်ရေးအတွက်ရှေ့တလှမ်း တိုးနိုင်မလား။

မတိုးနိုင်တဲ့အပြင် အမျိုးသမီးထု လွတ်မြောက်ရေး တိုက်ပွဲကို collective struggle ကနေ တသီးပုဂ္ဂလ အိမ်တွင်းမှု ပြဿနာအဖြစ်ပဲ ဆက်ထားသလို ဖြစ်မယ်။ ဒါ့ကြောင့် မာ့(က်စ်)ဝါဒီတွေက အိမ်တွင်းမှုအလုပ်ကို မိန်းမတွေရဲ့ အိမ်တွင်းရေး အလုပ်အဖြစ် သတ်မှတ်ထားတာ ဆန့်ကျင်ရုံသာမက socialized လုပ်ရမယ်လို့ ပြောပါတယ်။ အိမ်တွင်းမှုအလုပ်ကို social-

ized လုပ်ရမယ်လို့ ပြောခြင်းဟာအခိုင်အမာ အလုပ်အနေနဲ့ နေ့ကလေးထိန်းဌာနတွေ (nurseries)၊ မူကြိုကျောင်းတွေ၊ ကွန်မြူနတီ စားဖိုဆောင်တွေ၊ အများပိုင် ဒိုဘီဆိုင်တွေ (public laundries)၊ စသဖြင့်၊ ထူထောင်ပေးရေးလို့ အဓိပ္ပါယ်ထွက်ပါတယ်။

လူတန်းစား လူ့အဖွဲ့အစည်းရယ်လို့ ဖြစ်လာကတည်းက မိန်းမတွေဟာ နှစ်ထောင်ပေါင်းများစွာ အိုးအိမ်နဲ့ ပူးချည်ခံထားရတယ် (literally အိမ်ဆိုတဲ့ ထောင်ထဲ ကျနေခဲ့တယ်)။ အရင်းရှင်စနစ်က အိမ်တွင်း ပိတ်မိနေတဲ့ အမျိုးသမီးတွေကို ကျယ်ပြောတဲ့ လူ့အဖွဲ့အစည်းအတွင်း ထွက်လာအောင် ဆွဲထုတ်တဲ့နေရာမှာ အရေးကြီး အခန်းက ပါဝင်ခဲ့တယ်။ အဲသလို ဆွဲထုတ်လိုက်တဲ့အခါ အမျိုးသမီးထုက လူတန်းစားတိုက်ပွဲထဲ ကိုယ်တိုင်ကိုယ်ကျ ပါဝင်သူတွေ ဖြစ်လာခဲ့တယ်။ ဒါပေမယ့် အရင်းရှင်စနစ်ဟာ အမျိုးသမီးထုကို domestic slavery အိမ်တွင်းကျွန်ဘဝက လွတ်မြောက်အောင် မလုပ်ပေးနိုင်ဘူး။ အရင်းရှင်စနစ်အောက်က အလုပ်သမား အမျိုးသမီးတွေဟာ ဝန်ထုပ် နှစ်မျိုးကို ထမ်းထားရတယ်။ အလုပ်သမားအနေနဲ့ သွေးစုပ်ခံရသလို အမျိုးသမီးအနေနဲ့လဲအဖိနှိပ်ခံရတယ်။

ဖွံ့ဖြိုးပြီး နိုင်ငံတွေမှာတောင် အိမ်တွင်းမှု အလုပ်အများစုကို မိန်းမတွေကပဲ လုပ်နေရတယ်။ ကျားမ အလုပ်ရရှိမှု အချိုးအစား တူညီတဲ့ ဒိန်းမတ်လို နိုင်ငံမျိုးမှာတောင် မိန်းမတွေက ယောကျ်ားတွေထက် အိမ်တွင်းမှု အလုပ် တရက်ကို ပျမ်းမျှ တနာရီ ပိုလုပ်နေရတယ်။ ကလေး မွေးဖွားလိုက်ရပြီဆို အမျိုးသမီးတွေရဲ့ လုပ်ခလစာနဲ့ ပင်စင် ခံစားခွင့်တွေအပေါ် သက်ရောက်မှု ကြီးကြီးမားမား ရှိပါတယ်၊ ဒါတင်မကသေးဘူး။ ယဉ်ကျေးမှုတို့၊ နိုင်ငံရေး အလုပ်တို့လို အိမ်ထောင်ပြင်ပ အရေးကိစ္စတွေမှာ မိန်းမတွေ ပါဝင်နိုင်ခွင့်လဲ အများကြီး ထိခိုက်သွားရတယ်။

ဒါ့ကြောင့် အိမ်တွင်းမှု အလုပ်ဟာ အိမ်ထောင်သည် မိန်းမ တဦးချင်းစီရဲ့ အရေးကိစ္စ မဟုတ်ဘူး။ ရှင်းအောင် ထပ်ပြောရရင် အိမ်တွင်းမှု အလုပ် ဆိုရာမှာ မီးဖိုချောင်အလုပ်၊ အိမ်သန့်ရှင်းရေး အလုပ်တွေကိုပဲ ဆိုလိုတာ မဟုတ်ဘူး၊ ကလေးမီးဖွားရတဲ့ အလုပ်၊ ကလေးတွေကို ထိန်းကျောင်းမွေးမြူရတဲ့ အလုပ်၊ သက်ကြီးရွယ်အို ပြုစုစောင့်ရှောက်ရတဲ့ အလုပ်၊ စသဖြင့် အများကြီး ရှိပါတယ်။ ဒီအလုပ်တွေ အားလုံးကို အရင်းရှင်စနစ်က ပုဂ္ဂလိက အိမ်ထောင် တစုချင်းစီရဲ့




Image : Down with Kitchen Slavery Soviet Poster 1931

တာဝန်၊ အထူးသဖြင့် အိမ်ထောင်သည် အမျိုးသမီး တဦးချင်းစီရဲ့ တာဝန် အဖြစ် သတ်မှတ်ထားတယ်။ ကွန်မြူနစ်တွေက ဒါကို ဆန့်ကျင်ပြီး လူ့အဖွဲ့အစည်းရဲ့ တာဝန်အဖြစ် socialized လုပ်ဖို့ ပြောတယ်။ အဲသလို လုပ်နိုင်မှ အိမ်ထောင်ထဲ ချောင်ထိုးခံထားရတဲ့ မိန်းမတွေဟာ လွတ်လပ်ခွင့် ရမယ်၊ လွတ်လပ်ခွင့် ရမှ လူ့အဖွဲ့အစည်းကို ပဲ့ကိုင် မောင်းနှင်တဲ့ နေရာမှာ တန်းတူရည်တူ ပါဝင်နိုင်မယ်။ ဒီလို လုပ်နိုင်ဖို့ ဆိုရင် လူတန်းစား လူ့အဖွဲ့အစည်းကို မဖြိုဖျက်ဘဲ အရင်းရှင်စနစ် ဘောင်ထဲမှာတင် domestic labor အတွက် လုပ်အားခ

ထုတ်ပေးရုံနဲ့ မဖြစ်နိုင်ဘူး။

ဒါကို နားလည်တဲ့ ဘော်ရှီဗစ်တွေက အမျိုးသမီး လွတ်မြောက်ရေးအတွက် လိုအပ်သော ရုပ်အခြေခံတွေ တည်ဆောက်ခဲ့တယ်။ သို့သော် လမ်းကြောင်းကိုသာ သူတို့ ဖောက်နိုင်ခဲ့ပါတယ်။ ရုရှား တော်လှန်ရေး ရင်ဆိုင်ရတဲ့ ရုပ် အခြေအနေတွေက သူတို့ကို ဆုံးခန်းတိုင် လုပ်ခွင့် မပေးခဲ့ပါ ဘူး။ နောက်ဆုံး စတာလင် ဗျူရိုကရေစီ လက်ထက်မှာ အောက်တိုဘာ တော်လှန်ရေးရဲ့ အသီးအပွင့်တွေ ချေမွဖျက် စီးခံခဲ့ရတယ်။ ဒီအကြောင်း အသေးစိတ်ကို ဒီဆောင်းပါးမှာ ထည့်သွင်း ဆွေးနွေးဖို့ မရည်ရွယ်ပါဘူး။

သချောတာကတော့ အောက်တိုဘာ တော်လှန်ရေးရဲ့ အကျိုးဆက်အနေနဲ့ ရုရှားပြည်က အမျိုးသမီးထုဟာ အများ ကြီး တိုးတက်မှုတွေ ရရှိခဲ့တယ်။ ဒါဟာ ဆိုရှယ်လစ် တော်လှန်ရေးနဲ့ အမျိုးသမီးထု လွတ်မြောက်ရေး တိုက်ပွဲကို သီးခြားစီ ခွဲထုတ်လို့ မရကြောင်း အထင်ရှားဆုံး သက်သေပဲ။ လူတန်းစား လူ့အဖွဲ့အစည်းကို အဆုံးမသတ်ဘဲ ဖိနှိပ်မှုတွေ၊ မညီမျှမှုတွေကို ဖယ်ရှားနိုင်မှာ မဟုတ်ဘူး။ ဒီလို ပြောလို့ ဆိုရှယ်လစ် တော်လှန်ရေး မဖြစ်မချင်း အမျိုးသမီးထု လွတ်မြောက်ရေးအတွက် တိုက်ပွဲမဝင်ဘဲ ထိုင်စောင့်နေရမယ် မဆိုလိုဘူး။

ကွန်မြူနစ်တွေက အမျိုးသမီးထု တိုက်ပွဲကို တော်လှန်ရေးက အလိုလို ဖြေရှင်းသွားမယ့် အရာလို့ သဘောထားပြီး လစ်လျူရှုထားကြတယ်လို့ မှားယွင်းစွာ စွပ်စွဲ တတ်ကြတယ်။ ဒီစွပ်စွဲချက်ဟာ လုံးဝ မမှန်ပါဘူး။ အမျိုးသမီး ထု ဖိနှိပ်ခံရခြင်းကို တော်လှန်ရေးကပဲ အဆုံးသတ်နိုင်မယ်လို့ ကျနော်တို့ ပြောပါတယ်၊ ဒါပေမယ့် ဒီမိုကရက်တစ် အရေးဆို ချက်တွေကို လက်ငင်း တိုက်ပွဲ မဝင်ရဘူးလို့ လုံးဝ မပြောပါ ဘူး။

ကျနော်တို့ ကွန်မြူနစ်တွေက တော်လှန်ရေးကို ငုတ်တုတ် ထိုင်စောင့်နေတာမျိုး မလုပ်ပါဘူး၊ နေ့တစ္ဆဝ တိုက်ပွဲ ထဲ ကိုယ်တိုင်ကိုယ်ကျ ဝင်ပါတယ်။ လီနင် ရှင်းပြခဲ့သလိုပဲ အလုပ်သမားထုဟာ အဲသလို ဒီမိုကရက်တစ် အရေးဆိုချက် တွေ၊ ပြုပြင်ပြောင်းလဲရေး တိုက်ပွဲတွေထဲ ဝင်ပါရင်း နိုးကြား တက်ကြွလာမယ်။ ဒီလို နေ့စဉ် တိုက်ပွဲကို ဖြတ်သန်းရင်း အရင်းရှင် ဒီမိုကရေစီရဲ့ အကန့်အသတ်ကို ရှင်းရှင်းလင်းလင်း သဘောပေါက်လာမယ်။ ကွန်မြူနစ်တွေရဲ့ တာဝန်က အဲဒီလို နေ့တစ္ဆဝ တိုက်ပွဲ အတွေ့အကြုံကို အခြေခံပြီး ခေတ်ပြောင်း တော်လှန်ရေး လိုအပ်ချက်ကို ဖော်ထုတ်ပေးဖို့ပဲ။

ဒ့ါကြောင့် အမျိုးသမီးထုရဲ့ လက်ငင်း ပြဿနာတွေ အပေါ် အခြေခံပြီး ထွက်ပေါ်လာတဲ့ (လိင်ပိုင်းဆိုင်ရာ ထိပါး နှောင့်ယှက်မှု၊ မုဒိမ်းမှု ဆန့်ကျင်ရေး တိုက်ပွဲကစလို့ လုပ်ခလစာ အပြည့်နဲ့ မီးဖွားခွင့်၊ ကိုယ်ဝန်ဖျက်ချခွင့် အပါအဝင်) concrete demand တွေ ကိုင်စွဲပြီး နေ့စဉ်တိုက်ပွဲထဲ ကွန်မြူနစ်တွေ ကိုယ်တိုင်ကိုယ်ကျ ဝင်ပါရမယ်။ ဒီလို ဝင်တိုက်ရင်း အမျိုးသမီး ထုရဲ့ တိုက်ပွဲဝင် တောင်းဆိုချက်တွေဟာ လူတန်းစား ဖိနှိပ်မှု နဲ့ ဘယ်လို ချိတ်ဆက်နေလဲ ဖော်ထုတ်ပေးနိုင်ရမယ်။ အဲဒီလို နည်းနဲ့ အရင်းရှင်စနစ် ဖြိုဖျက်ရေး လိုအပ်ချက်ဟာ ပေါ်လွင် ထင်ရှားလာစေရမယ်။

သူရိန်မွန်

(၁၃ မတ်၊ ၂၀၂၅)

Reference: Marie Frederiksen’s *Lenin, communism and the emancipation of women*

# THE CLASSICS OF MARXISM 1



## MARX
The Communist Manifesto

## ENGELS
Socialism: Utopian & Scientific

## LENIN
The State & Revolution

## TROTSKY
The Transitional Programme

marxistburma.org